# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လကွယ် ၊ အင်္ဂါနေ့ ၊ (24-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၅၅)


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဇွန် ၁၅ ရက်မှ ၂၂ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိ

**နေပြည်တော် ဇွန် ၂၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက် ည ၈ နာရီမှ ဇွန်၂၂ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၉၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။


လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ ဖြစ်ပေါ်နိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၂၃ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၂၄ ရက်မှ ၂၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**နေပြည်တော် ဇွန် ၂၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

စာမျက်နှာ ၂၁ ကော်လံ ၄ ❖

### နယုန်လ စာအလင်္ကာများ ဆောင်းပါး

စာမျက်နှာ- ၂၀

### လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ- ၁၉

### ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ- ၁၆




ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၂၄ ရက်
အယ်ဒီတာ့အာဘော်

# စက်မှုလုပ်ငန်းများ၌ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများမြင့်မားရန်လိုသည်။ စက်မှုလုပ်ငန်းများမြင့်မားရေးအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားရရှိရန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတွင်းရှိ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်မှ ဆိုလာပြားများဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ထုတ်ယူကြရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိခြင်းဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

စက်မှုလုပ်ငန်းများတွင် ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်သော ဆိုလာပြားထုတ်လုပ်ရာတွင် ဆိုလာပြားများသည် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားကို ထုတ်ပေးသော ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်သောကြောင့် ဆိုလာပြားထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်ထုတ်လုပ်သင့်ပေသည်။

**"ပြည်တွင်းမှထုတ်လုပ်ထားသည့် ဆိုလာပြားများကို ပြည်ပမှတင်သွင်းသည့်ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဆိုလာထုတ်လုပ်ခြင်းနည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုသာယာကောင်းမွန်ပြီး နေသာသည့်နေ့ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများတိုးတက်စေရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စတင်ပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားများကို နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများမှတစ်ဆင့် အမြန်ဆုံးရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆိုလာပြားထုတ်လုပ်ခြင်းအတွက် လိုအပ်သည့်ကုန်ကြမ်းများအား ပြည်တွင်း၌ထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန် ၂၁ ရက်တွင် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီလီမိတက် ဆိုလာပြားစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၃၀၀ ကျော်ခန့်သည် အလင်းနှင့်နေရောင်ခြည်ကိုရရှိသည်။ စက်ရုံ၊ အလုပ်ရုံများ၌ ဆိုလာလျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချနိုင်ခြင်းကြောင့် အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးဆောင်ရွက်ကြရန် လိုအပ်ပေသည်။ မြို့ရွာများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဆိုပါက လူနေထိုင်မှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်သည်။ ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိစေမည့်လုပ်ငန်းဖြစ်သည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် စက်မှုကဏ္ဍတိုးတက်ရန်လိုအပ်သည်။ နိုင်ငံသားများလိုအပ်သည့်ကုန်ပစ္စည်းများကို ပြည်တွင်း၌သာ အရည်အသွေးပြည့်ဝစွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းမှုသက်သာကာ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်းစက်မှုလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာ

**မအူပင် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဇွန်လဒုတိယပတ်မှ ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

"စားတော်ပဲက အရင်ထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်း စားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ် လုပ်နေတဲ့ စားတော်ပဲတွေက ဆောင်းကာလ လက်ကျန် ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာ တွေ့ရပါတယ်။ လက်ရှိ ဒေသထွက် စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းလာပါတယ်"ဟု မအူပင်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်တွင် စားတော်ပဲအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါစားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၃ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါး ၁၉၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက်အချိန်မီ ရောက်ရှိဖို့ အသိပညာပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေး တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ကုလားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မအူပင် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုလားကျေးရွာအုပ်စု ကုလားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်က ကုလားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၃၉ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၇ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၃ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၁ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇီးကုန်းမြို့နယ် ခရချောင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရချောင်းကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း မူဘောင်နှင့် လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက စီမံကိန်းရန်ပုံငွေကျပ် ၃၄၆ သိန်းကို ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ခရချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၉၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၄၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အရင်းမပျောက် မတည်ရန်ပုံငွေကျပ် ၃၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၄ လမ်း၊ ၃၅ လမ်း x ၃၆ လမ်းကြားနေ ဒေါ်တင်တင်ရီနှင့် သား၊ သမီး၊ မြေး မိသားစုတို့က ဦးအောင်တင်အား ရည်စူး၍ ဆေးပဒေသာပင် ငွေကျပ် ၁၀၀၀၀၀၀ နှင့် လေအိတ်မွေ့ရာ တစ်ခုတို့ကို လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွဲကျောင်း(တ)ကျေးရွာနှင့် ကျွဲကျောင်း(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦး မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းနေ

**မော်လမြိုင်ကျွန်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇွန်လ ဒုတိယပတ်မှစ၍ ယနေ့ထိ ဒေသထွက် ငါးမြွေထိုးခြောက်များ ဝယ်ယူမှုများပြားနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ဒေသထွက် ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်နှင့် ရန်ကုန်ဈေးကွက်များကပါ ဝယ်ယူမှု များပြားနေကြောင်း သိရသည်။

"အခု ဇွန်လ ဒုတိယပတ်လောက်ကစပြီး ငါးမြွေထိုးခြောက်တွေ အရောင်းသွက်ခဲ့တာပါ။ လက်ရှိတော့ ပုံမှန်ထက် တော်တော်လေးကို အရောင်းသွက်လာတာက ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေကို မှာယူအားကောင်းနေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်း နယ်ပယ်အသီးသီးကသူတွေလဲ အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး အချို၊ အငန်စပ်ပြီး စနစ်တကျအခြောက်လှန်းကာ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ မှ ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေါ်ခင်ခင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အသက်၊ သွေး၊ ချွေးတို့ကို စတေး၍

ချစ်နိုင်(စိတ်ပညာ)

**ယမန်နေ့မှအဆက်**

မည်သို့ပင်ဖြစ်စေ အခါသင့်၍ အခွင့်သာသော တစ်နေ့တွင် ၎င်းမြေအောက်မှရတနာများ မြေပေါ်သို့ ရောက်ရမည်မှာ မလွဲပေ။ ထိုသို့ရောက်ရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြရန်မှာ တို့နိုင်ငံသားအားလုံးတွင် တာဝန်ရှိပေသည်။ အထူးသဖြင့် လက်ရှိအခြေအနေတွင် ထိုသယံဇာတပေါကြွယ်ဝသော အမိနိုင်ငံတော်ကို ချစ်မြတ်နိုးရန်နှင့် ၎င်းသယံဇာတတို့ကို မျက်စိကျနေသော နယ်ချဲ့သမား တိုင်းခြားသားတို့ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်မှာ ကျွန်ုပ်တို့အားလုံး တာဝန်ဖြစ်ပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ သမိုင်းဝင်ဖြစ်ရပ်ကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်ထုတ် **လုပ်သားပြည်သူ့နေ့စဉ်**ပါ မျိုးချစ်သူ၏ဆောင်းပါးက ဖော်ပြလျက်ရှိပေသည်။

"ကျွန်တော်တို့နိုင်ငံသည် သယံဇာတပစ္စည်းပေါများကြွယ်ဝသည်။ လယ်ယာကိုင်းကျွန်း ပေါများ၏။ လုပ်ကွင်းလုပ်ကွက်ကောင်းသည်။ ငွေရှာရလွယ်သည်။ မြန်မာပြည်သားသည် မည်သည့်နိုင်ငံခြားသားကိုမဆို တန်းတူရည်တူထားကာ ပေါင်းသင်းဆက်ဆံကြသည်။ မေတ္တာတရားထားကာ ဖော်ရွေစွာဆက်ဆံကြသည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံသို့ နှစ်စဉ်အလုံးအရင်းဖြင့် ရောက်လာကြသောကုလားများသည် ထောင်လိုက်သောင်းလိုက် မြန်မာနိုင်ငံတွင် နှစ်စဉ်ကျန်ခဲ့ကြခြင်းဖြစ်ပါသည်။ ရန်ကုန်မြို့တော်ကား ထိုစဉ်က ကုလားအများဆုံးနေထိုင်ရာ ဖြစ်ခဲ့သည်။ မည်မျှထိ များပါသနည်းဟူမူ ၁၉၂၁ ခုနှစ် သန်းခေါင်စာရင်းအရ ရန်ကုန်မြို့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ ကုလားများဖြစ်ကြပြီး ၁၉၃၀ ပြည့်နှစ် သန်းခေါင်စာရင်းအရ ၅၃ ရာခိုင်နှုန်းမှာ ကုလားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးရှိ ကုလားအားလုံးပေါင်း၏ ငါးပုံတစ်ပုံမှာ ရန်ကုန်မြို့တွင် နေထိုင်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ်ထိ ရန်ကုန်မြို့သည် ကုလားများကြီးစိုးသောမြို့တော် ဖြစ်ခဲ့ဖူးပေသည်"။

တို့နိုင်ငံတော်နှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ် ဇွန် ၂၂ ရက်ထုတ် **လုပ်သားပြည်သူ့နေ့စဉ်**ပါ စိမ်းမြရည်၏ 'ကျွန်မတို့ချစ်တဲ့ မြန်မာပြည်' ဆောင်းပါးတွင် အားမာန်အပြည့် ကြွေးကြော်ထားသည်မှာလည်း နိုင်ငံတော်အတွက် အားတက်ရပေသည်။

"ကျွန်မတို့မှာ ကျယ်ပြန့်တဲ့ မြေနိမ့်လွင်ပြင်၊ မြင့်မားတဲ့ တောင်ကုန်းတောင်တန်း၊ ဒီလွင်ပြင် ဒီတောင်တန်းပေါ်မှာရှိတဲ့ ဩဇာအနှစ် အပြည့်အဝရှိတဲ့ဒီမြေကို ကျွန်မတို့ပိုင်ဆိုင်ပါတယ်။ မြောက်ဖျားကနေ တောင်ဖျားအထိ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ကြီးလေးသွယ်နဲ့မြစ်ငယ်၊ ချောင်း၊ မြောင်း၊ အင်းအိုင် အပေါင်းအစု သယံဇာတပေါကြွယ်ဝလှတဲ့ မြန်မာ့ရေမြေ တောတောင်တို့ကိုလည်း ကျွန်မတို့ပိုင်ဆိုင်ပါတယ်။ ဆန်စပါး၊ ငရုတ်၊ ကြက်သွန်၊ ပြောင်း၊ နှမ်း၊ ဆေး၊ ဝါ၊ ဂုန်လျှော်မကျန်အောင် ပေါများကြွယ်ဝတဲ့ သဘာဝသစ်ပင်ပန်းမန်၊ ရေမြေတောတောင်တို့ရဲ့ ပန်းချီရေးလို့မမီအောင် သဘာဝအလှအပတွေနဲ့ ခြယ်သထားတဲ့ ကြည်ညိုဖွယ်ရာ ဘုရားပုထိုး ဖူးလို့မကုန်အောင် တည်ရှိနေတဲ့တိုင်းပြည်ဟာ ကျွန်မတို့ရဲ့ မြန်မာပြည်ဖြစ်ပါတယ်။ စိတ်ရင်းစေတနာဖြူစင်တဲ့၊ ရိုးသားဖြောင့်မတ်တဲ့၊ ကြီးသူကိုရိုသေ၊ ငယ်သူကိုသနား၊ ရွယ်တူကို ထောက်ထားဆိုတဲ့ စိတ်ဓာတ်ရှိတဲ့၊ ချစ်ခြင်းဆိုတဲ့ မေတ္တာ၊ ညှာတာထောက်ထား သနားခြင်းဆိုတဲ့ ကရုဏာ၊ သူတစ်ပါးရဲ့အပြစ်ကို ခွင့်လွှတ်တတ်ခြင်းဆိုတဲ့ ဥပေက္ခာ၊ သူတစ်ပါးရဲ့အောင်မြင်မှုကို မိမိကဲ့သို့ ထပ်တူခံစားခြင်းဆိုတဲ့ မုဒိတာတရားတွေနဲ့ နေထိုင်တတ်တဲ့၊ ကျင့်ကြံအားထုတ်တတ်တဲ့ လူမျိုးဟာ ကျွန်မတို့ တိုင်းရင်းသားတွေ စုပေါင်းထားတဲ့ မြန်မာလူမျိုးပဲဖြစ်ပါတယ်။ ဒီပြည်ဟာ ကျွန်မတို့ပြည်ဖြစ်ပါတယ်။ ဒီမြေဟာ ကျွန်မတို့မြေဖြစ်ပါတယ်။ ဒီလူမျိုးဟာ ကျွန်မတို့ လူမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီပြည်၊ ဒီမြေ၊ ဒီလူမျိုးကို ကျွန်မတို့မှ မချစ်ရင် ဘယ်သူချစ်မှာလဲ။ ကျွန်မတို့မှမမြတ်နိုးရင် ဘယ်သူ မြတ်နိုးမှာလဲ။ ကျွန်မတို့မှ တန်ဖိုးမထားရင် ဘယ်သူတန်ဖိုးထားမှာလဲ။ ကျွန်မတို့မှမလေးစားရင် ဘယ်သူလေးစားမှာလဲ။ ကျွန်မတို့မှ မကာကွယ်ရင် ဘယ်သူက ကာကွယ်မှာလဲ။ ဒီပြည်ရဲ့တည်တံ့ခိုင်မြဲမှုကို ကျွန်မတို့မှ လက်ဆင့်ကမ်းမသယ်ရင် ဘယ်သူကလာပြီး လက်ဆင့်ကမ်းသယ်မှာလဲ"ဟု ကြွေးကြော်လှုံ့ဆော်ထားသည်မှာလည်း ကြက်သီးထဖွယ်၊ အားတက်ဖွယ် ကောင်းလှပေသည်။

**❖အမေရိကန်တို့ကမူ မြန်မာနိုင်ငံကို သူတို့ပြည်နယ် ၅၁ ခု အနက် ဒုတိယအကြီးဆုံးဖြစ်သော တက္ကဆက်ပြည်နယ် (ဧရိယာ ၂၆၆၈၀၇) နှင့် နှိုင်းယှဉ်လေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ တို့နိုင်ငံတော် ၏ အရှေ့နှင့်အနောက်တွင် ဧရိယာစတုရန်းမိုင် သန်းချီရှိသော နိုင်ငံကြီးများရှိနေသည်။ ၎င်းနိုင်ငံတို့နှင့်လည်း တို့နိုင်ငံသည် နှစ်ပေါင်းများစွာ ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်၊ ကျီးကိုဘုတ်ရိုသေ၊ ဘုတ်ကိုကျီးရိုသေသဘော ယှဉ်တွဲနေထိုင်ခဲ့ကြသည်။ တိုင်းပြည်ဧရိယာ ငယ်ရန်ကောဟု စိုးရိမ်သောကမရှိခဲ့။ သတ္တိ၊ ဇွဲ၊ မျိုးချစ်စိတ်ဓာတ်မာန်အပြည့်ဖြင့် ကြံ့ကြံ့ခိုင်တည်ရှိလာခဲ့ပေသည်။ ❖**

တို့နိုင်ငံတော်သည် တို့အားလုံးပိုင်ဖြစ်၍ တို့အားလုံးစုပေါင်းတာဝန်ယူရမည်ဖြစ်ကြောင်းကိုလည်း ၁၉၈၉ ခုနှစ် ဩဂုတ် ၁၇ ရက်ထုတ် **လုပ်သားပြည်သူ့နေ့စဉ်** သတင်းစာတွင် ဆောင်းပါးရှင် **မောင်သွေးသန့်**က အောက်ပါအတိုင်း ရေးသားတင်ပြခဲ့ပေသေးသည်။

"အမိမြေသည် ဘိုးဘွားတို့က နောင်လာနောက်သားတို့အတွက် အမွေပေးခဲ့သည့် ပစ္စည်းအမွေ၊ သမိုင်းအမွေ၊ ယဉ်ကျေးမှုအမွေအနှစ်များကို တာဝန်ကြီးစွာဖြင့် စောင့်ရှောက်ပေးလျက်ရှိသည်။ အမိမြေ၏ မြေပေါ်မြေအောက် အဖိုးတန်သယံဇာတအမွေအနှစ်ပစ္စည်းတို့သည် တစ်ဦးပိုင်မဟုတ်၊ တစ်စုပိုင်မဟုတ်၊ တစ်ဖွဲ့ပိုင်မဟုတ်။ အမိမြေ၏ သားရင်း၊ သမီးရင်းအားလုံး အမွေဆိုင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး၏ အမွေဆိုင်ပစ္စည်းကို အလစ်သုတ်အပိုင်စီးလိုသည့် တိုင်းတစ်ပါးမှ လောဘသားများကား အကွက်ချကြံစည်ချောင်းမြောင်းလျက်ရှိပေသည်။ အတွင်းလူက သစ္စာမဲ့စွာဖြင့် တံခါးမဖွင့်ပေးလျှင် ထိုပြင်ပလောဘသား ဒုစရိုက်သမားများ အမိမြေ၏ ပိုင်နက်အတွင်း ဝင်လာနိုင်ဖွယ်ရာမရှိပေ။ ထို့ကြောင့်ပင် အမိမြေ၏ သားကောင်းသမီးကောင်းအားလုံးအနေဖြင့် အမိမြေကို ကာကွယ်ရမည်။ စောင့်ရှောက်ရမည်။ လမ်းလွဲနေသော ညီနောင်များကို အစွမ်းကုန် သဘောထားကြီးစွာဖြင့် ပြုပြင်ဖျောင်းဖျရမည်"ဟူ၍ မောင်သွေးသန့်က တပ်လှန့်ခဲ့ပေသည်။

အမေရိကန်တို့ကမူ မြန်မာနိုင်ငံကို သူတို့ပြည်နယ် ၅၁ ခုအနက် ဒုတိယအကြီးဆုံးဖြစ်သော တက္ကဆက်ပြည်နယ် (ဧရိယာ ၂၆၆၈၀၇)နှင့် နှိုင်းယှဉ်လေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ တို့နိုင်ငံတော်၏ အရှေ့နှင့်အနောက်တွင် ဧရိယာစတုရန်းမိုင် သန်းချီရှိသော နိုင်ငံကြီးများရှိနေသည်။ ၎င်းနိုင်ငံတို့နှင့်လည်း တို့နိုင်ငံသည် နှစ်ပေါင်းများစွာ ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်၊ ကျီးကိုဘုတ်ရိုသေ၊ ဘုတ်ကိုကျီးရိုသေသဘော ယှဉ်တွဲနေထိုင်ခဲ့ကြသည်။ တိုင်းပြည်ဧရိယာ ငယ်ရန်ကောဟု စိုးရိမ်သောကမရှိခဲ့။ သတ္တိ၊ ဇွဲ၊ မျိုးချစ်စိတ် ဓာတ်မာန်အပြည့်ဖြင့် ကြံ့ကြံ့ခိုင်တည်ရှိလာခဲ့ပေသည်။

တို့နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လူဦးရေမှာ နိမ့်ပါးသေးသည်။ သို့သော် ပူစရာမလို။ တို့နိုင်ငံတော်၏လူဦးရေသိပ်သည်းမှုပမာဏမှာ တစ်စတုရန်းမိုင်လျှင် ၁၅၂ ယောက်ဖြစ်၍ ဆတက်ထမ်းပိုး တိုးလာမည့် လူဦးရေကို လက်ခံနိုင်သော အနေအထားတွင်ရှိသည်။ လူဦးရေသိပ်သည်းမှုပမာဏများကို ဇယား(၁)တွင် ဖော်ပြထားရာ ဘင်္ဂလားဒေ့ရှ်တွင် ၂၀၂၈၊ အိန္ဒိယတွင် ၆၅၈၊ တရုတ်တွင် ၂၈၈၊ ထိုင်းတွင် ၂၇၇ အသီးသီးဖြစ်ကြရာ တို့နိုင်ငံတော်၏ သိပ်သည်းမှု ၁၅၂ မှာ ပြောပစရာမဟုတ်ပေ။ ယောကျ်ားများ ခားသွေး၍ မိန်းမများ သားမွေးဖို့ အားပေးရပေဦးမည်။ တစ်ချိန်တည်းတွင်ပင် တိုးတက်လာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကိုလည်း မျက်ခြည်ပြတ်ခံ၍မဖြစ်သေးပေ။

**တို့နိုင်ငံတော်**

တို့နိုင်ငံတော်၏မြေသည် ကျယ်ပြော၍ ဩဇာအဆီအနှစ် ပြည့်ဝပေသည်။ ထို့ကြောင့်ပင် အနောက်တိုင်းသား နယ်ချဲ့သမိုင်းဆရာ ဂျီ၊ အီး၊ ဟာဗေး (G.E. Harvey) ကပင် မြန်မာလူမျိုးကို မကြည်ဖြူသော်ငြားလည်း မြန်မာ့မြေကိုကား မချီးကျူးဘဲ မနေနိုင်ခဲ့ပေ။ ထိုအကြောင်းကို စာရေးဆရာ၊ သတင်းစာဆရာ၊ ဂျာနယ်ကျော် ဦးချစ်မောင်က သူ၏**နေ့စဉ်မှတ်တမ်း၌** (တန်ဆောင်မုန်းလဆုတ် ၁၅ ရက်၊ သောကြာနေ့စွဲ) ဖြင့် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

မြန်မာ့မြေကြီးနှင့်ပတ်သက်၍ အင်္ဂလိပ်လူမျိုး ရာဇဝင်ဆရာ ဂျီ၊ အီး၊ ဟာဗေး သုံးနှုန်းသွားသော စကားလုံးတစ်ခုကို သွားပြီးသတိရမိသေးသည်။ မြန်မာလူမျိုးများ အလုပ်လုပ်ရန် ပျင်းရိခြင်းနှင့် စပ်လျဉ်း၍ အကြောင်းအကျိုး စိစစ်ဝေဖန်ရာဝယ် ဂျီ၊ အီး၊ ဟာဗေးက မြန်မာပြည်၏ ရာသီဥတုမှာ နေ့လယ်နေ့ခင်းဘက်တွင် အလွန်အမင်း ပူပြင်းလှသည်ဖြစ်၍ နေ့လယ်တွင် မည်သူမျှ အလုပ်မလုပ်နိုင်ကြကြောင်း၊ ထို့ပြင် မြန်မာပြည်၏မြေဩဇာမှာ အဘယ်မျှကောင်းနေသနည်းဟူမူ မြေကြီးကိုထယ်ဖြင့် ကလိလိုက်ရုံဖြင့် မြေကြီးမှာ အသီးအနှံဖြင့် ပွင့်ပေါက်ပြုံးရယ်လျက်ရှိနေရကား မြန်မာလူမျိုးတို့မှာ ကြိုးစားလုပ်ကိုင်နေရန် မလိုတော့ကြောင်းဖြင့် ဆိုသွားလေသည်။ ဤစကားမှန်သည်။ မှန်ရုံသာလောမဟုတ်သေး။ စကားအသုံးလည်း လှလေသေးသည်။ လူကို လက်ဖြင့် ကလိထိုးလျှင် ရယ်သံတစ်ခါတည်း ထွက်ပေါ်လာ၏။ ထိုနည်းတူ မြန်မာ့မြေကြီးကို ထယ်ဖြင့်တစ်ချက်ကလိလိုက်လျှင် အသီးအနှံတည်းဟူသော ရယ်သံမှာ တစ်ချက်တည်း ထွက်ပေါ်လာလေသည်။ ၎င်း၏ စကားအရင်းအတိုင်း အသုံးအနှုန်းမှာ (The land ticked with a hoe, laughs with a harvest) ဟူ၍ဖြစ်သည်။ ဤရွှေဤမျှ အဖိုးတန်လှသော၊ တို့ဘိုးဘွားတို့၏ အမွေအစစ်ဖြစ်သော ဤမြေကို တို့တစ်တွေ ချစ်ရပေမည်။ နယ်ချဲ့နှင့်သူ၏ လက်ပါးစေပုဆိန်ရိုးတို့ လက်ဝယ်သို့ ပါမသွားစေရေးအတွက်လည်း အသက်၊ သွေး၊ ချွေးကို စတေး၍ တို့တစ်တွေ ကာကွယ်ထိန်းသိမ်းရပေမည်။

တို့နိုင်ငံတော်နှင့်ပတ်သက်၍ 'မြေချစ်စိတ်၊ ပြည်ချစ်စိတ်' တဖွားဖွား တက်ကြွစေရန် လှုံ့ဆော်နိုင်စွမ်းရှိသော ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် **မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြေညာစာတမ်း**ကြီးမှ အပိုဒ်တစ်ပိုဒ်ကို ကောက်နုတ်တင်ပြရင်း ဤအခန်း (၁) ကို နိဂုံးချုပ်လိုပေသည်။

"ဤ ငါတို့ မြန်မာနိုင်ငံတော်ကြီးသည် လိုရာမတပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေမြတ်လည်းဖြစ်၏။ မွန်မြတ်သန့်စင်သော တရားထူးတရားမြတ်တို့တည်ရာ မြေကောင်းမြေမြတ်လည်းမှန်၏။ မြေတွင်းမြေပြင် အထူးထူးသော ရတနာအပေါင်းတို့နှင့် ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ ဆွတ်ယူစားသုံး ကမ္ဘာဆုံးသော်လည်း မသုံးမကုန်နိုင်သော ပဒေသာစစ်အနှစ်သာရ ကြွယ်ဝပြည့်စုံသော မြေလည်းဖြစ်၏။ ဘူမိနက်သန်၊ မှန်လှထူးချွန်၊ ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ စသည်ဖြင့် တစ်သွေးတစ်သားစီးပွားရေးဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်း ထောင်ရာသချ်ေပွားရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး၊ ရှေးပဝေသဏီမှ စ၍ တညီတညွတ်၊ တစည်းတရုံး လွတ်လပ်သော လူမျိုးအဖြစ် တည်ခဲ့ကြသည်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ ထို့နောက် မန္တလေးအထိ ငါတို့၏လွတ်လပ်ရေးသည် နေရောင်လဝါ ပမာကဲ့သို့ တဖြာတဝင်းဝင်း ကမ္ဘာချည်းအောင် ထွန်းလင်းခဲ့ပေ၏"။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၃၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၀၉၅ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ပဲစင်းငုံဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်းရှိ ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရွက်ဖျန်းမြေဩဇာ ဝယ်ယူမှုသက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပြီး ယူရီးယားနှင့် လက်ချား ဓာတ်မြေဩဇာ ပေါင်းစပ် သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ် သက်သာကာ အပင်များ ပိုးမွှားကင်းစင်၊ အပင်ဖြစ်ထွန်းမှု ကောင်းကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဖျာပုံမြို့နယ် ဆိပ်မ(အနောက်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဖျာပုံ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆိပ်မကျေးရွာအုပ်စု ဆိပ်မ(အနောက်)ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း( VDP) အကောင်အထည်ဖော်ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဆိပ်မ(အနောက်)ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများအသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးထံမှ သိရသည်။

နွဲ့ယဉ်

## လူထဲက လူများ

\- အလိုက်မတူ
အမှိုက်လိုလူသား၊
ဝန်းကျင်ကို အကျိုးမပေး
ဝေးဝေးရှောင်ရှား။

\- အသွင်မတူ
အိမ်ဆူသည့် လူသား၊
သူလိုလူ အိမ်အတွက်
မခက်ပေလား။

\- အမြင်မတူ
ရွာဆူသည့် လူသား၊
ကိုယ့်ရပ်ရွာ ကောင်းစားရေးကို
အလေးမထား။

\- အတွေးမတူ
အပေးအယူ လူသား၊
လောကကို ကောင်းကျိုးပေးဖို့
ဝန်လေးသူများ။

\- အသွင်စရိုက်တို့ တူညီနေ
ဉာဏ်ဇမ္ဗူမြေ အေးချမ်းလို့
အပြုံးပန်းဝေ၊
လူသားအကျိုး ရှေးရှုလေ
ကောင်းမှုတွေ နှစ်ဆပွား၊
တို့တိုင်းပြည် ရတနာအစစ်မို့
ချစ်ဖွယ့်လူသား။ ။

မောင်လူစိုး


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# ထိုင်းနိုင်ငံမှ လောင်စာဆီဝယ်ယူတင်သွင်းမှုရပ်ဆိုင်းမည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်ပြောကြား

**ဖနွမ်းပင် ဇွန် ၂၃**

အိမ်နီးချင်း ထိုင်းနိုင်ငံမှ လောင်စာဆီ ဝယ်ယူတင်သွင်းမှု အားလုံးရပ်ဆိုင်းမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ဇွန် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

နယ်စပ်အငြင်းပွားမှုပြဿနာတစ်ရပ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တင်းမာနေချိန်တွင် ထိုင်းနိုင်ငံမှ လောင်စာဆီ ဝယ်ယူတင်သွင်းမှုများ ရပ်ဆိုင်းမည့်အစီအစဉ်ကို ကမ္ဘောဒီးယားဝန်ကြီးချုပ်က ကြေညာထားသည်။

မေ ၂၈ ရက်က ပိုင်ဆိုင်ခွင့်အငြင်းပွား နယ်စပ်တစ်နေရာ၌ ထိုင်းနှင့်ကမ္ဘောဒီးယား တပ်ဖွဲ့ဝင်များကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရပြီးနောက် ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံဆက်ဆံရေးစတင်တင်းမာခဲ့ရသည်။

ဇွန် ၂၂ ရက် ညသန်းခေါင်ယံမှစ၍ ထိုင်းနိုင်ငံမှလောင်စာဆီနှင့် ဓာတ်ငွေ့ဝယ်ယူ တင်သွင်းမှုမှန်သမျှကို စတင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က လူမှုမီဒီယာစာမျက်နှာပေါ်၌ ရေးသားထားသည်။

ကမ္ဘောဒီးယားစွမ်းအင်ကုမ္ပဏီများအနေဖြင့် ပြည်တွင်းစွမ်းအင်ဈေးကွက်အတွက် အခြားနေရာများမှ စွမ်းအင်များကို အလုံအလောက် ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောကြားထားသည်။

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံက ထိုင်းနိုင်ငံမှဝယ်ယူတင်သွင်းခဲ့သည့် ထုတ်ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံထိရှိခဲ့ရာ ၂၇ ရာခိုင်နှုန်းကို လောင်စာဆီများဝယ်ယူတင်သွင်းရေးအတွက် သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# နေတိုးထိပ်သီးညီလာခံတက်မည့်အစီအစဉ် ဂျပန်ဝန်ကြီးချုပ်အီရှီဘာ ဖျက်သိမ်း

**တိုကျို ဇွန် ၂၃**

နယ်သာလန်နိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း ကျင်းပမည့် မြောက်အတ္တလန်တစ် စာချုပ်အဖွဲ့ (နေတိုး)ထိပ်သီးညီလာခံ တက်ရောက်မည့်အစီအစဉ်ကို ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ဖျက်သိမ်းထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

နေတိုးထိပ်သီးညီလာခံ၌ နေတိုးအဖွဲ့နှင့် အင်ဒို-ပစိဖိတ် လေးနိုင်ငံအုပ်စု(အိုင်ပီ-၄)တို့ကြား သီးခြားဆွေးနွေးပွဲ ဖြစ်မြောက်နိုင်မှုမရှိခြင်းကြောင့် နေတိုးထိပ်သီးညီလာခံတက်ရောက်ရေးအစီအစဉ်ကိုဖျက်သိမ်းရန် ဝန်ကြီးချုပ် အီရှီဘာက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒို-ပစိဖိတ် လေးနိုင်ငံအုပ်စုတွင် ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ပါဝင်သည်။

ယခုနှစ် နေတိုးထိပ်သီးညီလာခံသို့တက်ရောက်မည့် အစီအစဉ်ကို တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်ခေါင်းဆောင်များကလည်း ဖျက်သိမ်းထားသည်။

ဂျပန်ခေါင်းဆောင်များသည် ပုံမှန်အားဖြင့် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှစ၍ နေတိုးထိပ်သီးညီလာခံများ၌ ပုံမှန်ပါဝင်ခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို ၂၀၂၂ ခုနှစ်တွင် စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက် နေတိုးအဖွဲ့သည် ဂျပန်နိုင်ငံကို နေတိုးညီလာခံသို့ ပုံမှန်ဖိတ်ကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီ ရုရှားနိုင်ငံ မော်စကိုမြို့သို့ရောက်ရှိ



**တီဟီရန် ဇွန် ၂၃**

အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ယနေ့တွင် မော်စကိုမြို့သို့ရောက်ရှိနေသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးသည် ယနေ့မှာပင် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နျူကလီးယားအဆောက်အအုံများကို အမေရိကန်နိုင်ငံက စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီး ၄၈ နာရီအကြာတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီ ရုရှားနိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်သည်။

အီရန်နိုင်ငံအား အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က စစ်ရေးအရ တိုက်ခိုက်မှုကို ရုရှားနိုင်ငံက ရှုတ်ချထားသည်။

ရုရှားနိုင်ငံခရီးစဉ်အတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် ရုရှားသမ္မတပူတင်အပြင် အခြားရုရှားထိပ်တန်းခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် အီရန်နိုင်ငံတို့သည် မဟာဗျူဟာမြောက် ဘက်စုံမိတ်ဖက် ဆက်ဆံရေးရှိထားသောနိုင်ငံများဖြစ်ကြသည်။

**Ref : RT**
**Trs : KKO**

# ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ရန် အီရန်လွှတ်တော် မဲခွဲအတည်ပြု

**တီဟီရန် ဇွန် ၂၃**

အမေရိကန်နိုင်ငံ၏ စစ်ရေးအရ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ရေးကို အီရန်လွှတ်တော်က မဲခွဲအတည်ပြုခဲ့ကြောင်း ဇွန် ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လွှတ်တော်၏အတည်ပြုချက်ရရှိပြီးနောက် ဟော်မုဇ်ရေလက်ကြားအားပိတ်ထားရန် သင့်၊ မသင့်ကို အီရန်အမျိုးသားလုံခြုံရေးကောင်စီက အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း အီရန်အစိုးရသတင်းဌာနများက သတင်းထုတ်ပြန်ထားသည်။

အိုမန်ပင်လယ်ကွေ့နှင့် ပါရှန်ပင်လယ်ကွေ့တို့ကို ချိတ်ဆက်ပေးထားသည့် ဟော်မုဇ်ရေလက်ကြားကို အီရန်နိုင်ငံက ပိတ်ဆို့ခဲ့ပါက ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း နေ့စဉ်သယ်ယူပို့ဆောင်နေသည့် ရေနံပမာဏအနက် ၂၀ ရာခိုင်နှုန်းခန့်မှာ ဟော်မုဇ်ရေလက်ကြားကိုဖြတ်သန်းနေကြရသည်။

ဟော်မုဇ်ရေလက်ကြားသည် အကျဉ်းဆုံးနေရာ၌ ၂၁ မိုင်ရှိပြီး သင်္ဘောများအတွက် သတ်မှတ်ရေလမ်းကြောင်းများ အကျယ်မှာ နှစ်မိုင်ခန့်သာရှိသည်။

ဟော်မုဇ်ရေလက်ကြားကို မပိတ်ရေးအတွက် အီရန်ကိုတားဆီးရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ဇွန် ၂၂ ရက်တွင် တရုတ်နိုင်ငံကို တိုက်တွန်းထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဝါရင့်လွှတ်တော်အမတ် အန်ဂျူဘက်ခ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် တောင်ကိုရီးယားခန့်အပ်

**ဆိုးလ် ဇွန် ၂၃**

နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံးအရပ်သားကာကွယ်ရေးဝန်ကြီးကိုတောင်ကိုရီးယားအစိုးရက ယနေ့တွင် ခန့်အပ်ခဲ့ကြောင်း သိရသည်။



စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန်ကြိုးစားမှုဖြင့် သမ္မတဟောင်း ယွန်းဆွတ်ယိုးရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် တောင်ကိုရီးယားအစိုးရက ကာကွယ်ရေးဝန်ကြီးနေရာအတွက် အရပ်သားတစ်ဦးကို ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတလီဂျေးမြောင်သည် ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ဝါရင့်လွှတ်တော်အမတ် အန်ဂျူဘက်ခ်ကို ရွေးချယ်ခန့်အပ်ခဲ့သည်။

လွှတ်တော်အမတ် အန်ဂျူဘက်ခ်သည် နှစ်ပေါင်း ၆၄ နှစ်တာကာလအတွင်း ပထမဆုံးအရပ်သားကာကွယ်ရေးဝန်ကြီးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ရှေးယခင် တောင်ကိုရီးယားလစ်ဘရယ် အစိုးရများသည် ကာကွယ်ရေး ဝန်ကြီးနေရာ၌ အရပ်သားများကို ခန့်အပ်ရန် ကြိုးပမ်းခဲ့ဖူးသော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတလီဂျေးမြောင်သည် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကတိပြုထားသူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Rocket Lab ကုမ္ပဏီက အမျိုးအမည်မသိ လျှို့ဝှက်ဂြိုဟ်တုတစ်စင်း လွှတ်တင်ရေးအစီအစဉ်ကို ရာသီဥတုအခြေအနေကြောင့် ဆိုင်းငံ့ထားရ



**ဝါရှင်တန် ဇွန် ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် အမျိုးအမည်မသိ လျှို့ဝှက်ဂြိုဟ်တုတစ်စင်း လွှတ်တင်ရေးအစီအစဉ်ကို ရာသီဥတုအခြေအနေကြောင့် ဆိုင်းငံ့ထားရကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် မူလက အဆိုပါဂြိုဟ်တုကို ဇွန် ၂၁ ရက် အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားသည်။

သို့ရာတွင် ဂြိုဟ်တုလွှတ်တင်ရေးစခန်းရှိရာနယ်မြေ၌ လေတိုက်နှုန်းပြင်းထန်မှုကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဂြိုဟ်တုကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်နေ့ကို Rocket Lab ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပါက အီလက်ထရွန်ဒုံးပျံသည် ၎င်းလျှို့ဝှက်ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၆၅၀ (၄၀၄ မိုင်)အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အထက်ပါ လျှို့ဝှက်ဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်အတွက် ကိုးကြိမ်မြောက်မစ်ရှင်ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၆၇ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက ပုဂ္ဂလိကအာကာသယာဉ်မှူး ခြောက်ဦးလိုက်ပါမည့် New Shepard ဒုံးပျံယာဉ်လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရ

**ဝါရှင်တန် ဇွန် ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသယာဉ်မှူး ခြောက်ဦး လိုက်ပါမည့် New Shepard ဒုံးပျံယာဉ် လွှတ်တင်ရေးအစီအစဉ်ကို လေပြင်းတိုက်ခတ်နေမှုကြောင့် ဆိုင်းငံ့ထားရကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် မူလက အဆိုပါ New Shepard ဒုံးပျံယာဉ်ကို ဇွန် ၂၂ ရက်တွင် အနောက်တက္ကဆက်ဒေသမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် အနောက်တက္ကဆက်ဒေသ ဘလူးအော်ရီဂျင်ကုမ္ပဏီ လွှတ်တင်ရေးစခန်း နယ်မြေ၌ လေပြင်း တိုက်ခတ်နေမှုကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရသည်ဟု ဘလူးအော်ရီဂျင် ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီအနေဖြင့် အဆိုပါ New Shepard ဒုံးပျံယာဉ်ကို လွှတ်တင်ရန် ဇွန် ၂၃ ရက်တွင် ထပ်မံကြိုးစားဖွယ်ရှိသည်။

NS-33 ဟူ၍အမည်ပေးထားသော အဆိုပါမစ်ရှင်သည် New Shepard ဒုံးပျံများ၏ ၃၃ ကြိမ်မြောက် မစ်ရှင်ဖြစ်သည်။



NS-33 မစ်ရှင်သည် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်အတွက် စတုတ္ထမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## ဆိုက်ခ်ီအာကာသယာဉ်၏ ဒုံးကန်အားစနစ်များ အပြည့်အဝပြန်လည် လည်ပတ်နိုင်ပြီဖြစ်

**ဝါရှင်တန် ဇွန် ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆိုက်ခ်ီအာကာသယာဉ်၏ ဒုံးကန်အားစနစ်များ အပြည့်အဝပြန်လည် လည်ပတ်နိုင်ပြီဖြစ်ကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။



ဆိုက်ခ်ီ အာကာသယာဉ်သည် ၂၀၂၅ ခုနှစ် ဧပြီလမှစ၍ ဒုံးကန်အားစနစ်များ ရုတ်တရက်ရပ်တန့်မှုပြဿနာနှင့်ရင်ဆိုင်ခဲ့ရသည်။

လက်ရှိအချိန်တွင် နာဆာအင်ဂျင်နီယာများက ဆိုက်ခ်ီ အာကာသယာဉ်၏ဒုံးကန်အားစနစ်ကို အပြည့်အဝ ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဒုံးကန်အားစနစ် အပြည့်အဝ ပြန်လည် လည်ပတ်နိုင်ခဲ့မှုကြောင့် ဆိုက်ခ်ီ အာကာသယာဉ်အနေဖြင့် ဆိုက်ခ်ီ သတ္တုဂြိုဟ်သိမ်ဆီသို့ သတ်မှတ်ထားသည့် အချိန်ကာလအတိုင်း ဆက်လက်ပျံသန်းနိုင်ပြီဖြစ်ကြောင်း၊ နာဆာအဖွဲ့သည် ဆိုက်ခ်ီအမည်ရှိ ထူးဆန်းသောဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် ဆိုက်ခ်ီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်း အာကာသယာဉ်သည် ၂၀၂၉ ခုနှစ် ဩဂုတ်လတွင် ဆိုက်ခ်ီဂြိုဟ်သိမ်ဆီသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## မှိုတစ်မျိုးတွင်ပါသော ဓာတုဒြပ်ပေါင်းတစ်မျိုးက ကင်ဆာလူနာများ၏ စိတ်ကျဝေဒနာကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၂၃**

ပဉ္စလက်မှို (Magic Mush-room) ခေါ် မှိုတစ်မျိုးတွင်ပါရှိသည့် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် ကင်ဆာရောဂါလူနာများ ခံစားနေရသည့် စိတ်ကျဝေဒနာကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပဉ္စလက်မှိုတွင်ပါဝင်သည့် ဆီလိုဆိုင်ဘင်း(Psilocybin) ဓာတုဒြပ်ပေါင်းသည်တစ်ကြိမ်တိုက်ကျွေးရုံနှင့်ပင် ကင်ဆာလူနာများ၏စိတ်ကျဝေဒနာကို ထိရောက်စွာ လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဒုတိယအဆင့် လက်တွေ့စမ်းသပ်မှုအဖြစ် ကင်ဆာလူနာ ၂၈ ဦးတို့ကို ဆီလိုဆိုင်ဘင်း ဓာတုဒြပ်ပေါင်း ၂၅ မီလီဂရမ်စီ တိုက်ကျွေး၍ စောင့်ကြည့်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ စမ်းသပ်မှုတွင် ပါဝင်သည့် ကင်ဆာလူနာများ အနက် ထက်ဝက်ခန့်တွင် စိတ်ကျရောဂါလက္ခဏာများ သိသိသာသာ လျော့ပါးသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် စမ်းသပ်မှုတွင် ပါဝင်သူလူနာများအနက် ၄၃ ရာခိုင်နှုန်းတွင်လည်း စိုးရိမ်သောကဝေဒနာ သိသိသာသာ ကျဆင်းသွားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Liraglutide ဆီးချိုရောဂါဆေးတစ်မျိုးက ခေါင်းကိုက်ရောဂါကုသရာတွင် အထောက်အကူပေးနိုင်

**ရောမ ဇွန် ၂၃**

Liraglutide အမည်ရှိ ဆီးချိုရောဂါဆေးဝါး တစ်မျိုးသည် ခေါင်းကိုက်ရောဂါကို ကုသရာတွင်လည်း အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇွန် ၂၂ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

Liraglutide ဆေးသည် ဦးနှောက်အတွင်းရှိ အရည်ထုဖိအားကို လျှော့ချပေးခြင်းဖြင့် ခေါင်းကိုက်ဝေဒနာ ခံစားရမှုကြိမ်ရေကို လျှော့ချပေးနိုင်ကြောင်း အီတလီနိုင်ငံ နေယမ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အီတလီ သုတေသနပညာရှင်များသည် အဝလွန်မှုပြဿနာနှင့် နာတာရှည် ခေါင်းကိုက်ရောဂါနှစ်မျိုးလုံးရှိနေသော လူနာ ၂၈ ဦးတို့ကို Liraglutide ဖြင့် သီတင်း ၁၂ ပတ်ကြာ စမ်းသပ်ကုသခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Liraglutide ဆေးသည် လူနာများတစ်လတာကာလ ခေါင်းကိုက်ဝေဒနာခံစားရသည့် နေ့ရက်ကို ရက်ပေါင်း ၂၀ မှ ကိုးရက်သို့ လျှော့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

ဦးနှောက်အတွင်း Spinal Fluid ခေါ် အရည်ထု၏ ဖိအားမြင့်တက်လာမှုသည် ခေါင်းကိုက်ရောဂါ၏ နောက်ခံအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မိုနာကိုအသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရန် ကွင်းလယ်ကစားသမား ပေါ့ဘာ သဘောတူညီမှုရရှိ

ပဲရစ် ဇွန် ၂၃

ဂျူဗင်တပ်အသင်း ကစားသမားဟောင်း ပေါ့ဘာသည် တားမြစ်ဆေး သုံးစွဲမှုကြောင့် ပွဲပယ်ပြစ်ဒဏ် ကျခံရပြီးနောက် လီဂူးကလပ် မိုနာကိုအသင်းသို့ နှစ်နှစ် သဘောတူစာချုပ်ဖြင့် ပြောင်းရွှေ့ရန် နှစ်ဖက်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ကွင်းလယ် ကစားသမား ပေါ့ဘာကို ဆော်ဒီပရီလိဂ်အသင်းများက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ၎င်းအနေဖြင့် စိတ်ဝင်စားမှု မရှိသဖြင့် ငြင်းပယ်ခဲ့ပြီးနောက် မိုနာကိုအသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလက ဂျူဗင်တပ်အသင်းတွင်ကစားခဲ့စဉ်က တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် လေးနှစ် ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသော်လည်း အယူခံတင်သွင်းခဲ့ရာ အောင်မြင်ခဲ့သဖြင့် ၁၈ လသာ ပွဲပယ်ပြစ်ဒဏ် ကျခံရပြီး ပြီးခဲ့သည့် မတ်လက ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရခဲ့ချိန်တွင် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ရန် ဆုံးဖြတ်၍ အသင်းသစ် ရှာဖွေခဲ့ကြောင်း သိရသည်။

အစောပိုင်းက ပေါ့ဘာကို ခေါ်ယူရန် ဥရောပထိပ်သီးကလပ် အများစုက ချဉ်းကပ်မှုများရှိခဲ့သော်လည်း ၎င်း၏ လုပ်ခလစာမြင့်မားမှုကြောင့် တရားဝင်ကမ်းလှမ်းမှု မလုပ်တော့ဘဲ ဆော်ဒီပရီလိဂ်ကလပ်အသင်းများကသာ မြင့်မားသည့် လုပ်ခလစာပေး၍ ခေါ်ယူရန် အကြိမ်ကြိမ် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သဖြင့် ပေါ့ဘာအနေဖြင့် ငြင်းပယ်ခဲ့ပြီး ဥရောပတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ထားသောကြောင့် မိုနာကိုအသင်းက ကမ်းလှမ်းလာချိန်တွင် နှစ်ဖက်သဘောတူညီမှုရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ အယ်ဂျီးရီးယား အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အယ်လျာအသင်း အားကစားကွင်း ပွဲကြည့်စင်ပြိုကျမှုကြောင့် သုံးဦးသေဆုံး၍ ဦးရေ ၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အယ်ဂျီးရီးယား ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် ထုတ်ပြန်ခဲ့သည်။
- ❑ တိုက်စစ်မှူး ပူလီဆစ်က အေစီမီလန်အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို လက်ခံခဲ့သော်လည်း ပွဲကစားခွင့် အာမခံချက်မရှိခဲ့သောကြောင့် နောက်ဆုံးတွင် စာချုပ်သစ်ကို ငြင်းပယ်ခဲ့ကြောင်း ပြောကြားခဲ့သည်။
- ❑ ဘိုင်ယန်မြူးနစ်အသင်းက အာဆင်နယ်အသင်းတိုက်စစ်မှူးမာတင်နယ်လီကို တိုက်စစ်မှူး ဟယ်ရီကိန်းနှင့် အလဲအထပ် ပြုလုပ်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ ပဲလေ့စ်အသင်းက လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ချဲလ်ဆီးအသင်း လူငယ်ဂိုးသမား ကမ်းဘဲလ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ၍ လူငယ်အသင်းတွင် ထည့်သွင်းသွားရန် ဆုံးဖြတ်ထားသည်။

ML

# HSBC Championships တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အယ်ကာရက်ဇ် ဆွတ်ခူး



လန်ဒန် ဇွန် ၂၃

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Queen's Club တွင် ကျင်းပခဲ့သော HSBC Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ချက်တင်းနစ်ကစားသမား လီဟက်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၇-၅၊ ၆-၇၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ HSBC Championships တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်နှင့် လီဟက်ကာတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာလည်း ၂ နာရီ ၁၀ မိနစ်ထိ ကြာမြင့်ခဲ့သည်။

အယ်ကာရက်ဇ် အနေဖြင့်လည်း ၂၀၂၅ ခုနှစ်အတွင်း၌ French Open တင်းနစ်ပြိုင်ပွဲ၊ Rome Open တင်းနစ်ပြိုင်ပွဲ၊ Monte Carlo တင်းနစ်ပြိုင်ပွဲ၊ Rotterdam တင်းနစ်ပြိုင်ပွဲနှင့် HSBC Championships တင်းနစ်ပြိုင်ပွဲတို့၌ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့်အတွက် ရာသီဝက်အတွင်း ဆုဖလားငါးလုံးထိ ဆွတ်ခူးထားနိုင်ခဲ့ပြီဖြစ်သည်။

အယ်ကာရက်ဇ် အနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို တက်ရောက်ခွင့်ရရှိရန် အခွင့်အရေးများလာခဲ့ပြီး မကြာမီ လန်ဒန်မြို့တွင် ကျင်းပသွားမည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဆုဖလားအား ဆွတ်ခူးနိုင်ခဲ့ပါက ကမ္ဘာ့အဆင့်(၁) နေရာအား အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာထံမှ လွှဲပြောင်းရယူနိုင်တော့မည့် အခြေအနေဖြစ်သည်။

အယ်ကာရက်ဇ်က "ဒီဆုဖလားကို အခုလို ဒုတိယအကြိမ်မြောက် ကိုင်မြှောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲစဉ်ဟာ ကစားရခက်ခဲတဲ့ ပွဲစဉ်ဖြစ်ခဲ့ပါတယ်။ လီဟက်ကာနဲ့ ကစားတိုင်း အမြဲတမ်းခက်ခဲခဲ့တယ်။ အိပ်မက်ဆိုးမက်ရသလိုပဲ။ ကျွန်တော့်အတွက်တော့ ဒီရက်သတ္တပတ်ဟာ ပျော်ရွှင်ဝမ်းမြောက်ဖွယ်ရက်သတ္တပတ်ပဲဖြစ်ပါတယ်။ ကျွန်တော်ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဟာ အောင်မြင်မှုတစ်စုံတစ်ရာအတွက် မျှော်လင့်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာမဟုတ်ပါဘူး။ စွမ်းဆောင်ရည်ကောင်းကောင်းနဲ့ ကစားနိုင်ဖို့အတွက်ပဲရည်ရွယ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အဓိကကတော့ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# Gold Cup ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အမေရိကန်နှင့် ကော်စတာရီကာအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

ဝါရှင်တန် ဇွန် ၂၃

ကွန်ကာကပ်ဖုန် Gold Cup ပြိုင်ပွဲတွင် အုပ်စု (D) မှ အမေရိကန်အသင်းက သုံးပွဲစလုံး အနိုင်ရခဲ့ပြီးနောက် အုပ်စု (A) မှ ဒုတိယနေရာဖြင့်တက်ရောက်လာသည့် ကော်စတာရီကာအသင်းနှင့် ကွာတားဖိုင်နယ်အဆင့်တွင် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

နည်းပြပိုချက်တီနို တာဝန်ယူနေသည့် အမေရိကန်အသင်းသည် အုပ်စုအဆင့်တွင် ထရီနီဒက်တိုဘာဂိုအသင်းကို ငါးဂိုး ဂိုးမရှိ၊ ဆော်ဒီအာရေဗျအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဟေတီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ကော်စတာရီကာအသင်းသည် အုပ်စု(A) ပွဲစဉ်များတွင် ဆူရီနမ်အသင်းကို လေးဂိုး သုံးဂိုး၊ ဒိုမီနီကန်ရီပတ်ပလစ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ မက္ကဆီကိုအသင်းကို ဂိုးမရှိသရေ ကစားနိုင်ခဲ့သောကြောင့် အမေရိကန်အသင်းနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

အုပ်စုပွဲစဉ်များတွင် အမေရိကန်အသင်းသည် တိုက်စစ်ကစားပုံ ပိုမိုတိုးတက်လာခဲ့သောကြောင့် သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် Gold cup ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၁၈ ကြိမ်တွင် ၁၇ ကြိမ်မှာ အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

ထို့အတူ ကော်စတာရီကာအသင်းသည်လည်း အုပ်စုပွဲစဉ်များတွင် တိုက်စစ်ကစားပုံကောင်းမွန်ခဲ့သဖြင့် သွင်းဂိုး ခြောက်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းက ပေးဂိုး လေးဂိုး ထိရှိခဲ့ပြီး အမေရိကန်အသင်းနှင့် တွေ့ဆုံခဲ့သည့် နောက်ဆုံး ခြောက်ကြိမ်တွင် ၂၀၂၂ ခုနှစ်က ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတစ်ကြိမ်တွင်သာ နိုင်ပွဲရခဲ့ကာ Gold Cup ပြိုင်ပွဲတွင် ၂၀၁၇ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့သော်လည်း အမေရိကန်အသင်းကို ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်သို့ မန်စီးတီးအသင်းနှင့် ဂျူဗင်တပ်အသင်းတို့တက်ရောက်

ဝါရှင်တန် ဇွန် ၂၃

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အပြီးတွင် ဂျူဗင်တပ်အသင်းက ဝိုင်ဒက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး မန်စီးတီးအသင်းက အယ်အိန်းအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် ဂျူဗင်တပ်နှင့်မန်စီးတီးအသင်းတို့ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



အုပ်စု(D) အဖွင့်ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းသည် အယ်အိန်းအသင်းနှင့်တွေ့ဆုံခဲ့ရာ ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အပြင် မန်စီးတီးအသင်းကလည်း ဝိုင်ဒက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် အုပ်စုဒုတိယပွဲစဉ်တွင် ဂျူဗင်တပ်အသင်းက ဝိုင်ဒက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မန်စီးတီးအသင်းက အယ်အိန်းအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း နိုင်ပွဲရခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် ဝိုင်ဒက်အသင်းနှင့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဝိုင်ဒက်အသင်းက တန်ပြန်တိုက်စစ် ကောင်းမွန်မှုကြောင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်ခဲ့ပြီး ပွဲအစ ခြောက်မိနစ်တွင် ဝိုင်ဒက်အသင်းကစားသမား ကိုယ့်ဂိုးကို သွင်းယူမှုကြောင့် ဂျူဗင်တပ်အသင်း ဦးဆောင်ဂိုးရခဲ့ကာ ပွဲချိန် ၁၆ မိနစ်၊ ပွဲချိန် ၆၉ မိနစ်၊ ပွဲချိန် မိနစ် ၉၀ တို့တွင် ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး ဝိုင်ဒက်အသင်းက ပွဲချိန် ၂၅ မိနစ်တွင် ချေပဂိုး တစ်ဂိုးသာသွင်းယူနိုင်ခဲ့သဖြင့် လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။

မန်စီးတီးအသင်းနှင့် အယ်အိန်းအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက အဘက်ဘက်က သာလွန်မှုရခဲ့ကာ ပွဲချိန် ရှစ်မိနစ်၊ ၂၇ မိနစ်၊ ၄၅ မိနစ်၊ ၇၃ မိနစ်၊ ၈၄ မိနစ်နှင့် ၈၉ မိနစ်တို့တွင် ဦးဆောင်ဂိုးများ ဆက်တိုက်ရရှိခဲ့သော်လည်း အယ်အိန်းအသင်း ချေပဂိုး မရခဲ့သဖြင့် ခြောက်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီး လက်ကျန်ပွဲ တစ်ပွဲအလိုတွင် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# နေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်၊ ရာမညယူနိုက်တက်အသင်း အနိုင်ရရှိ



ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ သရေရလဒ်ထွက်ပေါ်ပြီး ရာမညယူနိုက်တက်အသင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၀) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်းလေ့ကျင့်ရေးကွင်းတွင် ဒဂုံပေ့ါအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရာမညယူနိုက်တက် အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်၊ ခြောက်မိနစ်နှင့် ၅၈ မိနစ်တို့တွင် စိုးမောင်မောင်နှင့် ပွဲချိန် ၅၃ မိနစ်တွင် စောထူးဝေလ ရန်အောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ဇွန် ၂၄ ရက်တွင် ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်း၊ ဧရာဝတီယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မင်ဂျီလီဆွတ်ခူး

တက္ကဆက် ဇွန် ၂၃

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပခဲ့သည့် KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျ ဂေါက်သီးရိုက်မယ် မင်ဂျီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် ဝန်နာစီအန်နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် အူစတန်ကင်မ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြသည်။

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ထိုင်းဂေါက်သီးရိုက်မယ် သီတီကူလ်နှင့် ဂျပန်ဂေါက်သီးရိုက်မယ် ချီဆာတိုတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

မင်ဂျီလီအတွက် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် တတိယမြောက် ဆွတ်ခူးခဲ့သော အဓိကဆုဖလားဖြစ်သည်။

ပြိုင်ပွဲ၏ နောက်ဆုံးသည် ပြိုင်ပွဲဝင်များအတွက် အခက်ခဲဆုံးသောနေ့ဖြစ်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် မင်ဂျီလီသည်လည်း နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်ပိုရိုက်ခဲ့သော်လည်း တတိယနေ့ရလဒ်ကြောင့် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



# WBC ယာယီဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်တွင် မက္ကဆီကိုလက်ဝှေ့သမား ရိုဒရီကွက်ဇ် ချန်ပီယံခါးပတ်ဆွတ်ခူး

ဘာမင်ဂမ် ဇွန် ၂၃

WBC ယာယီဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား ယာဖိုင်နှင့် မက္ကဆီကိုလက်ဝှေ့သမား ရိုဒရီကွက်ဇ်တို့ ဇွန် ၂၂ ရက်တွင် အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့၌ ထိုးသတ်ခဲ့ရာ ရိုဒရီကွက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ WBC ယာယီဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုလံပစ်ချန်ပီယံ ယာဖိုင် အနေဖြင့် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်သလို မွေးရပ်မြေတွင် ရိုဒရီကွက်ဇ်အား အနိုင်ထိုးသတ်နိုင်လိမ့်မည်ဟု ကြိုတင်ခန့်မှန်းချက်များ ထွက်ပေါ်ခဲ့သော်လည်း ရိုဒရီကွက်ဇ်က အကောင်းဆုံးပုံစံဖြင့် တစ်ဖက်သတ်ဖိအားပေးထိုးသတ်နိုင်ခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဒိုင်တစ်ဦးက (၁၁၈-၁၀၉) မှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင်နှစ်ဦးက (၁၁၉-၁၀၈) ရမှတ်ဖြင့်လည်းကောင်း ရိုဒရီကွက်ဇ်အား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ရမှတ်များမှာ ပြတ်သားမှုရှိခဲ့သည့်အတွက် ယာဖိုင်အနေဖြင့် အင်္ဂလန်ပရိသတ်များရှေ့မှောက်တွင် မျက်နှာပန်းမလှခဲ့ဘဲ ကစားသမားဘဝ၏ ပထမဆုံးသောရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဝါရင့်လက်ဝှေ့သမား ရိုဒရီကွက်ဇ်သည် အတွေ့အကြုံပိုင်းအရ ယာဖိုင်အပေါ် သိသိသာသာ စိုးမိုးနိုင်ခဲ့သလို ရိုဒရီကွက်ဇ်က အတွေ့အကြုံကို အကောင်းဆုံးအသုံးချသွားနိုင်ခဲ့သည့် ပွဲစဉ်လည်းဖြစ်သည်။

ရိုဒရီကွက်ဇ်သည် စထရောဝိတ်တန်းတွင် ထိုးသတ်ခဲ့စဉ်ကလည်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သော်လည်း စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံများအား စိန်ခေါ်ထိုးသတ်မှုများပြုလုပ်ခဲ့ရာ ရှုံးပွဲဖြင့်သာရင်ဆိုင်ခဲ့ရသည့်အတွက် စူပါဖလိုင်းဝိတ်တန်း၌ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရမည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသူဖြစ်သည်။

WBC ယာယီဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံနေရာကို ရရှိခဲ့ပြီးနောက် နှစ်ကုန်ပိုင်းတွင် ဖလိုင်းဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဖြစ်သူ ဂျပန်လက်ဝှေ့သမားတီရာဂျီနှင့် စိန်ခေါ်ထိုးသတ်ခွင့်ရသွားခဲ့ပြီ ဖြစ်ကြောင်းလည်း သိရသည်။

Ref : Xinhua

Trs : AZL

# MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ရန်ကုန်ယူနိုက်တက်အသင်း တက်ရောက်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံ အက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲစကတည်းက ဖိအားပေးကစားခဲ့ကာ ပွဲချိန် ခုနစ်မိနစ်တွင် သာယာဝင်းထက်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန် ၃၄ မိနစ်တွင် ပြည့်မိုးက ရတနာပုံ အက်ဖ်စီအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၈၈ မိနစ်တွင် ကောင်းစည်သူက ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၉၅ မိနစ်တွင် အီစိုးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမည့် သွင်းဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

MNL League Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မန်ယူအသင်းက မေဆင်မောင့်ကိုရောင်းချ၍ ပေါ်ဟင်ဟာနှင့်အစားထိုးရန် ပြင်ဆင်နေ

မန်ချက်စတာ ဇွန် ၂၃

မန်ယူအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်း၌ မေဆင်မောင့်ကို ပြန်လည်ရောင်းချပြီး ဘိုင်ယန်မြူးနစ်အသင်းမှ ပေါ်ဟင်ဟာနှင့် ပြန်လည် အစားထိုးရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

မေဆင်မောင့်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၅ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် နှစ်ရာသီကစားခဲ့ရာ၌ ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိသည့်အတွက် မန်ယူအသင်းက ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အစောပိုင်းက နည်းပြအာမိုရင်သည် မေဆင်မောင့်ကို အဓိကကစားသမားအဖြစ် အသုံးပြုခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် ပြန်လည်ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး အေဗီလာအသင်းက ကမ်းလှမ်းမှုလုပ်ဆောင်ရန်အတွက် စောင့်ကြည့်လျက်ရှိနေသည်။

အလားတူ ပေါ်ဟင်ဟာသည်လည်း ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဖူလ်ဟမ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် နည်းပြကွန်ပနီလက်အောက်တွင် ပွဲကစားခွင့် နည်းပါးနေသည့်အတွက် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ပြန်လည်ထွက်ခွာလိုနေခြင်းဖြစ်ပြီး မန်ယူအသင်းက အပြီးသတ်စာချုပ်ဖြင့် မဟုတ်ပါက တစ်ရာသီ အငှားစာချုပ်ဖြင့် ကမ်းလှမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။




Ref : Fabrizio Romano

Trs : STA

# အတတ်လည်းသင် ပွဲပြင်တတ်စေ ညီညာထကြွ နာယူတတ်စေ

ကျော်တေဇ(ဥက္ကလာ)

ကျောင်းဖွင့်ရာသီအစမို့ ဘယ်သတင်းစာဖတ်ဖတ် ကျောင်းသတင်းများကို လှိုင်လှိုင်တွေ့နေရပါတယ်။ နေ့တစ်နေ့ရဲ့ သတင်းစာတစ်စောင်ရဲ့ခေါင်းစီးပိုင်းသတင်းတစ်ပုဒ်က စာရေးသူရဲ့ စာရေးချင်စိတ်ကို တွန်းအားပေးလာပါတော့တယ်။ ဒီသတင်းကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ပြင်ဦးလွင်ခရီးစဉ်သတင်းပဲဖြစ်ပါတယ်။ ဒီခရီးစဉ်မှာ နိုင်ငံတော်အကြီးအကဲရဲ့ ပညာရေးကဏ္ဍအတွက် အခြေခံကျတဲ့လမ်းညွှန်ချက်တွေကို မှတ်သားလိုက်ရပါတယ်။

ကျောင်းသား၊ ကျောင်းသူတွေ စာကြိုးစားဖို့၊ ပညာတတ်ကြီးဖြစ်အောင်ကြိုးစားကြဖို့ဆိုတဲ့ အမှာစကားများကိုသာ နိုင်ငံတစ်ဝန်းမှာ ကြားသိမြင်တွေ့ခဲ့ကြရစမြဲပါ။ နိုင်ငံတော်အကြီးအကဲရဲ့ ပြင်ဦးလွင်ခရီးစဉ်မှာတော့ ဆရာ၊ ဆရာမတွေရဲ့ စွမ်းအားကဏ္ဍကို အလေးပေးမှာကြားခဲ့ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဟာ လူသားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးပဲဖြစ်ပါတယ်။ လူသားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးအတွက်ဆိုရင် ပညာရေးကဏ္ဍဟာ အခြေခံကျတာကိုတွေ့ရမှာဖြစ်ပါတယ်။ မြန်မာ့ပညာရေးကဏ္ဍအတွက် ကျောင်းသား၊ ကျောင်းသူတွေရဲ့ ညီညာထကြွ ဆုံးမနာယူလွယ်တတ်ဖို့လိုအပ်သလို ဆရာ၊ ဆရာမတွေအတွက် အတတ်လဲသင် ပွဲပြင်တတ်ဖို့လဲ အရေးကြီးတာကို သတိချပ်ကြရမှာဖြစ်ပါတယ်။

သမိုင်းကြောင်းလေးတစ်ခုကို စာဖတ်သူများသို့ အကျဉ်းလေးမျှဝေပေးချင်ပါတယ်။ ဒါကတော့ အိန္ဒိယနိုင်ငံရဲ့ အသောကမင်းကြီးပါပဲ။ အသောကမင်းကြီးဟာ ပြန့်ကြဲနေတဲ့ ပဒေသရာဇ်နိုင်ငံငယ်တွေကို ဧကရာဇ်နိုင်ငံအဖြစ် ထူထောင်ဖို့ကြိုးစားခဲ့ပါတယ်။ ဒီလိုကြိုးစားရာမှာ နိုင်ငံငယ်တွေနဲ့ စစ်ခင်းရတာပေါ့။ ဧကရာဇ်စနစ်ကိုတည်ထောင်ဖို့ သူဆင်နွှဲခဲ့သမျှ တိုက်ပွဲတွေထဲမှာ ကလိင်္ဂတိုင်းကို တိုက်တဲ့ တိုက်ပွဲကသေကျေပျက်စီးမှုအများဆုံးပါပဲ။ ဧကရာဇ်စနစ်ကိုတည်ထောင်ဖို့ ညီအစ်ကိုတော် မင်းသား ၉၉ ပါးကိုပါ သုတ်သင်ရှင်းလင်းခဲ့တယ်။ အသောကမင်းတရားကြီးရဲ့ ကျောက်စာအကြီး-အမှတ်(၁၃)ရဲ့ ပထမအပိုဒ်မှာ ဒီလိုရေးထားပါတယ်။ "ကလိင်္ဂကို တိုက်ခိုက်မိခြင်းကြောင့် မင်းတရားကြီး၌ ဖြစ်ပွားရသော၊ ပူဆွေးဒုက္ခတို့သည် ၎င်းကို ဗုဒ္ဓဘာသာတရားတော်တွင် စိတ်အားထက်သန်စွာဖြစ်စေလာခြင်း တစ်ရပ်"လို့ ပါရှိပါတယ်။

အသောကမင်းကြီးရဲ့တိုက်ပွဲကနေ ပါတလိပုတ်ကို ပြန်တဲ့ခရီးလမ်းဟာ သွေးညှီနံ့တွေ၊ အပုပ်နံ့တွေ၊ အော်ဟစ်အကူအညီတောင်းသံတွေ၊ လူသေတွေ၊ ဒုက္ခိတတွေ၊ အစားအစာငတ်ပြတ်လို့ တောင်းရမ်းအကူအညီတောင်းသူတွေနဲ့လို့ ခန့်မှန်းရမှာပါပဲ။ ဒီလိုအနိဋ္ဌာရုံမြင်ကွင်းတွေကနေ အသောကမင်းတရားကြီးဟာ သံဝေဂအကြီးအကျယ်ရခဲ့ပါတော့တယ်။ ဒီသံဝေဂတရားကြောင့် အမည်ကသာ အသောက(သောကကင်းနေပေမဲ့) သောကအပြည့်နဲ့ မင်းတစ်ပါးဖြစ်ခဲ့ရပါတယ်။ ဒီသံဝေဂကြောင့် အသောကမင်းတရားကြီးဟာ "တော်ပြီ ငါခုချိန်ကစပြီး လောကကို ချစ်သောမျက်စိနဲ့ပဲကြည့်တော့မယ်"ဆိုပြီး သန္နိဋ္ဌာန်ချလိုက်တယ်လို့ မှတ်သားရပါတယ်။

ဒီလိုပြောင်းလဲခဲ့တာဟာ သူသုတ်သင်ရှင်းလင်းခဲ့တဲ့ မင်းသား ၉၉ ယောက်ထဲက မင်းသား သုမဏနဲ့ ကြင်ရာတော် သုမဏာဒေဝီက မွေးဖွားလာတဲ့ သားတော်ဖြစ်သူအသက်ငယ်ရွယ်သူ ကိုရင်လေးနိဂြောဓကြောင့်ပါပဲ။ အသောကမင်းကြီးရဲ့တိုက်ခိုက်မှုကြောင့် သုမဏာဒေဝီဟာကိုယ်ဝန်နဲ့ ပါတလိပုတ်နဲ့ဝေးရာ ရွာငယ်လေးတစ်ရွာကို ထွက်ပြေးတိမ်းရှောင်ရပါတယ်။ ရွာလေးကတော့ စဏ္ဍာလတွေနေတဲ့ ရွာလေးလို့ဆိုပါတယ်။ သုမဏာဒေဝီဟာ ကိုယ်ဝန်ကြီးနဲ့ ရွာလယ်ဇရပ်မှာနေပြီး အစားအစာကို တောင်းစားရပါတယ်။ ဒီဇရပ်ပေါ်မှာပဲ မင်းသားလေးကို မွေးပါတယ်။ ကလေးရဲ့ငိုသံ၊ လှုပ်ရှားမှုတွေကြောင့် ရွာအနီးတောကျောင်းမှာသီတင်းသုံးနေတဲ့ ဝရုဏမထေရ်ဆိုတဲ့ ရဟန္တာတစ်ပါးက သိတော်မူသွားပါတယ်။ ရဟန္တာကြီးက ဆွမ်းခံထွက်တိုင်း ဇရပ်ရှေ့မှာ အသွားအပြန်မေတ္တာပို့လေ့ရှိတယ်။ လူမှန်းသိတတ်စအရွယ်လောက်ကစပြီး ရဟန္တာကြီးဟာ ကလေးလေးကို ဆွမ်းခံရလာတဲ့ ငှက်ပျောသီးလေးကျွေး၊ သစ်သီးလေးကျွေးပြီး နမောတဿကနေ စသင်ပါတယ်။ ပြီးတော့မှ သုမဏာဒေဝီဆီက ကလေးကို ကျောင်းထားဖို့ အလှူခံပါတယ်။ သုမဏာဒေဝီခွင့်ပြုတော့မှ ကျောင်းကိုခေါ်သွားပြီး စာပေတွေသင်ပေးတယ်။ ပိဋကသုံးပုံသင်ပေးတယ်။ ပြီးမှ ကိုရင်ဝတ်ပေးဖို့ ဆံချစဉ်မှာပဲ သင့်လျော်တဲ့ကမ္မဋ္ဌာန်းတစ်ခုကိုချပေးပါတယ်။ ကိုရင်လေးဟာ ခေါင်းပေါ်က ဆံစလဲကုန်၊ ကိလေသာလဲကုန်ပြီး အသက်ခုနစ်နှစ်နဲ့ ရဟန္တာတစ်ပါးဖြစ်ခဲ့ပါတော့တယ်။

**❖အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုတဲ့အတိုင်း ဆရာ၊ ဆရာမတွေအနေနဲ့ ယနေ့လူငယ်မျိုးဆက်သစ်လေးတွေကို အမျိုးသားရေးစရိုက်လက္ခဏာတွေမြင့်မားအောင် ပုံချသွန်သင်ပေးဖို့ လိုပါတယ်။ အတန်းပညာသာမက အကောင်းအဆိုး၊ အကြောင်းအကျိုးကိုပါ ခွဲခြားသိမြင်နိုင်စွမ်းရှိအောင် ထုဆစ်ပုံဖော်ရပါမယ်။ လိမ္မာရေးခြားရှိလာအောင်၊ စည်းကမ်းတကျနေထိုင်တတ်၊ သွားလာတတ်အောင် စတဲ့စရိုက်လက္ခဏာတွေကို ပုံဖော်ပေးခြင်းဟာ သူတို့ရဲ့ အနာဂတ်လူ့ဘဝကို များစွာအထောက်အပံ့ဖြစ်စေပါတယ်။ ဆရာ၊ ဆရာမဆိုတာ အနာဂတ်ကို ပုံဖော်ထုဆစ်သူတွေပါ။ ❖**

ခုနစ်နှစ်အရွယ် ရဟန္တာ ကိုရင်နိဂြောဓရဲ့ ဆွမ်းခံတဲ့လမ်းမှာ ဘုရင်အသောကနဲ့ တွေ့ဆုံခဲ့ပါတယ်။ ကိုရင်နိဂြောဓလေးရဲ့ အပ္ပမာဒတရားတော်ကြောင့် စဏ္ဍာလဘဝကနေ ဓမ္မာသောကမင်းဘဝကို တည့်တည့်ကြီးဆိုက်ရောက်ခဲ့တာပါပဲ။ ဒီဇာတ်တော်မှာ စာရေးသူပြောချင်တာက ကိုရင်နိဂြောဓကို သွန်သင်ပေးခဲ့တဲ့ ရဟန္တာကြီးပါပဲ။ လမ်းဘေးဇရပ်မှာ နေနေရတဲ့ ကလေးတစ်ယောက်ကို လူတိုင်းမရောက်နိုင်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုတဲ့ အနှိုင်းမဲ့မြင့်မြတ်သော နိဗ္ဗာန်ထိ လမ်းညွှန်ပေးနိုင်ခဲ့တယ်။ ဒီနေရာမှာ ရဟန္တာမထေရ်ကြီးရဲ့ အမျိုးကိုစောင့်ရှောက်တတ်တဲ့ စိတ်ဓာတ်ကလဲ ချီးမွမ်းစရာပါပဲ။ ကိုယ်တိုင်ပင်လျှင် ရဟန္တာတစ်ပါးဖြစ်နေသလို တပည့်ဖြစ်သူကိုလဲ ရဟန္တာတစ်ပါးဖြစ်သည်ထိ လမ်းပြသွန်သင်နိုင်ခဲ့တယ်။ အတတ်လဲသင် ပွဲပြင်နိုင်ခဲ့သလို ကိုရင်လေးနိဂြောဓကလဲ ညီညာထကြွနာယူတတ်ခဲ့ပါတယ်။ ယနေ့ ဆရာ၊ ဆရာမတွေအတွက် စံနမူနာကောင်းတစ်ခုပါပဲ။ ဇာတ်တော်ထဲက လောကုတ္တရာဆရာ ရဟန္တာကြီးတစ်ပါးရဲ့ ခံယူချက်စိတ်ဓာတ်ကို ယနေ့လောကီဆရာတွေ စံထားပြီး ကျင့်ကြံကြိုးစားစေချင်ပါတယ်။ ဆရာတွေရဲ့ အရေးကြီးပုံကို ဇာတ်တော်တစ်ခုနဲ့ နှိုင်းယှဉ်ပြတာပါ။

နိုင်ငံတော်အကြီးအကဲရဲ့ ပြင်ဦးလွင်ခရီးစဉ်မှာ ပညာရေးပိုင်းဆိုင်ရာ မှာကြားချက်အချို့ကိုထုတ်နုတ်ပြီး အနည်းငယ်မျှဝေပေးချင်ပါသေးတယ်။

**တိုင်းပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်**

နိုင်ငံတစ်နိုင်ငံကိုထူထောင်ရာမှာ လူသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာခံယူချက်က မဖြစ်မနေအရေးပါပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလရဲ့ အောင်မြင်မှုပြယုဂ်ဟာ တိုင်းပြည်ချစ်စိတ်နဲ့ မျိုးချစ်စိတ်ပဲမဟုတ်ပါလား။ အတ္တစွဲ၊ ဝါဒစွဲတွေအားပြိုင်မှုကြောင့်ဖြစ်ပေါ်လာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှုကာလဟာ ဒီတိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တွေ ယုတ်လျော့သွားလို့မဟုတ်လား။ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ် ရေချိန်မြင့်မားနေသမျှ နိုင်ငံတော်မှာ အောင်မြင်မှုတွေရရှိနေမှာဖြစ်ပြီး ယုတ်လျော့သွားတဲ့ကာလတွေမှာ နိုင်ငံတော်ရဲ့အောင်မြင်တိုးတက်မှုတွေ မှေးမှိန်တတ်တယ်ဆိုတဲ့ သမိုင်းပေးသင်ခန်းစာကို ထိထိမိမိယူတတ်ကြဖို့လိုပါတယ်။ ယနေ့အကြမ်းဖက်မှုဖြစ်စဉ်တွေကလဲ ထိုနည်းတူပါပဲ။ အတန်းပညာအားနည်းမှု၊ အသိပညာနိမ့်ပါးမှုတွေကတစ်ဆင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးသားရေးစရိုက်လက္ခဏာတွေပါ မှေးမှိန်လာခဲ့တယ်။ ဒီလိုမှေးမှိန်မှုတွေကို အကြမ်းဖက်အဖွဲ့အစည်းတွေ၊ ပြည်ပသပ်လျှိုသွေးခွဲတဲ့အဖွဲ့အစည်းတွေက ကောင်းကောင်းအသုံးချခဲ့တာပါပဲ။

ဒါကြောင့် အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုတဲ့အတိုင်း ဆရာ၊ ဆရာမတွေအနေနဲ့ ယနေ့လူငယ်မျိုးဆက်သစ်လေးတွေကို အမျိုးသားရေးစရိုက်လက္ခဏာတွေမြင့်မားအောင် ပုံချသွန်သင်ပေးဖို့ လိုပါတယ်။ အတန်းပညာသာမက အကောင်းအဆိုး၊ အကြောင်းအကျိုးကိုပါ ခွဲခြားသိမြင်နိုင်စွမ်းရှိအောင် ထုဆစ်ပုံဖော်ရပါမယ်။ လိမ္မာရေးခြားရှိလာအောင်၊ စည်းကမ်းတကျနေထိုင်တတ်၊ သွားလာတတ်အောင်စတဲ့ စရိုက်လက္ခဏာတွေကို ပုံဖော်ပေးခြင်းဟာ သူတို့ရဲ့အနာဂတ်လူ့ဘဝကို များစွာအထောက်အပံ့ဖြစ်စေပါတယ်။ ဆရာ၊ ဆရာမဆိုတာ အနာဂတ်ကို ပုံဖော်ထုဆစ်သူတွေပါ။ ကိုယ်ထုဆစ်ပေးလိုက်တဲ့ ကျောင်းသားရဲ့အနာဂတ်ဟာ တစ်နေ့ကိုယ့်ရဲ့ပစ္စုပ္ပန်အဖြစ် ခံစားစံစားရမှာအသေအချာပါပဲ။

**စာအုပ်စာပေမှသည် အသိပညာ၊ အတတ်ပညာများဆီသို့**

"ကျောင်းသား၊ ကျောင်းသူများ သုတရသစာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ၊ အတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်" နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုတစ်ခုပါ။ ဒါဆိုရင် ကျောင်းအသီးသီးက ကျောင်းစာကြည့်တိုက်တွေ အမှန်တကယ်အသက်ဝင်ဖို့လိုပါပြီ။ ယနေ့ စာပေလောကသားများကလဲ စာပေကဏ္ဍစုံမှာ ကျယ်ကျယ်ပြန့်ပြန့်ထိုးဖောက်နေတာကိုတွေ့မြင်ရပါတယ်။ ကျောင်းစာကြည့်တိုက်တွေမှာ လူငယ်တွေနဲ့သင့်တော်တဲ့စာပေတွေထားရှိပြီး စာပေဖတ်ရှုတတ်တဲ့ အလေ့အထကောင်းတွေကို လေ့ကျင့်ပျိုးထောင်ပေးရပါမယ်။

စာဖတ်တဲ့သူနဲ့ စာမဖတ်တဲ့သူရဲ့ ဘဝပြဿနာဖြေရှင်းနိုင်မှုအစွမ်းဟာ ကွာခြားမှုရှိပါတယ်။ စာရေးသူတို့ငယ်စဉ်က ကျောင်းစာကြည့်တိုက်သာမက အိမ်မှာလဲ လူငယ်စာပေလေးတွေကို မိဘတွေက ဝယ်ပေးထားတယ်။ တစ်ခါတစ်ရံ ရပ်ကွက်ထဲက စာအုပ်အငှားဆိုင်လေးတွေမှာ သူငယ်ချင်းတွေ အုပ်စုဖွဲ့ပြီး သွားငှားကြတယ်။ တစ်အိမ်နဲ့ တစ်အိမ် လဲလှယ်ဖတ်ကြတယ်။ ငယ်စဉ်က ပျော်စရာပုံရိပ်လေးတွေပါ။ ဒီကနေ့တော့ ဒီပုံရိပ်တွေပျောက်ကွယ်သွားပါပြီ။ အိမ်လည်ဂိမ်းဆော့တဲ့ လွဲမှားတဲ့ဓလေ့တွေသာ ပုံပြောင်းဖြစ်ထွန်းလာတာတော့ စိတ်မကောင်းစရာပါပဲ။ တစ်မုဟုတ်ချင်းမဟုတ်ပေမဲ့ တဖြည်းဖြည်းနဲ့တော့ ဒီဓလေ့တွေကို စာအုပ်စာပေနဲ့ တိုက်ဖျက်ပစ်ရပါလိမ့်မယ်။

လူငယ်တွေစာအုပ်ကိုင်ဖို့ဆိုရင် လူကြီးတွေ စာအုပ်ကိုင်ရပါမယ်။ ကျောင်းသားတွေစာဖတ်ဖို့ဆိုရင် ဆရာ၊ ဆရာမတွေပါ စာဖတ်တဲ့အလေ့အကျင့်ကောင်းတွေရှိရပါမယ်။ **"ဆရာ၊ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့ကြုံတွေ့သိခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှ ရရှိခဲ့သည့် အသိအမြင်များကိုလဲ ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်"**လို့ ဇွန် ၁၁ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ၊ ဆရာမများကို တွေ့ဆုံအမှာစကားပြောကြားခဲ့ပါတယ်။ ဆရာ၊ ဆရာမများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ လမ်းညွှန်မှာကြားချက်ပါ။ ဒါကြောင့် ယနေ့ လက်တစ်ဝါးစာဖန်သားပြင်ရှိတဲ့ဖုန်းနဲ့ အချိန်ကုန်နေတဲ့လူငယ်တွေကို စာအုပ်စာပေဖတ်ရှုတတ်တဲ့ အလေ့အထကောင်းတွေ လေ့ကျင့်ပေးရပါမယ်။ စာပေဟောပြောပွဲတွေ ကျင်းပပေးတာကလဲ လူငယ်တွေရဲ့စိတ်ကို တစ်ထောင့်တစ်နေရာက အကျိုးပြုပါကြောင်း အကြံပြုလိုပါသေးတယ်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လူမှုရေးဦးတည်ချက်မှာပါဝင်တဲ့ "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး"ဆိုတဲ့ဦးတည်ချက်တွေကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း အနာဂတ်ကိုထုဆစ်ကြမဲ့ ဆရာ၊ ဆရာမများအနေဖြင့် အတတ်လဲသင် ပွဲပြင်တတ်ပါစေ၊ အနာဂတ်ကို ဦးဆောင်ဦးရွက်ပြုမဲ့ လူငယ်မောင်မယ်တို့ကလဲ ညီညာထကြွနာယူတတ်ကြပါစေ။ ဆရာတပည့် တွဲလက်ညီလို့ နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် နှိုးဆော်ရေးသားလိုက်ရပါတယ်။

## ဈေးသည်မလေ ခပ်ချောချောပဲ ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လအတွင်း ရုံတင်ပြသမည်ဖြစ်




ရန်ကုန် ဇွန် ၂၃

ဈေးသည်မလေး ခပ်ချောချောပဲ ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လအတွင်း နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်ရဲလင်းထံမှ သိရသည်။

အဆိုပါ ဈေးသည်မလေး ခပ်ချောချောပဲ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုကျော်ကရေးသားပေးထားပြီး ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) က ရိုက်ကူးပုံဖော် ဖန်တီးထားသည့် အချစ်ဟာသ ဇာတ်မြူးလည်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက အချစ်ဟာသ ဇာတ်မြူးလေးပါ။ ၂၀၁၈ ခုနှစ်လောက်က ပြင်ဦးလွင်ဘက်မှာ ဇာတ်အိမ်တည်ပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားပါ။ ကျွန်တော်က လောင်းကစားကို ဝါသနာပါတဲ့ လူငယ်တစ်ယောက်အနေနဲ့ ပါဝင်ထားပါတယ်။ အတူနေတဲ့ လူကြီးနှစ်ယောက်က ဈေးတစ်ဈေးက ဈေးခေါင်းနဲ့ ဈေးမိဈေးဖတွေပေါ့။ ကျွန်တော်က ဈေးထဲမှာ ဈေးသည်မလေးတွေနဲ့ ဇာတ်လမ်းတွေ လုပ်ရင်း ဟာသတွေ၊ အလွဲတွေနဲ့ ပျော်ရ၊ ရယ်ရမဲ့ ဟာသဇာတ်မြူးလေးပါ" ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောပြသည်။

အဆိုပါ ဈေးသည်မလေး ခပ်ချောချောပဲ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲလင်း၊ ဟိန်းမင်း၊ ဇင်မျိုး၊ မိုးဒီ၊ ငှက်ပျောကြော်၊ ရဲလေး၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ ရွှေမှုံရတီ၊ ငွေမှုံရတီ၊ ယွန်းရွှေရည်၊ နွဲ့နွဲ့စန်း၊ အေးအေးခိုင်၊ မျိုးမျိုးခိုင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

## Miss Grand International 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Miss Grand Myanmar 2025 Winner ဆုရှင် JK Sofia ဝင်ရောက်ယှဉ်ပြိုင်မည်



ရန်ကုန် ဇွန် ၂၃

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အောက်တိုဘာ ၁၈ ရက်၌ ကျင်းပမည့် Miss Grand International 2025 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Miss Grand Myanmar 2025 Winner ဆုရှင် အလှမယ် JK Sofia ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ Miss Grand International 2025 ပြိုင်ပွဲကြီးအတွက် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်ကို ရွေးချယ်ရန် Miss Grand Myanmar 2025 ပြိုင်ပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်းတွင် ဇွန် ၂၁ ရက်က ကျင်းပခဲ့ခြင်းဖြစ်ကာ ၎င်းပြိုင်ပွဲကြီးတွင် Winner ဆုကို နမ့်ခမ်းအလှမယ် JK Sofia ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

"Crown ဆောင်းခဲ့ရတဲ့ အချိန်မှာ အရမ်းစိတ်လှုပ်ရှားမိတယ်။ မျှော်လင့်ချက်တွေ ပြည့်စုံသွားပါပြီ။ JK အတွက် ၂၀၂၅ က တကယ့်ထူးခြားတဲ့နှစ်ပါ။ မြန်မာ့ဂုဏ်ဆောင်အဖြစ် ပြည်ပမှာသွားပြိုင်တဲ့ အချိန်မှာလဲ အားပေးကြပါအုံး"ဟု Miss Grand Myanmar 2025 Winner ဆုရှင် JK Sofia က ပြောပြသည်။

Miss Grand Myanmar 2025 ပြိုင်ပွဲကြီးတွင် Winner ဆုကို နမ့်ခမ်း အလှမယ် JK Sofia၊ 1st Runner Up ဆုကို ရန်ကုန်အရှေ့ အလှမယ် အထင်ကရပိုပို၊ 2nd Runner Up ဆုကို မကွေးအလှမယ် သရဖီမောင်၊ 3rd Runner Up ဆုကို ဗန်းမော်အလှမယ် Julie Htoi San၊ 4th Runner Upဆုကို ဟားခါး အလှမယ် အိမ့်မျိုးသွယ်အောင်တို့ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ASH

## မင်္ဂလာပွဲ ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်




ရန်ကုန် ဇွန် ၂၃

The Ray ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မင်္ဂလာပွဲ ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၇ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် တိုင်ရွှန်ထံမှ သိရသည်။

မင်္ဂလာပွဲ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မင်းကိုစိုး(နတ်သံကွင်း)က ရေးသားထားပြီး ရန်နိုင်ထွန်း၊ သားမြင့်ဆွေ၊ မောင်သစ္စာတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) နှင့် တွဲဖက် ဒါရိုက်တာ နေလင်းတို့က ပုံဖော်ရိုက်ကူးထားသည့် လူငယ်အချစ်ဟာသ ဇာတ်မြူးဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ အရမ်းအသန့်ကြိုက်ပြီး ကပ်စေးနဲတဲ့ လူပျိုကြီးကျော်သူအောင်အဖြစ် သရုပ်ဆောင်ထားပါတယ်။ အသန့်ကြိုက်ပြီး ကပ်စေးနဲတဲ့ ကျော်သူအောင်နဲ့ တလွဲတွေလုပ်တဲ့ ကောင်မလေးတစ်ယောက် ဆုံမိရာကနေ ဖြစ်လာတဲ့ ဟာသဇာတ်မြူးကားလေးပါ။ ဒီဇာတ်ကားမှာ မင်္ဂလာပွဲတစ်ပွဲ ကို စီစဉ်ကြရင်း ဘယ်လိုဘယ်ပုံ ဟာသဖြစ်ရပ်တွေ ဖြစ်လာမလဲဆိုတာရုံတင်ရင် ရှုစားပေးကြပါအုံး" ဟု တိုင်ရွှန်က ပြောပြသည်။

မင်္ဂလာပွဲ ရုပ်ရှင်ဇာတ်ကားတွင် တိုင်ရွှန်၊ နေဝင်း၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ သွက်လက်၊ ဇင်မျိုး၊ စုပါလင်း၊ မာမီသက်၊ စိုးမြတ်သူဇာ၊ မေမြင့်မိုရ်၊ ခြူးလေး၊ လှမျိုးသဥ္ဇာနွယ်၊ အေးသီတာ၊ စင်သီတာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

## Highlander ဇာတ်ကား၌ မင်းသား ရက်ဆဲလ်ခရိုးပါဝင်မည်

နယူးယောက် ဇွန် ၂၃

Amazon MGM စတူဒီယို ၏ Highlander ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ရက်ဆဲလ်ခရိုးပါဝင်မည်ဖြစ်ကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

Highlander ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ရက်ဆဲလ်ခရိုးသည် မင်းသား ဟင်နရီကာဗေးနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ခေတ်အဆက်ဆက် သေဆုံးခြင်းမရှိဘဲ အသက်ရှင်သန်နေကြသည့် ရှေးစစ်သည်တော်များ၏ အားပြိုင်ပွဲကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Highlander ဇာတ်ကားတွင် မင်းသား ရက်ဆဲလ်ခရိုးသည် ရာမိရက် ဇာတ်ကောင်နေရာ၌ သရုပ်ဆောင်ရမည်ဖြစ်သည်။

မူလ Highlander ၁၉၈၀ ဇာတ်ကားတွင် ရာမိရက် ဇာတ်ကောင်နေရာ၌ ကမ္ဘာကျော်မင်းသား ရှုပါကွန်နရီပါဝင်သရုပ်ဆောင်ခဲ့သည်။

Amazon MGM စတူဒီယို ၏ Highlander ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ချက်စတာ ဟဲစကီးကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို မိုက်ကယ်ဖင့်က ရေးသားပေးထားသည်။

Ref : Sputnik News

Trs : KKO





## Road House - 2 ဇာတ်ကား၌ မင်းသား ဒေ့ဘာတစ်စတာ ပါဝင်ဖွယ်ရှိ

နယူးယောက် ဇွန် ၂၃

Amazon MGM စတူဒီယို၏ Road House – 2 ဇာတ်ကား၌ မင်းသား ဒေ့ဘာတစ်စတာ ပါဝင် သရုပ်ဆောင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် Road House – 2 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန် Amazon MGM စတူဒီယိုက ဒေ့ဘာတစ်စတာကို ကမ်းလှမ်းထားပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ Road House – 2 ဇာတ်ကားကို ဒါရိုက်တာ ဂေးရစ်ချီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာဝီဘဲက ရေးသားပေးထားခြင်းဖြစ်သည်။

Road House – 2 တွင် မူလ Road House ဇာတ်ကားတွင် ပါဝင်သော မင်းသား ဂျိတ်ဂျီလန်ဘာ ပြန်လည်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မူလ Road House 2024 ကို ဒါရိုက်တာ ဝေါက်လပ်လီမင့်က တာဝန်ယူ ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်တွင်Road House – 2 ဇာတ်ကားရိုက်ကူးမည့် နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးပေ။

Ref : Russia Today

Trs : KKO



# KhinU Township plant more than 2,000 acres of maize and sweet corns this year



A maize plantation in KhinU Township.

**KhinU June 23**

This year, local farmers have completed cultivation of over 2,000 acres of maize and sweet corns in KhinU Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025-2026 monsoon crop season, local authorities earmarked cultivation of 6,496 acres of maize in KhinU Township — 1,005 acres of maize and 5,491 acres of sweet corns. Planting began in June this year, and as of today, a total of 2,658 acres — 101 acres of maize and 2,557 acres of sweet corns — have already been cultivated.

"The plan for this year's monsoon season in KhinU Township is to grow over 6,000 acres of maize and sweet corns. So far, more than 2,000 acres have already been planted. Efforts are being made to ensure the target acreage is fully met. To ensure the success of maize crops, awareness campaigns are being carried out to prevent pest and disease outbreaks," said U Nay Win Naing, Head of the Department of Agriculture, KhinU Township.

This year, the Department of Agriculture in KhinU Township has been conducting training sessions for farmers cultivating seed and sweet corn, organizing field demonstrations, and carrying out preventive measures against stem borers and other pests. Use of neem-based pesticides and natural pest repellents like ginger and chili Agricultural awareness campaigns are ongoing.

It is reported that maize yields over 50 baskets per acre, with a production cost of about K500,000 per acre, and sweet corn yields about 15,000 ears per acre, also with a production cost exceeding K500,000 per acre. 206

# 65,000 viss of flower snail sent to Yangon market in April

**Pyapon June 23**

Merchants from Pyapon Township of Ayeyawady Region shipped 65,000 viss of flower snails to Yangon market in May this year, said Daw Aye Thu, the owner of fishery product trading commodity in Pyapon Township.

They sent 45,000 viss of flower snail to Yangon in April but 65,000 viss in May.

Daw Aye Thu disclosed: "Local merchants sell fishery products to Yangon market. Now, they sell 65,000 viss of flower snails. Currently, fishery products are in high demand at Yangon market. Its price depends on freshness and cleanliness. Seafood restaurants demand to purchase flowery snails. So, local merchants and fishermen are convenient in their livelihoods."

It is reported that flower snails exported from Pyapon Township were priced up to K21,000 per viss. Due to good sales and increased exports not only of flower snails but also of other fishery products from the region, job opportunities are reportedly favorable for fishermen, individual traders, market stall operators, merchants, and freight vehicle rental service providers. Kyaw Kyaw Lin



Photo shows flower snails to be transported to Yangon.

# Kyaukmyaung Sub-Township completes cultivation of peanut this monsoon

**Kyaukmyaung June 23**

Local farmers from Kyaukmyaung Sub-Township of Shwebo District in Sagaing Region finished cultivation of 6,000 acres of peanut this monsoon, according to the data of the Sub-Township Agriculture Department.

During the 2025-2026 monsoon crop season, it was planned to cultivate 12,867 acres of groundnut in Kyaukmyaung Sub-Township. Cultivation began in May of this year, and as of today, 6,255 acres have already been planted.

"This year, during the monsoon crop season, over 12,000 acres of peanut are planned to be cultivated in Kyaukmyaung Sub-Township. So far, over 6,000 acres have been successfully planted. Efforts are being made to meet the full targeted acreage. As an oil crop, peanut cultivation is currently in a successful state. The acreage of groundnut cultivation has been increasing year by year," said Daw Khin Win, Head of the Department of Agriculture for Kyaukmyaung Sub-Township.

In Kyaukmyaung Sub-Township, one and a half baskets of seeds are sown per acre for peanut cultivation. The cost per acre, including seed cost, labour charges, fertilizers, and pesticides, exceeds K200,000. It is reported that one acre typically yields over 50 baskets.

This year, in order to ensure the success of the peanut fields in Kyaukmyaung Sub-Township, field inspections are being carried out by staff from the township's Department of Agriculture to check for pest and disease outbreaks and to ensure weed-free fields, while recording field observation data. 206

# Fake child-bride wedding triggers probe at Disneyland Paris

**Paris June 23**

Two people are being questioned by French police after DisneyLand Paris staff raised concerns about a suspected fake wedding ceremony, allegedly involving a nine-year-old Ukrainian girl.

The incident was first reported by Le Parisien, which said a man had rented the Disneyland Paris complex several weeks earlier for a private event costing €130,000 ($150,000). The booking was scheduled outside of regular park hours with the alleged ceremony taking place early Saturday morning.

Staff and security reportedly raised the alarm when they noticed that a girl dressed as a bride appeared to be underage. After police were called to the scene, the Meaux prosecutor's office said that the "marriage" was staged.

"So it wasn't a wedding, but a staged wedding filmed with around a hundred extras. They privatized Disneyland Paris, pretending it was a real wedding," the magistrate told AFP.

Four people were initially taken into police custody, with two remaining under questioning on Sunday on suspicion of fraud and money laundering. Among them was a 22-year-old man, believed to be British, who allegedly posed as the groom and organized the event, according to AFP. A 24-year-old woman from Latvia was also being questioned.

RT

# Suicide bombing kills at least 19 at Damascus church during Sunday mass

**Damascus June 23**


A suicide bomber stormed a crowded church in the Syrian capital Damascus during Sunday mass, opening fire on worshippers before detonating his explosives, killing at least 19 people and injuring dozens more, security sources and a monitoring group said.

The Syrian health authorities put the latest official death toll at 13, with 53 others wounded.

The blast ripped through the Mar Elias Church in the Dweilaa district, a predominantly Christian neighborhood on the eastern outskirts of Damascus, leaving behind blood-stained pews, shattered icons, and scenes of chaos, according to eyewitnesses and local media.

The Syrian Observatory for Human Rights said the attacker opened fire inside the packed church before blowing himself up, causing "severe human losses." The monitoring group reported that the toll may rise given the critical condition of many of the injured.

Xinhua



People walk through the shattered courtyard of Mar Elias Church in the Dweilaa district on the outskirts of Damascus, Syria, on June 22, 2025, after a deadly suicide bombing struck the church during Mass.

# Businesspersons sell 65,000 baskets of Theehtetyin paddy to Yangon market in May



Workers putting paddy into bags.

**Zalun June 23**

Local merchants from Zalun Township of Ayeyawady Region supplied 65,000 baskets of Theehtetyin paddy to Yangon market in May this year, said Daw Ei Ei Tun, the owner of rice and paddy trading wholesale centre in Zalun Township.

In Zalun Township, during the month of April this year, only up to 50,000 baskets of the "Theehtetyin" variety of paddy were able to be transported and sold to the Yangon market. However, in May this year, up to 65,000 baskets of the same paddy variety were transported and sold, according to reports.

"In the past month alone, up to 65,000 baskets of Theehtetyin paddy have been transported and sold to the Yangon market. Zalun Township is one of the main suppliers of paddy and other agricultural products to the Yangon market. The Theehtetyin variety belongs to the non-premium grain group. The reason for the increased transport is due to high demand from buyers in Yangon. Currently, paddy prices are also high, and there is a strong demand in the domestic rice and paddy markets," said Daw Ei Ei Tun.

The Theehtetyin paddy variety sold from Zalun to the Yangon market over the past month was fetching prices of up to K1,545,000 per 100 baskets. As sales improve, farmers, traders, cargo workers, and truck rental operators are gaining more job opportunities.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Maubin Township dispatches a large number of egg to Yangon market in May

**Maubin June 23**

Local businesspersons from Maubin Township of Ayeyawady Region sent a large number of egg to Yangon market in May this year, said Daw Thuza Myint, the owner of livestock product trading centre in Maubin Township.

They sold 54,000 eggs to Yangon market in April but 650,000 egg in May.

"From our side, we mostly export and sell local products to the Yangon market. Over the past month, we have exported and sold a large number of chicken eggs. Even now in June, egg prices remain high, and the trading is going well. The main reason for the good egg prices this year is due to a decrease in the number of people raising layer chickens in the region," said Daw Thuza Myint.

In Maubin Township, those involved in the layer chicken farming business raises between 1,500 and 2,500 chickens per farm. The locally produced eggs are properly cleaned and packed in trays before being exported mainly to the Yangon market. Kyaw Kyaw Lin



Trays of eggs seen at a market.

# Yinkwe mango variety in high demand at domestic market in Mawlamyinegyun Township

**Mawlamyinegyun June 23**

Yinkwe mango variety is marketable in Mawlamyinegyun Township of Ayeyawady Region, said Daw Win Win Thu, the owner of mango trading commodity in Mawlamyinegyun Township.

In Mawlamyinegyun Township, the locally grown Yinkwe mangoes have been actively traded in the market since the second week of June this year. It is reported that the daily demand has been strong, with purchases ranging from 45,000 to 55,000 mangoes per day. The price has reached up to K72,000 per 100 pieces of mango.

"Mangoes harvested from our side are in high demand from other townships. Currently, trade volume has reached up to 55,000 mangoes per day. These mangoes are of high quality and very fresh. Since they are locally produced, consumers are able to access clean and fresh food products at reasonable prices. Other regions are actively purchasing these Yinkwe mangoes transported from our area. As demand for these local mangoes increases, mango farmers are enjoying greater opportunities and improved livelihoods," said Daw Win Win Thu.

It is also noted that this is currently the mango season in Mawlamyinegyun Township, including the Yinkwe mango variety. The rise in demand and trade of these local mangoes brings several benefits—such as focusing only on local produce, reduced transportation costs, and the advantage of freshness of goods.

Kyaw Kyaw Lin

# Farmers finish cultivation of rain-fed sesame in Budalin Township

**Budalin June 23**

Statistics of Budalin Township Agriculture Department stated that local farmers have planted more than 5,000 acres of rain-fed sesame in Budalin Township of Sagaing Region this year.

During the 2025-2026 monsoon crop season, it is planned to cultivate 53,110 acres of rain-fed sesame in Budalin Township. Cultivation began in May of this year, and as of today, a total of 5,162 acres have already been sown.

"This year, for the monsoon crop season, over 53,000 acres of rain-fed sesame are planned to be cultivated in Budalin Township. As of today, more than 5,000 acres have already been cultivated. Efforts are being made to ensure the full targeted acreage is achieved. We are also working to expand sesame cultivation areas, improve yields, and promote cultivation using GAP (Good Agricultural Practices)," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Budalin Township Agriculture Department has been providing awareness and guidance to sesame farmers on how to expand cultivation, adopt proper farming methods and GAP techniques, use quality seeds, and grow high-yield varieties.

Crops produced using the GAP system have higher quality than those grown through conventional methods, fetch better prices, and can be sold not only in local markets but also exported to international markets. As a result, farmers who produce crops under the GAP system are likely to gain better economic benefits and see improvements in their socio-economic status.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်က မျိုးဆက်သစ်ဒရုန်းများနှင့် ဉာဏ်ရည်တုနည်းပညာသုံးစစ်ပွဲမဟာဗျူဟာများဖော်ဆောင်နိုင်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း



ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် မျိုးဆက်သစ်ဒရုန်းများနှင့် ဉာဏ်ရည်တုနည်းပညာသုံး စစ်ပွဲမဟာဗျူဟာများ ဖော်ဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်များ အဆင့်မြှင့်တင်ရာတွင် အဖွဲ့ဝင် ၃၀ ပါအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ဤလုပ်ဆောင်မှုသည် ယူကရိန်းပဋိပက္ခမှ သင်ခန်းစာဖော်ထုတ်ချက်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်မှု အရှိန်မြှင့်တင်ရန်၊ ဂျပန်နိုင်ငံ ကာကွယ်ရေး-စက်မှုလုပ်ငန်းများ ခိုင်မာအားကောင်းလာစေရန်၊ အမေရိကန်တပ်ဖွဲ့များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ဤကာကွယ်ရေးမဟာဗျူဟာအဖွဲ့ကို မောင်းသူမဲ့စနစ်များနှင့် ဉာဏ်ရည်တုနည်းပညာတို့ကို ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအခန်းကဏ္ဍတွင် တိုးချဲ့အသုံးပြုနိုင်ရန်အတွက် ပေါင်းစည်းရေးမူဝါဒတစ်ရပ်ကိုဖော်ဆောင်ရန် တာဝန်ပေးထားပြီး နိုင်ငံ့တပ်မတော်ခေတ်မီရေးနှင့် ပြည်ပတင်ပို့ ရောင်းချနိုင်ရေး အလားအလာများအပေါ် အာရုံစိုက် လုပ်ဆောင်သွားစေမည်ဖြစ်သည်။

သမိုင်းကြောင်းအရ ဂျပန်နိုင်ငံ၏ ဒရုန်းနည်းပညာနှင့် ဆက်စပ်လုပ်ဆောင်မှုများတွင် ကင်းထောက်ဒရုန်းများမှသည် ပိုမိုအဆင့်မြင့်သော တိုက်ခိုက်ရေးဒရုန်းနှင့် ဘက်စုံသုံးဒရုန်းများထိ တီထွင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်လာမှုများကို တွေ့မြင်ခဲ့ကြရမည်ဖြစ်သည်။ အစိက သမိုင်းမှတ်တိုင်တစ်ခုမှာ ပစ်မှတ်ရှာဖွေ ထောက်လှမ်းခြင်းနှင့် စစ်မြေပြင် စောင့်ကြည့်ခြင်းများအတွက် အသုံးပြုသော တောင်ပံ ပုံသေတပ်ဒရုန်းများနှင့် ဒေါင်လိုက်ပျံသန်းနိုင်သော ဒရုန်းမျိုးကွဲများ အပါအဝင် Fuji TACOM UAV စီးရီး ဖွံ့ဖြိုးတိုးတက်လာမှုပင်ဖြစ်သည်။ မကြာသေးမီက ကာကွယ်ရေးဝန်ကြီးဌာနသည် Research Institute for Secure Systems(RISEC) သုတေသနအင်စတီကျူနှင့် အခြားအေဂျင်စီများကိုနည်းဗျူဟာနှင့်ဗျူဟာမြောက် UAV များအတွက် ဉာဏ်ရည်တုနည်းပညာ လမ်းကြောင်းပြစနစ်သုံး မော်ဂျူးများ၊ အလိုအလျောက် အုပ်ဖွဲ့လုပ်ဆောင်နိုင်မှု စနစ်များ၊ သင့်လျော်သော အာရုံခံကိရိယာများ ပေါင်းစည်းလုပ်ဆောင်မှုဆိုင်ရာ အယ်လဂိုရီသမ်များ တီထွင်ဖန်တီးနိုင်ရန်အတွက် ရန်ပုံငွေပံ့ပိုးပေးခဲ့သည်။ ပြန်လည်သုံးသပ်နေသည့် လက်ရှိစနစ်များတွင် Electro-Optical/Infrared (EO/IR) Payload များ၊ Synthetic aperture radar (SAR) နှင့် ဉာဏ်ရည်တုနည်းပညာသုံး အရာဝတ္ထုများ အလိုအလျောက်မှတ်သားနိုင်သည့် ဆော့ဖ်ဝဲလ်စနစ်တို့ ပါဝင်သည်။ ဤအကူးအပြောင်းသည် GPS အချက်ပြမှုအားတန်ပြန်ထားသောအခြေအနေတစ်ရပ်အောက်တွင်ပင် စဉ်ဆက်မပြတ်စောင့်ကြည့်ထောက်လှမ်းခြင်း၊ အလိုအလျောက် ဒေတာတွက်ချက်ခြင်းနှင့် တိုက်ခိုက်ရေးမစ်ရှင်များ လုပ်ဆောင်နိုင်စွမ်းရှိသော မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ဂျပန်နိုင်ငံ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များကို တပ်ဆင်ပေးသွားနိုင်ရန် ပိုမိုကျယ်ပြန့်စွာ တွန်းအားပေးလုပ်ဆောင်နေမှုကို ဖော်ညွှန်းပြသလျက်ရှိသည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော အဆိုပါအဖွဲ့သည် တိုက်ခိုက်ရေးဒရုန်းများ၊ ထောက်လှမ်းရေးဒရုန်းများနှင့် မောင်းသူမဲ့ရေယာဉ်များစသည်တို့အပါအဝင် မောင်းသူမဲ့စနစ်များ၏ စွမ်းဆောင်ရည်များကို နက်နက်ရှိုင်းရှိုင်း အကဲဖြတ်ဆန်းစစ်သွားနိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အလိုအလျောက် ကိုယ်ပိုင်တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည့် အစီအစဉ်များရေးဆွဲခြင်း၊ ဉာဏ်ရည်တုနည်းပညာသုံး၍ ကင်းထောက်ခြင်း၊ လက်ရှိ ကြီးကြပ်ကွပ်ကဲမှုစနစ်များနှင့် ပေါင်းစည်းတပ်ဖြန့်နိုင်ခြင်းတို့ အာရုံစိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Exclusive: Japan Creates Defense Team to Develop Combat Drone and Artificial Intelligence Warfare** ကို ဘာသာပြန်ဆိုထားပါသည်။

## ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့က အမေရိကန်ထုတ် ယာဉ်တင်ပင်လယ်ရေကြောင်းတိုက်ခိုက်မှုစနစ်(NMESIS)ကို စစ်ရေးလေ့ကျင့်မှုများတွင် အသုံးပြုလျက်ရှိ

ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့သည် အမေရိကန်ထုတ် ကမ်းရိုးတန်းအခြေစိုက် ယာဉ်တင် ပင်လယ်ရေကြောင်းတိုက်ခိုက်မှုစနစ် (NMESIS) ကို ဖိလစ်ပိုင်တွင် လက်ရှိတပ်ဖြန့်ထားဆဲဖြစ်ပြီး စစ်ရေးလေ့ကျင့်မှုများတွင် အသုံးပြုလျက်ရှိကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

NMESIS စနစ်ကို ၂၀၂၅ ခုနှစ် ဧပြီ ၂၁ ရက်မှ မေ ၉ ရက် ထိ Exercise Balika-tan စစ်ရေးလေ့ကျင့်မှုအပြီးတွင် ဆက်လက်တပ်ဖြန့်ထားဆဲဖြစ်ကာ ဖိလစ်ပိုင်စစ်ဘက်အဆင့်မြှင့်တင်ရေး အက်ဥပဒေအောက်တွင် ဖိလစ်ပိုင်နိုင်ငံ ကမ်းရိုးတန်းကာကွယ်ရေးမဟာဗျူဟာ ချမှတ်ဖော်ဆောင်နေမှုကို အချက်ပြနေခြင်းပင်ဖြစ်သည်။ NMESIS တိုက်ခိုက်မှုစနစ်ကို လေ့ကျင့်မှုတွင် ပေါင်းစည်းအသုံးပြုနိုင်မှုသည် စစ်လက်နက်ပစ္စည်းပိုင်း အဆင့်မြှင့်တင်နိုင်ရုံမျှမက ဒေသတွင်းဟန့်တားမှုအတွက် ဖိလစ်ပိုင်နှင့် အမေရိကန်နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာစွမ်းရည်များကို ချိန်ညှိရာတွင် ရှေ့သို့တက်လှမ်းလုပ်ဆောင်လာသည်ကို ဖော်ညွှန်းနေခြင်းဖြစ်သည်။

"ပခုံးချင်းယှဉ်၍"ဟု အဓိပ္ပာယ်ရသော Balikatan စစ်ရေးလေ့ကျင့်မှုသည် အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား နှစ်စဉ်ပြုလုပ်နေကျ အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်သည်။ ဩစတြေးလျ၊ ဂျပန်၊ ကနေဒါ၊ ယူကေနှင့် ပြင်သစ်တို့ကဲ့သို့ မဟာမိတ်နိုင်ငံများမှ တပ်ဖွဲ့ဝင်များအပါအဝင် တပ်ဖွဲ့ဝင်အင်အား ၁၄၀၀၀ ကျော် စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်ခဲ့ကြသည်။ လေ့ကျင့်မှုများတွင် ကုန်းရေနှစ်သွယ် စစ်ဆင်ရေးနှင့် လက်နက်များပေါင်းစပ်ပစ်ခတ်မှုမှသည် ဆိုက်ဘာစစ်ပွဲသရုပ်ဖော်လေ့ကျင့်မှုများ၊ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ပေါင်းစပ်တပ်ဖြန့်မှုများထိ ပါဝင်သည်။ တောင်တရုတ်ပင်လယ်နှင့် ဖိလစ်ပိုင်ပင်လယ်ကြား ရေကြောင်းသွားလာမှုအတွက် အရေးပါသော လူဇွန်ရေလက်ကြားအနီး မဟာဗျူဟာမြောက်တည်ရှိနေသည့်မြောက်လူဇွန်နှင့် Batanes ကျွန်းများတွင် သင်္ဘောတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုများ သဏ္ဍာန်တူလေ့ကျင့်နိုင်ရန် NMESIS ပင်လယ်ရေကြောင်းတိုက်ခိုက်မှုစနစ်ကို တပ်ဖြန့်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ NMESIS စနစ်သည် နော်ဝေနိုင်ငံ Kongsberg Defense & Aerospace နှင့် အမေရိကန်နိုင်ငံ Ray-theon Missiles & Defense ကုမ္ပဏီတို့ကြား ပူးပေါင်းဖန်တီးထားသည့် တာဝေးပစ်၊ တိကျစွာ လမ်းညွှန်သင်္ဘောဖျက်ဒုံးကျည်ကို အခြေခံထုတ်လုပ်ထားသော



မျိုးဆက်သစ် ဒုံးကျည်စနစ်တစ်ခုလည်းဖြစ်သည်။ NMESIS စနစ်ကို မြေပြင်ကြည်းတပ်အတွက် အဓိကထားထုတ်လုပ်ထားပြီး တပ်ဖွဲ့ဝင်များ အန္တရာယ်ကင်းစွာတိုက်ပွဲဝင်နိုင်ရန်အဝေးမှ ကြီးကြပ်ကွပ်ကဲမှုစနစ်ဖြင့် ချိတ်ဆက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ NMESIS စနစ် တပ်ဆင်အသုံးပြုသည့် ဒုံးကျည်လောင်ချာယာဉ်တစ်ခုတွင် ဒုံးကျည်နှစ်စင်း တပ်ဆင်ပစ်လွှတ်နိုင်ပြီး ဓာတ်အားပေးစက်၊ ဆက်သွယ်ရေးစနစ်များနှင့် ပင်လယ်ရေကြောင်းပတ်ဝန်းကျင်များတွင် ကြုံတွေ့လာနိုင်ရသည့်စနစ် ချို့ယွင်းချက်များကို အပြစ်ရှာပြုပြင်နိုင်သည့်စနစ်များ တစ်ပါတည်း တပ်ဆင်ပေးထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် NMESIS စနစ်ရောက်ရှိနေခြင်းသည် အမေရိကန်-ဖိလစ်ပိုင် ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးကို နက်ရှိုင်းမှု၏ ထင်ရှားသောရလဒ်တစ်ခုဖြစ်ပြီး အမေရိကန်မူဝါဒတွင် ပြိုင်ဘက်ရေပိုင်နက်အတွင်းရန်လိုသည့် အပြုအမူများကို ဟန့်တားရာတွင် ဒေသတွင်းမိတ်ဖက်များ၏ တိုးမြှင့်လုပ်ဆောင်လာနေသည့်အခန်းကဏ္ဍကို မြင်တွေ့နိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**U.S. Maintains NMESIS Anti-Ship Missile Systems in Philippines to Enhance Southeast Asia Security** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ဧက ၆၅၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၆၅၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ကြံ ၆၅၉၀၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၆၅၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ကြံ ၆၅၉၀၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကြံဧက ၆၅၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဒီဘက်မှာရှိတဲ့ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ကြပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ကြံကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင်စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။


ထီးချိုင့်မြို့နယ်၌ ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားကုန်ကျပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများဖြစ်သည့် ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို ဦးစားပေးစိုက်ပျိုးကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်၌ ဒေသထွက်သခွားသီးများကို ဈေးကွက်တွင် ယခုနှစ် ဇွန်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သခွားသီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါသခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကထွက်တဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။ လက်ရှိ သခွားသီး အလုံးရေအများအပြား အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလိုဒေသထွက်ကုန် သခွားသီးတွေ ရောင်းအားကောင်းလာတော့စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်''ဟု ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ကုန်စိမ်းသီးနှံများပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါဒေသထွက် သခွားသီးများသည် လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် နားသဲ(မြောက်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မောက်မယ် ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် နားသဲ(မြောက်)ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာသူကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နားသဲ(မြောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဇေယျာသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျွန်းရောင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ရွာသစ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅၁ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၄၁၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ်သိန်း ၁၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၇ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၁ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘ်လူး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ







**နေပြည်တော် ဇွန် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့်ငါးမျိုးစိုက်ထည့်ပွဲတို့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်း ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပူနွေးကမ္ဘာတားဆီးရာ- ဖြေရှာတစ်ခုတောပြုစု ဆိုသည့်အတိုင်း ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရန်သစ်တောများ၏အရေးပါမှုကို သိရှိနားလည်ပြီး စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်စေရန်အတွက် စဉ်ဆက်မပြတ်ပြုစုပျိုးထောင် ထိန်းသိမ်းပေးကြရန်နှင့် ရှိပြီးဖြစ်သည့် သဘာဝတောကျန်သစ်ပင်များကိုလည်း အားလုံးဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဌာနဆိုင်ရာများအလိုက် ပျိုးပင်များကို ခွဲဝေပေးအပ်ရာ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို သစ်တောဦးစီးဌာန နေပြည်တော် ဥတ္တရသီရိခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်က လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး စိုက်ပျိုးကြမည့် ဝန်ထမ်းများကို ဆက်လက်ခွဲဝေပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့က ကံ့ကော်ပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများက သစ်ပင်ပျိုးပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများသို့ ရေဖြန့်ဝေပေးနေသည့် ရေဂါလန် ၁၅၀၀၀၀ ဆံ့ ရေစစ်ကန်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားငါးကန်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ငါးမျိုးများကိုဦးစွာစိုက်ထည့်ပေးကြပြီး တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများက ငါးမျိုးများကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဆိတ် ၁၇၅ ကောင် မွေးမြူထားရှိမှုနှင့် ဘဲ ၃၆၆ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်က ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပျိုးပင် ၁၆၀၀၊ ၂၀၂၃ ခုနှစ်တွင် သစ်ပင်ပျိုးပင် ၁၄၀၀ နှင့် စိန်တစ်လုံးသရက်ပျိုးပင် ၆၂၅ ပင်၊ ၂၀၂၄ ခုနှစ်က သစ်ပင်ပျိုးပင် ၁၅၀၀ နှင့် စိန်တစ်လုံးသရက်ပင် ၅၀၀ စိုက်ပျိုးခဲ့ကြပြီး ယနေ့ကျင်းပသည့် စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပျိုးပင် ၁၅၀၀ နှင့်စိန်တစ်လုံးသရက်ပင် ၅၀၀ စိုက်ပျိုးမှုနှင့်အတူ ငါးမြစ်ချင်းအကောင် ၂၅၀၀ နှင့် ထိုင်းငါးခုံးမသားပေါက်အကောင် ၂၅၀၀ စိုက်ထည့်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံတွင် စက်မှုဌာနခွဲမှ အင်ဂျင်နီယာဝန်ထမ်းများအတွက် တစ်လကြာဖွင့်လှစ်သည့် Advanced Course for Broadcasting Training သင်တန်း ဖွင့်လှစ်လေ့ကျင့်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ Conference Room တွင် Elevate ကုမ္ပဏီမှ CEO က MRTV ရုပ်သံလိုင်းများကို Internet Over the Top(OTT) ထုတ်လွှင့်ရာတွင် CND အရေးပါအသုံးပြုမှုနှင့် AI နည်းပညာဖြင့် ရုပ်၊သံထုတ်လုပ်တင်ဆက်ခြင်းဆိုင်ရာများ ရှင်းလင်းပြသမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် News Studio-2 တွင် MRTV HD Channel မှ နေ့စဉ် ည ၇ နာရီနှင့် နောက်တစ်နေ့ နံနက် ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိသည့် "မေးမြန်းဖြေကြား ပြည်သူ့အတွက် သတင်းစကား" အစီအစဉ်ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး Online တွင် ပျံ့နှံ့နေသည့် မဟုတ်မမှန်သတင်းများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများထံ အလျင်အမြန်ဆက်သွယ်မေးမြန်းပြီး သတင်းမှန်ပြန်ကြားခြင်းကဏ္ဍကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

၂၀၂၅ ခုနှစ်အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ဦးစွာ ပြိုင်ပွဲဝင်များသည် အမျိုးသား၊ အမျိုးသမီး Recurve နှင့် Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲကို ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အတိုးတက်ဆုံးအမျိုးသား၊ အမျိုးသမီး အားကစားသမားဆု၊Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲနှင့် Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကတစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်သည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများကို အင်အားဖြည့်ကျွေးမွေးနိုင်ရန်အတွက် နိုင်ငံတော်က ထပ်ဆောင်းတိုးမြှင့်ပေးသည့်ငွေများ အလေအလွင့်မရှိစေရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက လက်ရှိ ကျွေးမွေးနေမှုအခြေအနေများနှင့် အာဟာရပြည့်ဝအောင် ထပ်မံကျွေးမွေးသင့်သည့်အစားအစာများကို အကြံပြုဆွေးနွေးတင်ပြပေးရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အားကစားဆေးဘက်ဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် အားကစားနည်းအလိုက်အုပ်ချုပ်သူများနှင့် နည်းပြများက အားကစားနည်းအလိုက် လိုအပ်သည့် အာဟာရ၊အားကစားသမားတစ်ဦး၏တစ်နေ့တာလိုအပ်သည့် ကယ်လိုရီအရ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်များ၊အသီးအနှံများနှင့် အစားအသောက်များကို ညီညွတ်မျှတစွာဖြင့် အလေအလွင့်မရှိဘဲ စနစ်တကျ ချက်ပြုတ်ကျွေးမွေးပေးနိုင်ရေး ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

၂၃ - ၆ - ၂၀၂၅

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# မျိုး၊ မြေဩဇာသွင်းအားစု၊ မျိုးစေ့ချကိရိယာများနှင့် လက်ဆွဲကောက်စိုက်စက်ပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်းအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်



**နေပြည်တော်  ဇွန် ၂၃**

မျိုး၊ မြေဩဇာသွင်းအားစု၊ မျိုးစေ့ချကိရိယာ(Seeder)များနှင့် လက်ဆွဲကောက်စိုက်စက်ပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တောင်သူများ၏လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများပိုမိုလုပ်ကိုင်နိုင်ရေး၊ ကျေးရွာများတွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး၊ထွက်ရှိလာသော စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာများပေးအပ်ခဲ့မှု၊ တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီး မန်နေဂျာက ဘဏ်အရစ်ကျစနစ်ဖြင့် တောင်သူတစ်ဦးချင်း၊ သမဝါယမအသင်းသားတစ်ဦးချင်း သော်လည်းကောင်း၊ အသင်းအစုအဖွဲ့အနေဖြင့်သော်လည်းကောင်း သက်သာသော အတိုးနှုန်းဖြင့်ချေးငွေရယူပြီး ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူနိုင်မည့် အခြေအနေ၊ကဏ္ဍအလိုက် မျိုးစေ့ထုတ်လုပ်မှု၊ သွင်းအားစုမြေဩဇာထုတ်လုပ်မှု၊လယ်ယာသုံးစက်ကိရိယာ တင်သွင်းရောင်းချနေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်းများအတွက် အထွက်တိုးစပါးမျိုးများ၊အစေ့ချစက်(Seeder) များနှင့် သွင်းအားစုမြေဩဇာများကို အသင်းသား တောင်သူများထံပေးအပ်ကြပြီး ခင်းကျင်းပြသထားသော မျိုးစေ့များ၊ မြေဩဇာသွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပဲခူးမြို့နယ် အိုးဘိုကျေးရွာ၌ အိုးဘိုကျေးရွာသမဝါယမလယ်ယာဝန်ဆောင်သမဝါယမအသင်းမှ ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အသင်းသားတောင်သူများထံ မျိုးစေ့၊ မြေဩဇာသွင်းအားစုနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော သင်တန်းသားတစ်ဦး၏"သူ"ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း၊ ရန်ကုန်-ပဲခူးကားလမ်းမကြီးမှ ရဲမွန်ကျေးရွာသို့ ဆက်သွယ်သောလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မှော်ဘီမြို့နယ် ရဲစုကျေးရွာ၌အစုအဖွဲ့စနစ်ဖြင့်မွေးမြူထားသော နို့စားနွားမွေးမြူရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော်  ဇွန် ၂၃**

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊တက္ကသိုလ်၊ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများအား အမှာစကားပြောကြားခြင်းကို ယနေ့နံနက်ပိုင်း၌ နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဇွန် ၁၆ ရက်မှ ၂၂ ရက်ထိ အောင်မြင်စွာ ကျင်းပပြီးစီးအောင် ဝိုင်းဝန်းကူညီတာဝန်ထမ်းဆောင်ခဲ့ကြသူများအာလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ၊ အခြေခံပညာကျောင်းများကို ဖွင့်လှစ်ခဲ့သည်မှာ ရက်သတ္တသုံးပတ်ရှိပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ်တတ်မြောက်အောင် စေတနာထားသင်ကြားပေးစေလိုပါကြောင်း၊ ကျောင်းပရဝဏ်သန့်ရှင်းရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး အစဉ်တစိုက် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ တက္ကသိုလ်များတွင် လက်တွေ့ခန်းသုံးပစ္စည်းများ၊ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူပြီးပါက SOP စံသတ်မှတ်ချက်များအတိုင်း စနစ်တကျလိုက်နာ၍ အကျိုးရှိထိရောက်စွာ အသုံးပြုကြရန်လိုပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အတန်းပညာသင်ကြားပေးရုံသာမက ကလေးများ လိမ္မာရေးခြားရှိအောင် သင်ကြားပေးရမည့်အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်သင်ကြားပေးရန်လိုကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် ဆရာ၊ ဆရာမများခန့်ထားခြင်း၊ ကျောင်းလခကောက်ခံခြင်းများကို ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရေးကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ကိန်းဂဏန်းအချက်အလက်များမှန်ကန်ရေးအထူးကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်နေသော လုပ်ငန်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာသူများက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ **စက်ဘီးစီးပြိုင်ပွဲမှ**

ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်စက်ဘီးဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ပြီး ပြိုင်ပွဲကိုစတင်ကျင်းပခဲ့သည်။

ထို့နောက်ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားအသက် ၂၀ နှစ်အောက် ပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများ၊ အမျိုးသားအသက် ၄၀ နှစ်အထက်ပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများ ၊ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများ၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင်ဆုရရှိကြသော အားကစားသမားများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

STA

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ပါ။**

# UNOCHA ၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇွန် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ ယာယီရုံးအကြီးအကဲ Ms. Vanessa May ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီရုံးခန်း (Prefabricated Office)နှင့် ယာယီဝန်ထမ်းအိမ်ရာ (Prefabricated House) လှူဒါန်းထားရှိမှုအခြေအနေများ၊ AHA Centre က လှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabricated School) ဆောက်လုပ်ပြီးစီးမှု၊ UNOCHA ၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးပိုမိုတိုးမြှင့်ရေး ဆွေးနွေး

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ရန်ကုန်မြို့အခြေစိုက် နီပေါသံရုံးမှ သံအမတ်ကြီး H. E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၊ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်ကိုင်းမြို့ ပါရမီရပ်ကွက် မဟာစည်းခုံကြီးစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းကိစ္စများ ရှင်းလင်းလျှောက်ထား၍ ဩဝါဒခံယူ

နေပြည်တော် ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် တိမ်းစောင်းသွားသော မဟာစည်းခုံကြီး စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဩဝါဒခံယူခြင်းကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တညာဏိဿရ ကြွရောက်တော်မူပြီး ကာကွယ်ရေးဦးစီးရုံးချုပ် (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တညာဏိဿရထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက မဟာစည်းခုံကြီးစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကိစ္စရပ်များကို လျှောက်ထားရှင်းလင်းပြီး ဩဝါဒခံယူစဉ်။

ဦးစွာ တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီးက ပရိတ်တရားတော်များချီးမြှင့်တော်မူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက မဟာစည်းခုံကြီးစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကိစ္စရပ်များကို လျှောက်ထားရှင်းလင်းပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ယင်းနောက် တိမ်းစောင်းသွားသော ထီးတော်ကြီး ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ကရိန်းစက်ယန္တရားကြီးဖြင့် ပြန်လည်တည်မတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာစည်းခုံကြီး စေတီတော်မြတ်ကြီး၏ သာသနာ့ဗိမာန်အား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှု၊ စေတီတော်ရင်ပြင်တိုးချဲ့ရန် မြေသားခိုင်မာမှုစမ်းသပ်စစ်ဆေးခြင်းနှင့် စေတီတော်လုံးပတ် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင် တည်ဆောက်နေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာသီလရှင်စာသင်တိုက်နှင့် တောလေးထပ်ကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေသူများကို အားဖြည့်အချိုရည်များ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၌ အန္တရာယ်ရှိအဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် မဟာစည်းခုံကြီးစေတီတော်ပရိဝုဏ်အတွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများနေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကိုပြန်လည်ဖြေဆိုခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီး၏အဖြေလွှာများကို စနစ်တကျသိမ်းဆည်း ဆောင်ရွက်ထားရှိမှုနှင့် သက်ဆိုင်ရာစာစစ်ဌာနသို့ အချိန်မီပေးပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ အန္တရာယ်ရှိအဆောက်အအုံကိုစက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှု၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်ရှိ ရှမ်းစုဆီးဘန်နီတိုက်အတွင်းရှိအလယ်တိုက်ကြီးအုတ်ကျောင်းနှင့် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၊ မြင်းတန်းကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများကို တပ်မတော်သားများကလည်းကောင်း၊ စက်ယန္တရားကြီးများကိုအသုံးပြု၍လည်းကောင်း အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေသူများကို အားဖြည့်အချိုရည်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၂၃ ရက်ထိ သေဆုံးသူ ၃၇၆၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၉ ဦးကိုရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# နယုန်လစာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာ့ ၁၂ လရာသီ စာအလင်္ကာများကို ရှေးစာဆိုကြီးများရေးဖွဲ့ခဲ့ကြရာ ဆီသည်ရွာစား ဦးအောင်ကြီး (လူးတား)၊ တိုင်းတားမြို့သူကြီး ဦးဖက်၊ မယ်ခွေ(အဲချင်း)၊ မဟာအတုလမင်းကြီး (လွမ်းချင်း)၊ ဖိုးသူတော် ဦးမင်း(သဖြန်) စသည့်ပုဂ္ဂိုလ်တို့က ၁၂ လရာသီကို တစ်လချင်းရေးဖွဲ့ထားခဲ့ကြလေသည်။

နဝဒေး၊ နတ်သျှင်နောင်၊ မင်းကြီးကတော်ခင်ဆုံ၊ လူဦးမင်း၊ ဦးဉာဏ်ကျယ်၊ စလေဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဦးဘိုးအို စသည့်စာဆိုများမှာ နွေဘွဲ့၊ မိုးဘွဲ့၊ ဆောင်းဘွဲ့ စသည်ဖြင့်တွဲ၍လည်းကောင်း၊ လတစ်လကို အထူးပြု၍လည်းကောင်း ရေးဖွဲ့ထားခဲ့သည်မျိုးရှိပေသည်။

၁၂ လရာသီ အစုံများရေးဖွဲ့မှုပါအကြောင်းအရာအလိုက် (လူးတား၊ အဲချင်း၊ သဖြန်၊ လွမ်းချင်း စသည်များ)ကောင်းသလို တစ်ခုချင်း တစ်လချင်းရေးသည့်ရာသီဘွဲ့များသည်လည်း ကောင်းလှပေသည်။ အောက်ပါနယုန်လဘွဲ့မှာ ထိုအမျိုးအစားထဲတွင်ပါဝင်ပေသည်။ စာဆိုမှာ စာအလင်္ကာ ကဝေမယ်လှိုင်ထိပ်ခေါင်တင်ဖြစ်ပေသည်။

စာဆိုလှိုင်ထိပ်ခေါင်တင်ဆိုသည်နှင့် စိန်ခြူးကြာညောင်ဘောလယ်ကို တစ်ဆက်တည်းသိကြ၏။ မယ်တော် မမြကလေးမှာလည်း စာပေကဗျာပါရမီရှင်ဖြစ်ပေသည်။ ချစ်သမျှကို၊ မြယဉ်ရေညို၊ ရှစ်စုံရွက်ကြာ၊ ညဥ့်သုံးယံခါ စသည့်ပတ်ပျိုးများ၊ လေ့လော့်သံ၊ တေးဘွဲ့၊ ဒွေးချိုး၊ သဖြန်၊ တေးထပ်များကို ဖန်တီးခဲ့သူဖြစ်ပေသည်။

သမီးဖြစ်သူ လှိုင်ထိပ်ခေါင်တင်အနေနှင့်လည်း ငှက်ပျောပင်စိုက်မိလိုက်ဖပါဆိုသလို ဂီတစာဆိုပါရမီရှင်ဖြစ်၏။ ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ်(အီနောင်)ဘောလယ်၊ တေးထပ်၊ ဒွေးချိုး၊ လေးဆစ်၊ လွမ်းချင်း၊ လူးတား၊ ရတု၊ ကြိုးသီချင်း၊ ပတ်ပျိုးစသည့် ဂီတအနုသုခုမစာစုံကိုရေးဖွဲ့ခဲ့သူဖြစ်လေသည်။

ရေးလိုက်တိုင်းသည်လည်း စာကြီးပေကြီးဝင်ဂန္ထဝင်များအဖြစ် ဖြင့်သာ ကျန်ခဲ့ပါ၏။ စာဆိုလှိုင်ထိပ်ခေါင်တင်သည် အထက်ဖော်ပြပါစာဆိုကြီးများကဲ့သို့ ၁၂ လရာသီကို တစ်လချင်းရေးမသွားသော်လည်း ပြဇာတ်များတွင် ရာသီကာလအလိုက် ဇာတ်ဝင်ခန်းဆိုက်လာသောအခါ လရာသီများကို ရေးခဲ့လေသည်။

ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ်ကြီးများတွင် ကာလဒေသပတ်ဝန်းကျင်ကိုပြရမည့်အခန်းရောက်သောအခါ ဖော်မစုံဘွဲ့၊ ဖော်ကွာဝေးဘွဲ့၊ မိုးဘွဲ့၊ တောဘွဲ့၊ ယာတဲဘွဲ့၊ တောင်ယာမီးရှို့ဘွဲ့စသည်ဖြင့် ရေးဖွဲ့သွားရာ ဇာတ်ဝင်ခန်းတစ်ခုတွင် နယုန်လဆိုင်ရာကို အောက်ပါအတိုင်းသရုပ်ဖော်ထားလေသည်။

ပင်ခံစပ်ကယ်နှင့် ဒဟတ်ကယ် ကွင်းမြောင်၊
ယုန်ပိုက်ကယ်ထောင်သည် ဖိုးတောင်သူ ပျော်ရာရပ်ပေထင့်၊
ပုတတ်ညို ကြင်ဖော်ရှာလို့ ကျစ်စာစားတဲ့ လ ပေလေး။
ဂျိုးဂျိမ်းသံငယ် မိုးသံတစ်လိုက် လေတစ်ပြိုက်ကယ်နှင့်၊
မှိုင်းဝိုက်ကယ် ရီမှုန် စည်မုရိုးငယ်နှင့် ငွေမိုးတွေ အုံတော့၊
နယုန်လ ချိန်နယ်မှာ လူသူငယ် ဝါးထောင်ချောက်ကယ်နှင့်၊
တောခြောက်တယ်လေး။ ။ .......

ဟုရေးဖွဲ့ထားလေသည်။

ဤနယုန်လဘွဲ့မှာ ဒဟတ်တောကွင်း ခံစပ်ပင်တောတန်းတွင် တောင်သူတို့ ယုန်ထောင်ကြပုံ၊ ပုတတ်ကောင်လေးများ မဖိုသဘာဝကြင်ဖော်ရှာကြပုံ၊ ကျစ်စာစားကြပုံ၊ မိုးတစ်လိုက် လေတစ်ပြိုက်နှင့် အုံ့မှိုင်းကာ မိုးရွာပုံ၊ လူငယ်လေးများတောခြောက်ပြီး ယုန်ထောင်ပုံတို့ကို ကွက်ကွက်ကွင်းကွင်းရေးထားသောစာအလင်္ကာမိုးဘွဲ့ (နယုန်လ) ဖြစ်ပေသည်။ ဤမိုးဘွဲ့မှာ မည်သည့်စာကြီးပေကြီးမှမပါဝင်ဘဲ အရပ်သိ ဇာတ်သိဝေါဟာရများသာဖြစ်ပေသည်။

ကဗျာကဝိတို့၏သီအိုရီအရ ဒေါသကင်းသော ဂုဏ်မြောက်သော အလင်္ကာအထိုက်အလျောက်ပါဝင်သော သဒ္ဒါနှင့်အနက်သည် ကဗျာမည်၏ဆိုသည့်အလိုက် ကဗျာပီသပါပေ၏။ ရိုးရှင်း၍ သဘာဝအလှပေါ်လွင်လှပါဘိ။ ကာရန်စည်းဝါးလည်းကိုက်လှပါ၏။

အောက်ပါနယုန်ဘွဲ့မှာ တိုင်းတားမြို့သူကြီး ဦးဖက်၏ တေးထပ်ဖြစ်သည်။

နန်းနယုန် နယ်လကို ကြယ်ဗြာဟ္မဏ တာရာ၊
ရွှေဇေဋ္ဌ ပုဏ္ဏာဝယ် ယုန်စန္ဒာ ပြိုင်မျှ၊
မုလေးပျံ့ သေးသွယ်ငယ် ရွှေစံပယ် သင်းတဲ့မာသ။
သုဓမ္မရိပ်သာမှာ သဘင်စာ သည်လ၊
မင်္ဂလာ ထွန်တော်ချလို့ သေနင်္ဂ လေးအင်၊
ထုံးစဉ်စံ သွေမခွတယ် ဘုန်းရာများထွတ်(ထိပ်ဘုရင်)။
ဉာဏ်တမွတ် ဆန်ဆင်တယ် မေထုန်ခွင် နွေစွန်လမှာမို့၊
မိုးမာန်က တအုံအုံ မည်းတည့်လို့ မှုန်၊
မြဖြန်ရဲ့တိမ်ဂဠုန်လို သိန်တဂုဏ် ကူဖြိုးလှလေး။
မစုံသူ့ ရွှေရင်မှာ ဖြေတင်နိုင် ပူညှိုးရလေး။ ။

ဤတေးတပ်တွင် လယ်ထွန်မင်္ဂလာအကြောင်းအရာပါ ပါဝင်၏။

အောက်ပါနယုန်လဘွဲ့မှာ မဟာအတုလမင်းကြီး၏ လွမ်းချင်းဘွဲ့ဖြစ်ပေသည်။

**နတ်စဉ်ငယ် ရှမ်းပါလို့ ခြိမ့်မွှမ်းငယ်သံစုံ၊ ကမြူးငယ် ခုန်သည် လနယုန်သည်ချိန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။ ရာသီငယ် မေထုန ဆယ့်နှစ်လမို့ ဇေဋ္ဌ ပြောင်ရှိန် တောက်လောင်ငယ် ထိန်သည်၊ ရာဇိန္ဒနတ် ပိဋကတ်မှာ မပြတ်ကယ်ထွက်စံ စာ ညီလာခံသောခါ၊ ဗိုလ်ခြံတဲ့ရွှေလယ်မှာ ငွေစံပယ်ဖြူမှုလေးက မွှေးလှတယ်လေး။ ။ ဖော်ပြပါစာအလင်္ကာများမှာ နယုန်လဘွဲ့ ပုံမှန်သဘောများကို သိသာပေပြီ။**

နတ်စဉ်ငယ် ရှမ်းပါလို့ ခြိမ့်မွှမ်းငယ်သံစုံ၊
ကမြူးငယ် ခုန်သည် လနယုန် သည်ချိန်မို့၊
မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။
ရာသီငယ် မေထုန ဆယ့်နှစ်လမို့၊
ဇေဋ္ဌပြောင်ရှိန် တောက်လောင်ငယ် ထိန်သည်၊
ရာဇိန္ဒနတ် ပိဋကတ်မှာ မပြတ်ကယ်ထွက်စံ စာ ညီလာခံသောခါ၊
ဗိုလ်ခြံတဲ့ရွှေလယ်မှာ ငွေစံပယ်ဖြူမှုလေးက မွှေးလှတယ်လေး။ ။

ဖော်ပြပါစာအလင်္ကာများမှာ နယုန်လဘွဲ့ ပုံမှန်သဘောများကို သိသာပေပြီ။

ရှေးခေတ်မြန်မာ့ရိုးရာနတ်ချင်းနှင့်တေးကဗျာများသည် ပုဂံခေတ်မှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်စဉ်များတစ်လျှောက် ကျေးလက်ဒေသ လယ်တောတစ်ခွင် ရိုးရာသဘောမှသည် အခြေတည်ကာ မြို့ပြအခြေအနေ ထီးမူနန်းရာပိုင်းကိုပါ တဖြည်းဖြည်းချဉ်းကပ်ဝင်ရောက်လာလေသည်။ ညောင်ရမ်းခေတ်ကုန်လုနီးကာလတွင် ဝန်ကြီးပဒေသရာဇာကဲ့သို့သော စာဆိုများက အချင်းကဗျာ၊ အဲချင်းကဗျာများကို အခြေခံကာ သီချင်းခံတည်းဟူသော အဆင့်မြင့်တေးကဗျာများကို ပုံစံကျကျဖွဲ့နွဲ့သီကုံးမှုပြုလာကြသည်။ ဤအစဉ်အလာကို ကုန်းဘောင်ခေတ်ဦးကာလတွင် ဆက်လက်သုံးစွဲအကောင်အထည်ဖော်လာကြသည်။ ကုန်းဘောင်ခေတ်အလယ် သက္ကရာဇ် ၁၁၆၀ ကျော် နှစ်ပိုင်းကာလအတွင်းက မုံရွေးဆရာတော်သည် မြန်မာရှေးရိုးရေးကဗျာများကို စုစည်း၍ "အချင်းစုံ"ခေါ် "ဟာသ ဇဝနိက ဉာဏမဥ္ဇရီ"ကျမ်းကို ပြုစုခဲ့သည်။

လက်ဝဲနော်ရထာသည် ရှေးရိုးမြန်မာတေးချင်းများကို အသံအမှတ်အသားမှသည် သီချင်းစာသားများထည့်သွင်း၍ အလိုက်သီချင်းများ စပ်ဆိုခဲ့သည်။ ရှေးရိုးဂီတစာဆိုတစ်ဦးဖြစ်သည်။ ယခုခေတ် မဟာဂီတကျမ်းပါ "ကြိုး/ဘွဲ့/သီချင်းခံ/ပတ်ပျိုး/ယိုးဒယား"စသည့် ပုံစံတကျ မဟာဂီတသီချင်းဟူ၍ ပီပီပြင်ပြင် မပေါ်ပေါက်သေးသည့်ချိန်ခါဖြစ်သည်။ မြဝတီမင်းကြီးဦးစ၏ကိုယ်တိုင်ရေးဂီတမှတ်တမ်းကို လေ့လာကြည့်ရှုပါက ယခုခေတ် မဟာဂီတတွင် မိမိရရခွဲခြားပြသလက်ခံကျင့်သုံးနေသည့်သီချင်းအမည်များ မပေါ်ပေါက်သေးသည်ကို အထင်အရှားတွေ့ရမည်ဖြစ်သည်။

စာဆိုဝန်ကြီးပဒေသရာဇာသည်လည်း "ကြိုး/ဘွဲ့/သီချင်းခံ"ဟူသော မဟာဂီတသီချင်းကြီးများအတွက် မျိုးစေ့ချပေးခြင်းနှင့်အတူ မြန်မာရှေးရိုးမဟာဂီတလောကကို တစ်ဆင့်မြင့်အောင် ဆောင်ရွက်မှုများကိုပါဆောင်ရွက်ခဲ့သည်။ ထိုအထဲတွင် အဲချင်းသည်လည်း စာအလင်္ကာအမျိုးအစားတစ်ခုဖြစ်လေသည်။ နတ်ချင်းအဲ၊ မင်းမိဖုရားနှင့်စပ်သောအဲ၊ ဗုံအဲ၊ ကောက်စိုက်အဲ၊ မောင်းအဲ၊ လွှန်တေး ခေါ် မိုးခေါ်အဲ၊ ကြိုးသံအဲ စသည်ဖြင့်အဲချင်းအမျိုးမျိုးရှိပေသည်။

ထိုအထဲတွင် စာဆိုမယ်ခွေ၏ (၁၁၅၀ ခန့်-၁၂၀၀ ခန့်) ၁၂ လရာသီအဲသည်လည်း ပါဝင်ပေသည်။ မောင်းအဲ၊ လယ်ထွန်ကောက်စိုက်အဲ စသည်တို့တွင် ပညာရပ်ဆိုင်ရာများလေးလေးနက်နက်မပါဘဲ အရပ်သုံးဇာတ်သုံးမျှသာပါဝင်ပေသည်။

အဲချင်းစာဆိုများမှာ ဦးယာ၊ မောင်ထွား၊ မောင်ရီ၊ မယ်ခွေ စသည်တို့ဖြစ်သည်။ အထူးသဖြင့် ဦးယာနှင့်မယ်ခွေ၏အဲချင်းများမှာ ပို၍ထင်ရှား၏။ ပညာရပ်ဆန်၏။ လေးနက်မှုရှိ၏။ ထိုထဲတွင် မယ်ခွေ၏အဲချင်းသည် ပို၍ပင်လေးနက်သည်ဟုဆိုရာ၏။

ရာသီဘွဲ့တစ်ခုရေးစပ်ရာတွင်

၁။ လရာသီ(မိဿ၊ ဗြိဿ၊ မေထုန်၊ ကရကဋ်...တန်ခူး၊ ကဆုန်၊ နယုန် စသည်...)
၂။ နက္ခတ်တာရာ (လပြည့်စန်းယှဉ် ... စသည်...)
၃။ လရာသီပန်း
၄။ တိတ်စွဲဒေသ (တိုင်းနိုင်ငံ...)
၅။ ပွဲတော် စသည့် အချက်အလက်......

များပါရပေသည်။

ဤမယ်ခွေ၏ နယုန်လဘွဲ့စာပေတွင် ရာသီပန်းဖွဲ့ စံပယ်မြတ်လေး၊ ရာသီစာမေးသဘင်၊ နယုန်လစာပြန်ပွဲ၊ မေထုန်ရာသီ အဒြနက္ခတ်နှင့် နေသွားလသွား အကြောင်းခြင်းရာများ၊ နေ့နာရီ ညနာရီ၊ စန်းယှဉ်နက္ခတ်၊ ကလိင်္ဂရာဇ်တိုင်းနိုင်ငံ တိတ်စွဲ စသည်တို့ပါရှိလေသည်။ ကလိင်္ဂတိုင်း တံငါတာရာ ကြယ်မှိန်ပါက တိုင်းနိုင်ငံဒေသများ ကံကြမ္မာညှိုးနွမ်းတတ်ကြသည်ဟုဆိုလိုသည့်သဘောပါလေသည်။ (ဖြိုဿာရာသီ ဇေဋ္ဌနက္ခတ် တံငါတာရာ)

ယနေ့ခေတ်အနေနှင့် ကမ္ဘာနိုင်ငံများအရ ပြောရလျှင် ဆွီဒင်၊ ဘရာဇီး၊ မော်ရိုကို၊ နော်ဝေး၊ ဆီးရီးယား၊ အယ်ဂျီးရီးယား၊ ဝါရှင်တန်၊ နယူးကာဆယ်၊ မက်ဆီနာဒို၊ အော်ရီတွန်၊ ပို့တလင်း စသည်တို့ဖြစ်၏။

ဖြိုဿာရာသီ တံငါတာရာထဲရှိ ကြယ်မှိန်ပါက တိုင်းနိုင်ငံဒေသတို့ ကံကြမ္မာညှိုးတတ်သည်ဟုလည်းဆိုလိုပေသည်။ ထိုအကြောင်းခြင်းရာများသည် ငိုတတ်သည့်ကလေးကို ကျီစားသလိုမလုပ်ပါနှင့်၊ အားကိုးပါတယ်။ တိုင်းပြည်သာယာဝပြောပါစေ။ ထိုအကြောင်းခြင်းရာများ မဖြစ်ပါစေနဲ့ဟုဆိုလိုသည့်သဘောဖြစ်သည်။ ဤထက်နက်နဲကျယ်ဝန်းသောအကြောင်းခြင်းရာများလည်းပါပေသေး၏။ စာရှုသူများ မယ်ခွေ၏ နယုန်လဘွဲ့ကိုဖတ်ရှုခံစား၍ စာပေရသအနက်အဓိပ္ပာယ်ကို ကြံဆနိုင်ကြပါစေကုန်သတည်း။

ရွှေသားမှသိင်္ဂီလေ.... အဒြကြယ်၊ ပါဒ်သုံးသွယ်နှင့်၊ နေဆွယ်ရထား၊
ယှဉ်ပြိုင်သွားလို့၊ စက်နားမေထုန်၊ လွမ်းဖို့ဆုံလှတယ်၊ နယုန်ဆီကို
တဲ့လေး။
သီတာငယ်မှစိမ်းလှည့်၊ ရေမှာကြည့်လည်း၊ ရေ၏ထုံးတမ်း၊
တောင်မှာစမ်းလည်း၊ တောင်ကမ်းဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာ
စတောင်း၊ ရှုမညောင်းသည်၊ နွေနှောင်းလမို့၊ ကမ္ဘာ့ကျက်သရေ၊ ရဂုံ
နက်ကျယ်၊ တောမြိုင်လယ်မှာ၊ စမွယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊
စာမေးသဘင်၊ ငှက်ပေါင်းရွှင်လို့၊ မင်းလင်ငယ်ဝေသည်၊ တောင်လေ
ပြေမှိုင်းပုံနှင့်၊ ကြံပြန်လေခြင်း။
မလင်းမှ ကောင်းကင်၊ တိမ်ခိုနန်းမြှောင့်၊ ရာဟုထောင့်က၊ မြတောင့်
ပမာ၊ လက္ခဏာလည်း၊ လာ၍ဆင်သို့၊ သဘင်မှမွေ့သိမ်၊ တစ်ဆယ့်ခုနစ်၊
ပြင်နာရီနစ်တုန်းမို့၊ ဇေဋ္ဌစန္ဒာ၊ ရွှေလညိုသာဘဲနှင့်၊ တံငါငယ် ကြယ်မှိန်
သည်၊ ပြည်ကလိင်္ဂရာဇ်နေတို့၊ ကံရွှေတိုင်ညှိုး။
လရာသီစု(စိတ်ကယ်မှရှုပါဘူး၊ ရွှေဥနှင့်မင်းမိ၊ ဝေးခိုက်မှ ဖိတယ်လို့၊
ကလိ မျက်ညိုး၊ ဘယ်ငြိုးတော်သိုရတယ်၊) ငိုတတ်သည့် သူငယ်လို၊
အသွယ်သွယ် မကျီစားပါနှင့်၊ တအားကိုး။ ။

■ ■ ■

# တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရိယဝံသမြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရိယဝံသ မြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၅၅၀ အား သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျောင်းတိုက်အတွင်း ခြင်းဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ ပြုလုပ်

**နေပြည်တော် ဇွန် ၂၃**

၂၀၂၅ ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ဟိုပုံးတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက ဒိုင်အဖွဲ့ဝင်များနှင့် လက်ဝှေ့သရုပ်ပြ ယှဉ်ပြိုင်သူများကို



၂၀၂၅ ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၃၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဇွန် ၂၃**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မကွေး လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မကွေးမြို့ရှိ နယ်မြေခံလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများသည် တပ်မတော်(လေ) ပိုက်ကျော်ခြင်းအသင်း၏ ခြင်းလုံးသရုပ်ပြခတ်ကစားမှုနှင့် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးကြသည်။ အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇွန် ၂၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်


မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ်ဖြေဆိုခွင့်အား ဖိအားများနဲ့ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှ ကျောင်းသား၊ ကျောင်းသူများ”** ခေါင်းစဉ်ဖြင့် ၂၅-၆ -၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အမျိုးသမီးခြောက်ဦးအပေါ် အကြောင်းမဲ့ ရက်ရက်စက်စက် နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

### ❖ မိုးသည်းထန်စွာရွာသွန်းခြင်းမှ

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၇-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံဖြင့်**




## ၂၀၂၅ ခုနှစ် ဇွန် ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

(၂၃ - ၆ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးကို သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးကို သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms.Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော်သလေး (KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသားရှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသားနှစ်ဦး စုစုပေါင်း ၁၀ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၂၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၉၁၈၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့် အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ စနစ်တကျပြည်နှင်လွှဲပြောင်း ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

---

☆ ကျောဖုံးမှအဆက်

တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၉၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၅ ပီပါ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၀၀၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၁၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။







ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ် ၁၈ လမ်း အမှတ် ၁၆၅၉ ရှိ ဂိုဒေါင် တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၈၀၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့ မသေကျေးရွာအုပ်စု ကံမော်ကြီးကျေးရွာအနီး၌ ရေယာဉ်တစ်စီးပေါ်မှ တရားမဝင် ခဲမဖြူသတ္တု ၄၄ ဒသမ ၄၂၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၈၄၀၀၀၀ နှင့် အဆိုပါသတ္တုများ တင်ဆောင်လာသည့် ရွှေရည်-၇ သစ်သားကိုယ်ထည် စက်လှေ တစ်စီးနှင့် ဆက်စပ်ပစ္စည်း ၁၅ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၂၅၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၉၈၉၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက်အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သိန်းဦးဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၄၈၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Yadanar Win-3 ရေယာဉ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀၀ကိုလည်းကောင်း၊

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၆၈၆၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်၂၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၃ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၆၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ်၃၉၃၆၀၀၈၀၀၀ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ဆိပ်ကမ်းများနှင့်နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

---

# တာချီလိတ်မြို့တွင် ငွေကျပ် ၆၀၄ ဒသမ ၉ သိန်းကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

တာချီလိတ်မြို့တွင် ငွေကျပ် ၆၀၄ ဒသမ ၉ သိန်းကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက်ညနေပိုင်းက သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် မြို့ပတ်လမ်းပေါ်တွင် အောင်မျိုးလင်း(ခ)အားဖာ မောင်းနှင်ပြီး အိုက်ဆမ်(ခ)အားဟုန် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ နှစ်ဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ခြောက်ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် လားဟူဈေးအနီး၌ အိုက်စ်(မက်သ်အဖက်တမင်း)များရောင်းချပေးသူ စိုင်းလုံ(ခ)ဝမ်ဒင်အား ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ၎င်း၏နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ၀၀၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ကျပ် ၅၀၀၀၀)၊ အက်တက်စီဆေးပြား ၁၁ ပြား (တစ်ပြားလျှင် ကျပ် ၄၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄ ဒသမ ၄ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား (တစ်ပြားလျှင် ကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး



ငွေကျပ် ၆၃၀၀ )တို့ကို ထပ်မံဖမ်းဆီးရမိသဖြင့် အောင်မျိုးလင်း(ခ)အားဖာ ၂၂နှစ်၊ အိုက်ဆမ်(ခ)အားဟုန် ၂၂ နှစ်နှင့် စိုင်းလုံ(ခ)ဝမ်ဒင် ၃၂ နှစ်တို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် ရွှေကူမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ရွှေကူစတားယာဉ်လိုင်းမှ HIACE အမျိုးအစားခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ဇော်မင်းနှင့် ခင်စန်းတင့်တို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ (တစ်ပြားလျှင် ငွေကျပ်၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၂ သိန်း)၊ ဘိန်းဖြူ သုည ဒသမ ၀၉၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၉ ဒသမ ၆ သိန်း) ဖမ်းဆီးရမိသဖြင့် ဇော်မင်း ၅၀ နှစ်၊ ခင်စန်းတင့် ၄၉ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မူးယစ်ကင်းစင်သောလူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ဖန်တီးကြပါစို့

လူ့လောက ပျက်စီးခြင်းအကြောင်းတရားများစွာ ရှိသည့်အနက် လူတစ်ယောက်၏စိတ်ဓာတ်၊ ကိုယ်ကျင့်တရား၊ စည်းစိမ်ဥစ္စာ၊ အသက်နှင့်ခန္ဓာကိုယ်စသည့် အရာအားလုံးကို ပျက်စီးဆုံးရှုံးစေသောအရာမှာ မူးယစ်ဆေးဝါးပင်ဖြစ်သည်။ မူးယစ်ဆေးဝါးသည် တစ်ဦးတစ်ယောက်ကိုသာမက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံထိပါ ပျက်စီးစေနိုင်လောက်အောင် ဆိုးကျိုးမြင့်မားစေသောအန္တရာယ်တစ်ခုပင်ဖြစ်သည်။ မျက်မှောက်ခေတ်လူသားတို့သည် သဘာဝဘေးအန္တရာယ်များ၊ စစ်ပွဲများ၊ ရောဂါအသစ်အဆန်းများ စသည့် အန္တရာယ်များနှင့် ကြုံတွေ့ရင်ဆိုင်ရလျက်ရှိသော်လည်း ထိုအန္တရာယ်များထက် အဆိုးရွားဆုံးအရာသည် လူသားတစ်ရပ်လုံးကို လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသောလူနေမှုဘဝများကို ဆိုးရွားစွာထိခိုက်နစ်နာစေသည့်ဘက်ပေါင်းစုံစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများစွာ၏ လုပ်ငန်းဆောင်တာများ ပုံမှန်မဟုတ်သော ခံစားမှုများကိုဖြစ်စေပြီး တဖြည်းဖြည်းဦးနှောက်ကို ထိခိုက်စေသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူကိုယ်တိုင်တွင် စိတ်ကျန်းမာရေးထိခိုက်ခြင်း၊ ပုံမှန်အသိစိတ်မရှိခြင်း၊ သံသယစိတ်များခြင်း၊ နှလုံးခုန်မြန်ခြင်း၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် အိပ်ရေးပျက်ပြီး အသိဉာဏ်ချို့ယွင်းလာခြင်းများ ဖြစ်တတ်သည်။ အထူးသဖြင့် ဆယ်ကျော်သက် လူငယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ဦးနှောက်ဖွံ့ဖြိုးမှုကိုထိခိုက်စေပြီး အသက်အရွယ်ငယ်လေလေ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်မှုများလေလေဖြစ်သည်။ မူးယစ်ဆေးဝါးသည် စွဲလမ်းစေသောကြောင့် သုံးစွဲပါက အသက်ရှူရခက်သောရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါနှင့် စိတ်ရောဂါဝေဒနာများကို ခံစားရစေသည့်အပြင် အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်သည်။

မူးယစ်ဆေးသုံးစွဲသူအများစုမှာ ဆယ်ကျော်သက်လူငယ်များနှင့် လူလတ်ပိုင်းအရွယ် အလုပ်လုပ်ကိုင်နိုင်သူများဖြစ်သဖြင့် ငယ်ရွယ်နုပျိုသောဘဝများ ပျက်စီးဆုံးရှုံးစေပြီး နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုစွမ်းအားကို များစွာယုတ်လျော့စေလျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲသူအများစုမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ဗဟုသုတနှင့် နောက်ဆက်တွဲကြုံတွေ့လာရမည့်ပြဿနာများကို မသိရှိခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အယူအဆ အသိအမှားများကိုအခြေခံကာ မူးယစ်ဆေးဝါးကို သုံးစွဲလျက်ရှိသည်။

မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ထုံထိုင်းစေ၍ ဥပဒ်ပေးနိုင်သော ဆေးခြောက်၊ ဘိန်း၊ ဘိန်းဖြူစသည်ဟု အဓိပ္ပာယ်ရသည်။ ယခင်က ဘိန်းပင်မှ ဘိန်းစေးကို ချက်လုပ်ရာမှရရှိသော ဘိန်းဖြူကို အဓိကသုံးစွဲခဲ့ကြသော်လည်း ယခုအခါ ဈေးပေါပေါနှင့်ရရှိနိုင်သော ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ထားသည့် မူးယစ်စိတ်ကြွဆေးပြားများကို သုံးစွဲလာကြသည်ကို တွေ့ရှိရသည်။ မူးယစ်ဆေးပြားကို အမှုန့်အဖြစ်ပြုလုပ်၍ အချိုရည်ဖြင့်ရောသောက်သုံးစွဲခြင်း၊ အမှုန့်ကိုရှူရှိုက်ခြင်း၊ ဆေးလိပ်ထဲသို့ထည့်၍သောက်ခြင်းတို့ဖြင့် အလွယ်တကူ မှိန်းသွားတတ်သည်။ စိတ်ကြွဆေးပြားကို သုံးစွဲလျှင် ခဏတာ စိတ်ကြွမှုကိုဖြစ်စေရာ လူငယ်များသည် ပိုမိုနှစ်ခြိုက်စွာသုံးစွဲလာကြသည်။ ယနေ့ကာလတွင် မူးယစ်ဆေးသည် ပုံစံမျိုးစုံဖြင့် ပျံ့နှံ့ဝင်ရောက်လျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်တွေ့မြင်နေရသည်။ Happy Water ခေါ် မူးယစ်ဆေးဝါး အရည်တစ်မျိုးကလည်း လူငယ်များကြားတွင် ရေပန်းစားနေကြောင်း ကြားသိနေရပြီး သောက်သုံးပါက လူ့ခန္ဓာကိုယ်ကို ဆိုးရွားစွာထိခိုက်စေပြီး သုံးစွဲမှုကြာလာသည်နှင့်အမျှ လူမှုရေးပိုင်းဆိုင်ရာ ခိုက်ရန်ဖြစ်ပွားမှုများနှင့် မိသားစုတွင်း စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကိုဖြစ်ပေါ်စေသည်။ အေးချမ်းလုံခြုံသော လူမှုဝန်းကျင်ကို ထိခိုက်စေလျက်ရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည်

**❖မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများစွာ၏ လုပ်ငန်းဆောင်တာများ ပုံမှန်မဟုတ်သောခံစားမှုများကို ဖြစ်စေပြီး တဖြည်းဖြည်းဦးနှောက်ကို ထိခိုက်စေသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူကိုယ်တိုင်တွင် စိတ်ကျန်းမာရေးထိခိုက်ခြင်း၊ ပုံမှန်အသိစိတ်မရှိခြင်း၊ သံသယစိတ်များခြင်း၊ နှလုံးခုန်မြန်ခြင်း၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့်အိပ်ရေးပျက်ပြီး အသိဉာဏ်ချို့ယွင်းလာခြင်းများ ဖြစ်တတ်သည်။ အထူးသဖြင့် ဆယ်ကျော်သက်လူငယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ဦးနှောက်ဖွံ့ဖြိုးမှုကိုထိခိုက်စေပြီး အသက်အရွယ်ငယ်လေလေ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်မှုများလေလေဖြစ်သည်။ ❖**

နိုင်ငံအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်လာသည်ကို ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့်နိုင်ငံဖြတ်ကျော် မှုခင်းများနှင့်ဆက်နွှယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ခေတ်နှင့်လျော်ညီစေရန် ပြန်လည်သုံးသပ်ပြီး ၂၀၁၈ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ အလားတူ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေကိုလည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများကိုလည်း နှစ်စဉ်အခမ်းအနားကျင်းပ၍ မီးရှို့ဖျက်ဆီးခြင်း၊ အထူးစစ်ဆင်ရေးများဆောင်ရွက်၍ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးခြင်း၊ ထိန်းချုပ်ဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများသို့ တရားမဝင်ဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရန် ထိန်းချုပ်ဓာတုပစ္စည်းများ၊ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ လူနေမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက် ပေးလျက်ရှိသည်။

ဘိန်းစိုက်ပျိုးရာဒေသများတွင် လမ်းတံတားများ တည်ဆောက်ပေးခြင်း၊ ရေနှင့် စွမ်းအင်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးမြေများဖော်ထုတ်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ဓာတ်မြေဩဇာများခွဲဝေပေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းများပေးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် တစ်နိုင်တစ်ပိုင် သားငါးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများစီမံပေးခြင်း စသည့်အခြေခံလိုအပ်ချက်များကို နိုင်ငံတော်၏ ရန်ပုံငွေအမြောက်အမြားအကုန်ကျခံ၍ ဘိန်းစိုက်ပျိုးမှုလျှော့ချရေးကို ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဖြတ်ပြီးသူများ လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ထူထောင်ရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ အသိပညာပေးလုပ်ငန်းများအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့်အဖွဲ့အစည်းများဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်၌ လူမှုရေးဦးတည်ချက်တွင် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး" အချက်ကို ထည့်သွင်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်သည် လူငယ်လူရွယ်များအတွက် အခွင့်အခါကောင်းများ ပိုင်ဆိုင်နိုင်မည့်ကာလဖြစ်သဖြင့် လူငယ်များအနေဖြင့် မိမိတို့အပေါ် နည်းမျိုးစုံဖြင့် လွှမ်းမိုးဖျက်ဆီးလျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနားလည်ရန်လိုအပ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တိုက်ဖျက်ခြင်း၊ မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်နေသည့် သူငယ်ချင်းလူငယ်များကို လမ်းမှန်ပေါ်ပြန်လည်ရောက်ရှိစေရန် ကူညီရိုင်းပင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့ခေတ်သည် လူငယ်များဘဝကို တိုးတက်ဖွံ့ဖြိုးစေမည့် နည်းပညာများထွန်းကားလာသည်နှင့်အမျှ အမှောင်ထုချောက်ကမ်းပါးထဲ ဆွဲချမည့် အဖျက်အန္တရာယ် မူးယစ်ဆေးဝါးများသည်လည်း လူငယ်ထု၏ လက်တစ်ကမ်းတွင် ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ မိမိတို့၏ပတ်ဝန်းကျင်တွင် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဝင်ရောက်နေသော မူးယစ်ဆေးဝါးပြဿနာကို ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးခံယူချက်ဖြင့် တိုက်ထုတ်ဖယ်ရှားရှင်းလင်းသွားကြရမည်ဖြစ်ပြီး မိမိပတ်ဝန်းကျင်ကို မူးယစ်ကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်အောင် ဝိုင်းဝန်းဖန်တီးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ
- ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာ။

**ကျော်တင့်(ရွှေခရမ်း)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

ဝတ္ထုတိုကလျာ

# ဘဝနဲ့ရင်းတဲ့အမေ

**ကိုရွှေတောသား(ဆင်ကူး)**



(၁)

''ဟား ဟား ဟား ဒါမှ ငါ့သားကွ။ ကြည့်စမ်းပါအုံး တော်လိုက်တဲ့ ငါ့သား။ လတိုင်း အဆင့်တစ်တွေချည်းပဲ''

ပီတိအပြုံးတွေနဲ့အတူ ကျွန်တော့်ကိုကြည့်ပြီး အားရကျေနပ်ခဲ့တဲ့ အဖေ။ ဉာဏ်ကောင်းတဲ့ ကျွန်တော့်ကို ဆရာဝန်ကြီး သိပ်ဖြစ်စေချင်ခဲ့တဲ့ အဖေ။ အခုချိန်များ အဖေ ကျွန်တော်တို့ကို မြင်နိုင်ခဲ့ရင် အားရကျေနပ်မှုတွေနဲ့အတူ အဖေက သိပ်ကို ပျော်နေမှာပါ။ အဖေ သိပ်ပြီးဖြစ်စေချင်တဲ့ ဆရာဝန်ကြီး ကျွန်တော်ဖြစ်ခဲ့ပါပြီ။ အဖေ့ရဲ့ အုတ်ဂူရှေ့မှာ ကျွန်တော်ကြေကြေကွဲကွဲငိုနေမိပါတယ်။ ကျွန်တော့်ရဲ့အောင်မြင်မှုတွေ၊ ကျွန်တော့်ရဲ့ကြိုးစားမှုတွေကို အဖေ့ကို မြင်စေချင်မိတယ်။ အဖေဖြစ်စေချင်တဲ့ဆရာဝန်ကြီး တကယ်ဖြစ်နေခဲ့တဲ့ ကျွန်တော့်ကို အဖေ့ကို သိစေချင်၊ မြင်စေချင်မိသလို အဖေ့ရဲ့ သားသုံးယောက်စလုံး ခေတ်ပညာတတ် လူတော်လူကောင်းတွေဖြစ်နေကြပြီအဖေရေ လို့ ကျွန်တော် အဖေ့ကိုပြောပြချင်မိတယ်။ အဖေသာ တမလွန်ဘဝကနေ မြင်နိုင်ကြားနိုင်ရင်တော့ ဂုဏ်ယူနေမှာ သေချာပါတယ်။ ဒါပေမဲ့လဲ အမေ့အစား အဖေ့ကိုတော့ ကျွန်တော် အားနာမိတယ်။ အဖေရေ အဖေ သိပ်ချစ်တဲ့အမေက အခုတော့ အဖေထင်သလို အဖေ့အပေါ် သစ္စာမရှိတော့တာကိုတော့ အဖေသာသိခဲ့ရင် ဘယ်လောက်တောင် စိတ်ထိခိုက်ကြေကွဲလိုက်လေမလဲလို့ ကျွန်တော်တွေးပြီး ဝမ်းနည်းရပြန်တယ်။ ကျွန်တော့်ပါးပြင်ထက်မှာတော့ ဝမ်းသာမှုကြောင့်လား၊ ဝမ်းနည်းမှုကြောင့်လား မခွဲခြားနိုင်တဲ့ မျက်ရည်တွေက အလိုလို စီးကျနေပါတယ်။

(၂)

''ဟဲ့ သင်းမောင် မင်း ဆရာဝန်ကြီးဖြစ်ချင်တာ အမေသိပါတယ်။ ဒါပေမဲ့ အဲဒီလို ဆရာဝန်ကြီးဖြစ်အောင် ပြုစုပျိုးထောင်ဖို့ဆိုတာ လွယ်မယ်များမင်းထင်နေလား။ ပြီးတော့ အလတ်ကောင် လွင်မောင်ကလဲ ဒီအတိုင်းပဲစာကျတော့ ကျက်ပါကျက်ပါဆိုပြီး ဖင်ကိုမီးစနဲ့ထိုးပြီးကျက်ခိုင်းနေရတာ။ ဖြစ်ချင်တော့ တက္ကသိုလ်မှာကျူတာဆရာဖြစ်ချင်တာတဲ့ ငါ ရယ်တောင်ရယ်လိုက်ချင်သေးတယ်။ ဟောအငယ်ကောင်လဲဘာထူးမှာလဲ ဉာဏ်လေးတော့ကောင်းပါရဲ့ မှန်းလိုက်တာကလဲ အင်ဂျင်နီယာတဲ့လေ။ ကိုယ့်အမေမှာတော့ အိမ်ရှေ့လေး ဈေးဆိုင်တည်ပြီး ဈေးရောင်းစားနေရတဲ့ဘဝ။ ထားပါ အဲဒါတွေ အမေစိတ်မဝင်စားဘူး။ အမေစိတ်ဝင်စားတာ ကိုထူးတင့်ပဲ''

''ဗျာ ''

''ဟာ အမေဘယ်လိုပြောလိုက်တာလဲ ဗျာ''

''အေးဗျာ အမေဘာတွေပြောနေတာလဲ မသိဘူး''

အဖေဆုံးပြီးလို့ နှစ်နှစ်လောက်အကြာမှာ အမေ့ဆီကနေ မထင်မှတ်ထားတဲ့စကားကို ကျွန်တော်တို့ညီအစ်ကိုတွေ ကြားလိုက်ရတယ်။ အဲဒီအချိန်မတိုင်ခင်ကတည်းက အမေ့ရဲ့ ဈေးဆိုင်ကလေးဆီကို ဦးထူးတင့်ဆိုတဲ့နိုင်ငံခြားပြန်သင်္ဘောသားကြီး အဝင်အထွက်ရှုပ်နေတာကို ကျွန်တော်တို့ညီအစ်ကိုတွေ သတိထားမိပါတယ်။ ဒါပေမဲ့ ဈေးဆိုင်ကို ဈေးဝယ်ဖို့လာခဲ့တယ်ပဲ ကျွန်တော်တို့တွေ ထင်ခဲ့မိတယ်။ နောက်မှ အမေနဲ့ ပတ်သက်နေတာမှန်းသိခဲ့ရတယ်။

''အမေရာ ဘယ်လိုဖြစ်ရတာလဲ အဖေဆုံးတာမှ မကြာသေးဘူး။ ပြီးတော့ လူပျိုအရွယ်တွေဖြစ်နေတဲ့ သားတို့ညီအစ်ကိုတွေကိုလဲ အမေ အားနာပါအုံး''

''ဟဲ့ သင်းမောင်၊ မင်းကပဲ ကြီးကြီးကျယ်ကျယ်။ အမေက သားတို့ကို ဘာများအားနာနေရမှာလဲ။ ပြီးတော့ သားတို့လုပ်စာကို အမေစားနေတာလဲ မဟုတ်ဘူး''

''မဟုတ်သေးပါဘူး အမေရာ။ ပတ်ဝန်းကျင်ဆိုတာလဲ ရှိသေးတယ်လေ''

''ဘာပတ်ဝန်းကျင်လဲ အဲဒီပတ်ဝန်းကျင်က မင်းတို့ကို ထမင်းတင်ကျွေးထားလို့လား။ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အိမ်ကိုယ်နေနေတာ၊ ဘယ်ပတ်ဝန်းကျင်ကိုမှ ဂရုစိုက်နေစရာမလိုဘူး''

ပြောရင်းနဲ့ အမေ့စကားသံတွေက ကျယ်လောင်လာပါတယ်။ လူပျိုဖြစ်စ ကျွန်တော်တို့ညီအစ်ကိုတွေမှာတော့ အမေ့အစား ပတ်ဝန်းကျင်ကို အလွန်ပဲရှက်နေမိတယ်။ အမေ့ကြောင့်လဲ သွားလေသူအဖေ့အစား သိက္ခာကျရပါတယ်။ အမေက ပြောတဲ့အတိုင်းပါပဲ ဦးထူးတင့်ဆိုတဲ့ နိုင်ငံခြားပြန်သင်္ဘောသားကြီးနဲ့ တရားဝင်ယူလိုက်ပါတော့တယ်။ အဲဒီအချိန်ကတည်းကပဲ ကျွန်တော်တို့ညီအစ်ကိုတွေဟာ မြို့မှာနေတဲ့ အမေ့ရဲ့ညီမဖြစ်တဲ့ အဒေါ့်အိမ်ကို ရောက်ခဲ့ရတယ်။ တကယ်တော့ အမေ့ရဲ့ညီမက စီးပွားရေး သောင်သောင်သာသာနဲ့ပြေပြေလည်လည်ရှိရုံလောက်ပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ညီအစ်ကိုသုံးယောက်ကို မငြိုမငြင်နဲ့ခေါ်ယူကျွေးမွေးထားရုံတင်မကဘဲ ဘွဲ့ရပညာတတ်ကြီးတွေဖြစ်အောင်လဲ ကျောင်းထားပေးခဲ့တာပါ။

(၃)

''ဟော သင်းမောင်တို့၊ လွင်မောင်တို့၊ နှင်းမောင်တို့ရောက်နေတယ်ဆိုလို့ ရှာလိုက်ရတာ လက်စသတ်တော့ မင်းတို့ကဒီမှာကိုး''

အမှတ်မထင် ကြားလိုက်ရတဲ့ အသံကြောင့် အသံကြားရာဆီကို သေချာကြည့်လိုက်မိတယ်။ ပေါက်ပြားတစ်လက်ကို ပခုံးပေါ်ထမ်းထားတဲ့ အသားမည်းမည်းနဲ့လူတစ်ယောက်က ကျွန်တော်တို့ညီအစ်ကိုတွေကို ပြုံးပြရင်းနှုတ်ဆက်နေပါတယ်။

''ဟော့ကောင်သူငယ်ချင်း ငါလေ စိန်မင်းလေကွာ။ ဘာလဲ မင်းတို့က ငါ့ကို မမှတ်မိတော့ဘူးလား''

စိန်မင်းဆိုတဲ့နာမည်ကို သေသေချာချာ သိရုံတင်မကဘဲ အရင်းနှီးဆုံးလဲ ဖြစ်ခဲ့ကြတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ရှေ့ကိုရောက်နေတဲ့ စိန်မင်းက ဟိုးအရင်တုန်းက စိန်မင်းနဲ့မတူ လုံးဝကိုဆန့်ကျင်ဘက်ဖြစ်နေပါတယ်။

''ဟေ သူငယ်ချင်းရာ ဆောရီးပါကွာ။ ငါတကယ်ကိုမမှတ်မိလို့ပါ''

ကျွန်တော် သူငယ်ချင်းဖြစ်တဲ့ စိန်မင်းကို အားနာစွာ တောင်းပန်ရတယ်။ အရင်နဲ့မတူစွာ မမှတ်မိလောက်အောင်ပဲ ပြောင်းလဲသွားတဲ့သူငယ်ချင်းဖြစ်သူကိုကြည့်ပြီး စိတ်မကောင်းလဲ ဖြစ်မိတယ်။

''သူငယ်ချင်း သင်းမောင် မင်းတောင် ဆရာဝန်ကြီးဖြစ်နေပြီဆို''

''အေးကွ သူငယ်ချင်းရ''

စိန်မင်းရဲ့စကားကို ကျွန်တော် ဂုဏ်ယူစွာပဲ ခေါင်းညိတ်မိတယ်။

''လွင်မောင်က တက္ကသိုလ်မှာ ဆရာပြန်လုပ်နေတာဆို။ နှင်းမောင်ကလဲ အင်ဂျင်နီယာကြီးဖြစ်နေပြီဆိုကွ''

''အေးလေ ဒါနဲ့ မင်းကော အခု ဘာလုပ်နေလဲ''

ကျွန်တော့်ရဲ့အမေးကို စိန်မင်းကမဖြေ။ စိန်မင်းရဲ့မျက်နှာက စောစောကနဲ့မတူတော့။ ဝမ်းနည်းမှုအရိပ်အယောင်များထင်ပေါ်နေတယ်။ သူ့ပခုံးထက်က ပေါက်ပြားကို မြေပြင်ပေါ်တွင်ခုတ်စိုက်ထားလိုက်ပြီး သူကိုယ်တိုင်ကလဲ မြေပြင်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။

''သူငယ်ချင်းရယ် ငါကတော့ တက္ကသိုလ်ကို ပထမနှစ်ထိပဲ တက်နိုင်ခဲ့တယ်လေ။ အဲဒီနှစ်မှာပဲ ငါ့အဖေဆုံးသွားတယ်။ အဖေမရှိတော့တဲ့နောက်ပိုင်း အမေ့မှာ လယ်အလုပ်ကတစ်ဖက် ငါတို့ညီအစ်ကိုမောင်နှမတွေရဲ့ ဝေယျာဝစ္စတွေက တစ်ဖက်နဲ့အတော့်ကိုပင်ပန်းနေရရှာတာ။ ပြီးတော့ အဓိကက ငါတို့ရဲ့ စီးပွားရေးပဲ သူငယ်ချင်းရေ ''

''ဟင်''

တကယ်တော့ စိန်မင်းတို့မိဘတွေမှာ လယ်မြေတွေအများအပြားပိုင်ဆိုင်ထားကြတယ်။ ရွှေတိုငွေစ လက်ဝတ်တန်ဆာတွေလဲ အသင့်အတင့်ရှိကြတယ်။ ပြောရင်းနဲ့ တိုးတိုးသွားတဲ့ စိန်မင်းရဲ့အသံတွေက ဝမ်းနည်းမှုအရိပ်အယောင်တွေပါနေတယ်။

''ငါ့အမေမှာ ငါတို့အတွက် ကုန်ကျစရိတ်တွေ တစ်နှစ်ထက်တစ်နှစ် ပိုပြီးကုန်ကျလာတော့ အမေ့မှာ အကြွေးတွေ တစ်သီကြီးနဲ့ လုံးလည်လိုက်နေတာ၊ အခက်ခဲတွေနဲ့အကျပ်ရိုက်နေတာ ငါလဲ အမေ့ကို မကြည့်ရက်တော့တာနဲ့ ကျောင်းထွက်လိုက်တယ်ဆိုပါတော့ ''

''ဖြစ်ရလေ သူငယ်ချင်းရာ''

''ငါ့ကုသိုလ်ကံပဲပေါ့ကွာ။ အခုတော့ ငါက လယ်တွေကိုဦးစီးပြီး လုပ်နေတယ်လေ''

လယ်ထဲမှာ နေပူမရှောင်မိုးရွာမရှောင် အလုပ်လုပ်နေရတဲ့ အလုပ်ဒဏ်တွေကြောင့်ပဲ သူငယ်ချင်းဖြစ်တဲ့ စိန်မင်းမှာ ဟိုးအရင်တုန်းကနဲ့မတူဘဲ ပင်ပန်းလွန်းတာမို့အသားအရေကအစ မွဲခြောက်နေတယ်။

''ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်းတွေကို အခုလိုမြင်ရတာ ငါဝမ်းသာပါတယ်။ အားလုံးအတွက် ဂုဏ်လဲယူတယ်ကွာ။ အင်း ဒေါ်လေးမြင့်ကတော့ တကယ့်ကိုအာဂမိခင်ပါပဲကွာ။ သားတွေကောင်းစားဖို့အတွက် သူဒီလိုလုပ်ခဲ့တယ်ဆိုတာ ငါလဲနောက်မှ သိခဲ့ရတယ်''

''ဘယ်လိုကွ''

စိန်မင်းပြောလိုက်တဲ့စကားကို ကျွန်တော် နားမလည်ပါ။ စိန်မင်းက အမေ့ကြောင့်ကျွန်တော်တို့ညီအစ်ကိုတွေ အခုလို ဘွဲ့ရပညာတတ်ကြီးတွေဖြစ်ခွင့်ရကြတယ်လို့ ထင်မြင်နေပုံရပါတယ်။ ကျွန်တော်တို့ ညီအစ်ကိုတွေကို အမေ့ရဲ့ညီမဖြစ်သူက ခေါ်ယူထားပြီး ပြုစုပျိုးထောင်ပေးခဲ့တာကိုတော့ စိန်မင်းက သိရှိပုံမရပါ။ အဲဒီနေ့က ညနေစောင်းမှ ကျွန်တော်တို့ညီအစ်ကိုတွေ တက္ကစီနဲ့ မြို့ကိုပြန်ခဲ့ကြတယ်။ ရွာကိုပြန်ရောက်ခဲ့ကြပေမဲ့ အမေ့အိမ်ကိုတော့ မဝင်ဖြစ်ခဲ့ကြပါဘူး။ အမေ့ကိုသတိရပေမဲ့ အမေ့ရဲ့နောက်ယောကျ်ားဖြစ်တဲ့ ဦးထူးတင့်ဆိုတဲ့လူနဲ့ မျက်နှာချင်းမဆိုင်ချင်ပါ။ မြို့ကို ရောက်ခဲ့ကြပြီး နှစ်တွေကြာခဲ့တဲ့တိုင် ကျွန်တော်တို့ညီအစ်ကိုတွေ အကုန်လုံး ဘွဲ့တွေကိုယ်စီရပြီး ကိုယ်စီလုပ်ငန်းခွင်မှာ တာဝန်ထမ်းဆောင်ခွင့်ရမှ မွေးရပ်မြေကို ပထမဆုံးပြန်လာခဲ့တာပါ။ အဖေမရှိတော့ပေမဲ့ ကျွန်တော်တို့ညီအစ်ကိုတွေ အဖေ့ကို ပေးခဲ့ဖူးတဲ့ကတိစကားကို တည်အောင် ကြိုးစားခဲ့တယ်ဆိုတဲ့အကြောင်း အဖေ့ရဲ့ အုတ်ဂူကလေးကို သွားရောက်ပြောပြကြတာပါ။

(၄)

မြို့ကို ပြန်ရောက်တဲ့ညမှာပဲ အဒေါ်ဖြစ်သူက ကျွန်တော်တို့ညီအစ်ကိုတွေကို အခုလို ပြောလာပါတယ်။

''ငါ့တူကြီးတို့ ဘယ့်နှယ်လဲ အစ်မကြီးရဲ့ ကျန်းမာရေးကော ကောင်းမွန်ရဲ့လား''

''ဗျာ''

''ဟို...''

အဒေါ်ဖြစ်သူရဲ့အမေးကို ကျွန်တော်တို့ညီအစ်ကိုတွေ ရုတ်တရက်မဖြေနိုင်ကြပါဘူး။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်နေကြတယ်။

''ငါ့တူကြီးတို့ရင်ထဲမှာ အမေဖြစ်သူကို အထင်လွဲနေကြတာတော့ အဒေါ်လက်ခံပါတယ်။ ဒါပေမဲ့ အမေ့ကိုတော့ အပြစ်မမြင်ကြပါနဲ့၊ မပစ်မှားကြပါနဲ့တော့။ အဒေါ်လဲ ဒီအကြောင်းတွေကို ပြောပြချင်ခဲ့တာ''

''အဒေါ်ဖြစ်သူ ဘာတွေပြောနေတာလဲ ကျွန်တော်တို့ညီအစ်ကိုတွေ နားမလည်ကြပါ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အကဲခတ်နေမိကြတယ်။ အဒေါ်ဖြစ်သူပြောပြလာမဲ့ စကားတွေကို စိတ်ဝင်တစား နားထောင်နေမိတယ်။

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်း ၅၃၂၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၃၂၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၇၀၅ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ကေ ၁၉၂၀၊ ကနီမြို့နယ်တွင် ကေ ၁၄၀၀၊ ပုလဲမြို့နယ်တွင် ၂၀၀၆ ကေ စုစုပေါင်း ၅၃၂၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်း ကေ ၂၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟုယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ကေ ၁၁၅၀၀၊ ကနီမြို့နယ်တွင် ၂၁၅၆ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၂၉၆၂ ကေ၊ ပုလဲမြို့နယ်တွင် ၁၁၀၈၇ ကေ စုစုပေါင်း ၂၇၇၀၅ ကေဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် လှည်းပြင်တင်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှည်းပြင်တင်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှည်းပြင်တင်ရွာမကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

## သတိဟူသည် ပိုသည်မရှိ

– ရည်ရွယ်ရာ ပန်းတိုင်သို့
လှမ်းနိုင်ဖို့ အခါကွယ်၊
ကိုယ့်ကိုယ်ကိုယ် အားကိုး
ကြိုးစားလို့ရယ်၊
စိတ်ဆန္ဒ မြားပမာနှယ်
ပြင်းပြမယ် စိတ်ခွန်အား၊
မလျှော့ပါ ဖွဲလုံ့လနှင့်
နိုးထကြိုးစား။

– အချိန်ကို စည်းကမ်းထား
နည်းလမ်းများ ကြိုးရှာဖွေ၊
အမှားအမှန် သုံးသပ်တတ်ဖို့
လိုအပ်လှပေ၊
ကိုယ့်ဘဝ ကိုယ့်အခြေ
ကိုယ်သာလေ အဓိက၊
ရှုံးနိမ့်လျှင် စိတ်မညစ်နှင့်
အားသစ်မွေးကြ။

– ဘဝဝယ် အသိသတိက
အဓိပတိ ပမာညီ၊
လောကဓံ ရင်ဆိုင်သွား
ကျော်လွှားရမည်၊
ပန်းတိုင်သို့ ရှေးရှုတည်
သတိဟူသည် ပိုသည်မရှိ၊
ကိုယ့်စိတ်သာ ပဓာနမို့
တွေးဆသင့်၏။ ။

**ချစ်သက်(မြန်မာစာ)**

➤ စာမျက်နှာ ၂၄ မှအဆက်

"တကယ်တော့ ငါတူတို့အခုလို ဘွဲ့ရပညာတတ်ကြီးတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့တာ အဒေါ်တို့မှာရှိတဲ့ ပစ္စည်းဥစ္စာတွေတစ်ပြားတစ်ကျပ်တောင်မပါပါဘူးကွယ်။ ငါတူတို့ကို အဒေါ်တို့အိမ်မှာခေါ်ထားပြီး ထားခဲ့ရုံသက်သက်ပါပဲ။ သားတို့အခုလို ဘွဲ့ရပညာတတ်ကြီးတွေဖြစ်ခွင့်ရခဲ့တာ သားတို့အမေရဲ့ကျေးဇူးတွေကြောင့်ပါပဲကွယ်"

"ဗျာ"

ကျွန်တော်တို့ ညီအစ်ကိုတွေ အဒေါ်ဖြစ်သူပြောနေသမျှ အံ့သြစွာပဲ နားထောင်နေကြတယ်။

"ဒါတွေအကုန်လုံးက ငါတူတို့အမေ မမမြင့်ရဲ့ ကျေးဇူးတွေပါပဲကွယ်"

"ဗျာ"

" ဘယ်လိုလဲ အဒေါ်ရယ် "

"သားတို့ နားမလည်တော့ဘူး အဒေါ်ရာ"

တကယ်ပဲ အဒေါ်ဖြစ်သူပြောပြနေသမျှ ကျွန်တော်တို့ညီအစ်ကိုတွေ နားမလည်နိုင်ကြပါ။

"ဟုတ်တယ်။ ငါ့တူလေးတို့ မင်းတို့ရဲ့အမေ ဘာဖြစ်လို့ နောက်ယောကျ်ားယူခဲ့ရတာလဲဆိုတာကော မင်းတို့တွေသိကြရဲ့လား "

အဒေါ်က ကျွန်တော်တို့ညီအစ်ကိုတွေကို အတည်ကြီးမေးလာပါတယ်။ အဒေါ်ဖြစ်သူရဲ့မေးခွန်းကို ကျွန်တော်တို့ညီအစ်ကိုတွေ တိတိကျကျ ရေရေရာရာ မဖြေနိုင်ကြပါဘူး။

"မင်းတို့အဖေရဲ့အသက်ကို မင်းတို့ မီခဲ့ကြရဲ့လား။ မင်းတို့အဖေဆုံးတဲ့နေ့က မင်းတို့တွေ ကျောင်းတက်နေကြတာ မဟုတ်လား"

အဖေဆုံးတဲ့နေ့က ကျွန်တော်တို့ညီအစ်ကိုတွေ ကျောင်းမှာပဲရှိနေကြပါတယ်။ အဖေ့ရဲ့နောက်ဆုံးအချိန်ကိုတောင် မမီခဲ့ကြပါဘူး။

"အဲဒီနေ့က မင်းတို့အဖေရဲ့ဘေးမှာ မင်းတို့ရဲ့အမေရယ်၊ အဒေါ်ရယ်၊ ရွာထဲက ဒေါ်မြသိန်းရယ်၊ ဦးစိုးလှိုင်ရယ်ရှိနေခဲ့ကြတာ။ မင်းတို့ရဲ့ အဖေကလေ လူကသာ ဆုံးခါနီးအမောဖောက်လို့ တအားပင်ပန်းနေရပေမဲ့ သူ့ကိုယ်သူသေဆုံးတော့မယ်ဆိုတာသိနေတယ်လေ။ ပြီးတော့ ဉာဏ်ကောင်းတဲ့ မင်းတို့ကလေးတွေကို ပညာတတ်ကြီးတွေ သိပ်ပြီးဖြစ်စေချင်တာ"

အဒေါ်ဖြစ်သူရဲ့ စကားသံတွေက တိုးသွားလိုက်၊ ကျယ်လာလိုက်နဲ့ တစ်ခါတစ်ခါ ငိုသံများပင်ပါနေပါတယ်။ နားထောင်နေကြတဲ့ ကျွန်တော်တို့ညီအစ်ကိုတွေမှာလဲ မျက်ရည်တွေကိုယ်စီနဲ့ပါ။

"မင်းတို့အဖေကလေ ဆုံးခါနီးမင်းတို့ကလေးတွေကို ပညာတတ်ကြီးတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးပါလို့ တဖွဖွမှာသွားခဲ့တာ"

"ဟင်း"

"တူလေးတို့ရယ် အခုခေတ်ကြီးထဲမှာ ကလေးတစ်ယောက်ကို ဆရာဝန်ကြီးဖြစ်အောင်၊ အင်ဂျင်နီယာကြီးဖြစ်အောင် ပြုစုပျိုးထောင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာ။ သားတို့အမေတစ်ယောက်တည်းနဲ့၊ သူ့မှာရှိတဲ့ မဖြစ်စလောက်စည်းစိမ်ဥစ္စာလေးတွေနဲ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တာလေ"

အဒေါ်ဖြစ်သူဟာ ပြောရင်းနဲ့ ပါးပြင်ထက်မှာ မျက်ရည်တွေက စီးကျလို့နေပါတယ်။ ကျွန်တော်တို့ညီအစ်ကိုတွေလဲ ဘာစကားမှ မပြောနိုင်ကြတော့ပဲ ငြိမ်ပြီးနားထောင်နေမိတယ်။

"မင်းတို့အဖေကို ပေးထားခဲ့တဲ့ကတိကိုလဲ တည်ချင်တယ်။ ပြီးတော့ မင်းတို့အမေကိုယ်တိုင်ကလဲ မင်းတို့ကို ဘွဲ့ရပညာတတ်ကြီးတွေဖြစ်စေချင်ခဲ့တာ။ အဲဒါကြောင့် နိုင်ငံခြားပြန်သင်္ဘောသားသူဌေးတစ်ယောက်ကိုရအောင်ယူ၊ မင်းတို့အမေက နောက်အိမ်ထောင်ပြုပြီး မင်းတို့ကို ကျောင်းဆက်ပြီးထားပေးခဲ့တာ"

"တကယ်ပဲလား အဒေါ်ရာ"

"အဲဒါတွေ သားတို့မသိခဲ့ဘူးဗျာ"

" အဒေါ်ရာ ဘာဖြစ်လို့ ဒီအကြောင်းတွေကို အစောကြီးကတည်းက ပြောမပြခဲ့ရတာလဲ အဒေါ်ရယ်"

"သားတို့မှာအမေ့ကို အထင်လွဲပြီးပစ်မှားမိခဲ့ကြတယ်"

ပြောရင်းနဲ့ ကျွန်တော်တို့ညီအစ်ကိုတွေ ငိုနေမိကြတယ်။ အမေ့အတွက် စိတ်မကောင်းဖြစ်မိကြပါတယ်။

"အဲဒါကလဲ မင်းတို့အမေရဲ့ ဆန္ဒကြောင့်ပါ။ မင်းတို့အမေက မင်းတို့ရဲ့ဉာဏ်ရည်ဉာဏ်သွေးကိုလဲ ယုံကြည်တယ်။ ဒါပေမဲ့ မင်းတို့လေးတွေ မင်းတို့အဖေမရှိတော့တဲ့နောက်ပိုင်း စာတွေညံ့လာခဲ့တာကိုလဲ သူသတိထားမိခဲ့တယ်။ အဲဒါကြောင့် မင်းတို့လေးတွေစိတ်နာအောင်၊ ဘဝအတွက် မခံချင်စိတ်နဲ့ကြိုးစားလာအောင် တမင်လုပ်ခဲ့တာ။ ပြီးတော့ ဒီအကြောင်းတွေကို မင်းတို့တွေ ကိုယ်စီကိုယ်စီဘွဲ့ရပညာတတ်ကြီးတွေဖြစ်လို့ လုပ်ငန်းခွင်ထဲ ကိုယ်စီဝင်တဲ့အချိန်ကျမှ ပြောပြရမယ်လို့ အဒေါ့်ကိုကတိတစ်ခု တောင်းထားလို့ အဒေါ်လဲ အဲဒီကတိကို ပေးထားရတော့ ငါ့တူတို့ကိုပြောချင်ပေမဲ့ မပြောခဲ့ရတာပါကွယ်"

"ဖြစ်မှဖြစ်ရလေ အမေရယ်"

"အမေက သားတို့အတွက် သူ့ဘဝကို စတေးခဲ့ရတာပဲ"

"သားတို့ တကယ်ပဲ ဒါတွေမသိခဲ့ဘူး အဒေါ်ရာ"

အကြောင်းစုံ သိရချိန်မှာ ကျွန်တော်တို့ညီအစ်ကိုတွေ ကြေကွဲဆို့နင့်ကြရတယ်။ အမေကတော့ အမေပီသစွာပဲ ကျွန်တော်တို့သားသုံးယောက်ကို အရှက်တွေ၊ သိက္ခာတွေ၊ ခန္ဓာကိုယ်တွေနဲ့ရင်းပြီး အမေတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်ခဲ့ပါတယ်။ ကျွန်တော်တို့မှာသာ အမေ့ရဲ့အပေါ်မှာ အထင်လွဲပြီး တာဝန်မဲ့စွာလျစ်လျူရှုမိခဲ့ကြတယ်။ အမေ့အတွက် တာဝန်မကျေတဲ့သားတွေအဖြစ်ရှိနေခဲ့တာကို နောင်တတွေ ရမဆုံးဖြစ်နေမိကြပါတယ်။ ဒါကြောင့် အမေ့ရဲ့ကျေးဇူးတွေကို အခုကစပြီး ဘဝတစ်လျှောက်လုံး ပြန်လည်ပေးဆပ်ဖို့ အမေရှိရာကို ကျွန်တော်တို့ညီအစ်ကိုတွေ ခြေလှမ်းတွေက ပြိုင်တူလှမ်းလျက်သာ ရှိပါတော့တယ်။

# နတ်သျှင်နောင်၏ ဘဝနှင့်စာပေ

ပြေအေးသက်

❖နတ်သျှင်နောင်ဟူသည့် အမည်ကြားလိုက်သည်နှင့် အကြောင်းအရာနှစ်ရပ်က ရင်ထဲကိုတစ်ပြိုင်နက် ပြေးဝင်လာကြသည်မှာ ရာဇဓာတုကလျာနှင့် ရတုကဗျာတို့ဖြစ်ကြပေသည်။ ထိုနှစ်ရပ်သည် နတ်သျှင်နောင်နှင့် ခွဲခြား၍မရဘဲ တစ်ထပ်တည်းကျလျက်ရှိနေသည်သာဖြစ်သည်။ နတ်သျှင်နောင်သည် ဟံသာဝတီဆင်ဖြူများရှင်မင်းတရားကြီး ခေါ် ဘုရင့်နောင်၏မြေးတော်ဖြစ်ပြီး ၉၄၆ ခုနှစ်တွင် တောင်ငူရွှေနန်းတည်မင်းဟု အမည်ရသည့် တောင်ငူဘုရင်မင်းခေါင်နှင့် လေးကျွန်းမိဖုရားတို့၏သားတော် မင်းရဲသီဟသူ၏ သားတော်ကြီးဖြစ်သည်။❖

နတ်သျှင်နောင်ဟူသည့် အမည်ကြားလိုက်သည်နှင့် အကြောင်းအရာနှစ်ရပ်က ရင်ထဲကိုတစ်ပြိုင်နက် ပြေးဝင်လာကြသည်မှာ ရာဇဓာတုကလျာနှင့် ရတုကဗျာတို့ဖြစ်ကြပေသည်။ ထိုနှစ်ရပ်သည် နတ်သျှင်နောင်နှင့် ခွဲခြား၍မရဘဲ တစ်ထပ်တည်းကျလျက်ရှိနေသည်သာဖြစ်သည်။ နတ်သျှင်နောင်သည် ဟံသာဝတီဆင်ဖြူများရှင်မင်းတရားကြီးခေါ် ဘုရင့်နောင်၏ မြေးတော်ဖြစ်ပြီး ၉၄၆ ခုနှစ်တွင် တောင်ငူရွှေနန်းတည်မင်းဟု အမည်ရသည့် တောင်ငူဘုရင်မင်းခေါင်နှင့် လေးကျွန်းမိဖုရားတို့၏ သားတော် မင်းရဲသီဟသူ၏ သားတော်ကြီးဖြစ်သည်။ မယ်တော်မှာ ခင်စောဖြစ်ပြီး အင်းဝရွှေနန်းကြော့ရှင်၏ သမီးတော်ခင်ဘုန်းထွတ်ကို ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးက စန္ဒာဒေဝီဘွဲ့နှင့် မိဖုရားမြှောက်ရာက ခင်စောဟူသော သမီးတော်ကို ဖွားမြင်ခဲ့ရာမှ မင်းရဲသီဟသူနှင့်လက်ဆက်ရာတွင် နတ်သျှင်နောင်၊ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ ဖွားမြင်ခဲ့ခြင်းဖြစ်သည်။

**ရာဇဓာတုကလျာ**

နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာသည် အသက် ၁၈ နှစ်၊ ၁၉ နှစ်ခန့်ကွာပြီး ရာဇဓာတုကလျာကို ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးနှင့် ရာဇဒေဝီဘွဲ့ခံ ရှင်ထွေးလှတို့မှ သက္ကရာဇ် ၉၂၁ ခုနှစ် နတ်တော်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့တွင်ဖွားမြင်သည်။ ထိုနေ့သည် မဟာစေတီ၏ဌာပနာအဖြစ် ဓာတ်တော်များကို ပူဇော်ပင့်ယူသည့်နေ့ဖြစ်သည့်အတွက် ဘုရင့်နောင်မင်းတရားကြီးက ရာဇဓာတုကလျာဟု အမည်ပေးခဲ့သည်။ ၉၄၈ ခုနှစ်တွင် နန္ဒဘုရင်ယိုးဒယားသို့ စစ်ချီသွားစဉ်သားတော်မဟာဥပရာဇာက အတင်းအကျပ်သိမ်းပိုက်ကာ အိမ်ရှေ့မိဖုရားမြှောက်ခဲ့သည်။ ၉၅၄ ခုနှစ် ယိုးဒယားနှင့်တိုက်ပွဲတွင် မဟာဥပရာဇာကျဆုံးရာတွင် မုဆိုးမဖြစ်ရလေသည်။ တစ်ဖန် အသက် ၄၀ကျော်အရွယ်ရောက်လျှင် တူဝမ်းကွဲတော်စပ်သည့် တောင်ငူအိမ်ရှေ့စံနတ်သျှင်နောင်က နှစ်သက်မြတ်နိုးပြန်သဖြင့် ၉၆၄ ခုနှစ် နှောင်းတန်ခူး ၁၀ ရက် သောကြာနေ့တွင် အိမ်ရှေ့မိဖုရားဖြစ်လာပြန်သည်။ သို့သော် အိမ်ရှေ့မိဖုရားအဖြစ်ရောက်ပြီး ခုနစ်လမျှအကြာ တောင်ငူတွင် ကွယ်လွန်သည်ဟုဆိုသည်။

**ရတုကဗျာ**

ပျို့နှင့်ရတုသည် လေးလုံးစပ်နည်းကို အခြေခံသော်လည်း ပျို့သည်အပိုဒ်ရေ အကန့်အသတ်မရှိဖွဲ့ဆိုနိုင်ပြီး ရတုသည် တစ်ပိုဒ်တည်းဖွဲ့စပ်လျှင် ကေပိုဒ်၊ နှစ်ပိုဒ်ဖွဲ့စပ်လျှင် အဖြည့်ခံ၊ သုံးပိုဒ်ဖွဲ့စပ်လျှင် ပိုဒ်စုံဟူ၍ဖွဲ့စပ်ကာ သုံးပိုဒ်ထက်ပို၍ မဖွဲ့နွဲ့ကြပေ။ တစ်ပိုဒ်ချင်းတွင်လည်း ၁၀၈ ပါဒထက် ပိုမိုမဖွဲ့နွဲ့ကြဘဲ အချီအချည်ီရသည်။ အချီအချည်ီရသည့် ဥပမာအနေဖြင့် နတ်သျှင်နောင်၏ ပေါ်နွေလလျှင်ချီ စစ်ချီရတုတွင် အချီတို့၌ "ပေါ်နွေလလျှင်" "မြော်ချေကလျှင်" "ဖျော်ဖြေမှလျှင်"ဖြစ်ပြီး အချပိုဒ်တို့၌ "ငှက်သွင်ပျံကြွ မတတ်သော်" "ညက်စင်စံများ အထွတ်သော်" "စက်ရှင်လျှံမျှ ရဟတ်သော်"ဟူ၍ အချီအချည်ီစွာ နဘေစပ်ဖြင့် ဖွဲ့ဆိုရသည်။ အချီအချတွင်လည်း ခိုင်ညွန့်ခက်ဖြာ ၇ လုံး၊ မဏိဆံကျင် ၉ လုံး၊ အာသာဝတီ ဝတ်ဆံ ၁၁ လုံး၊ မဏိဦးပြည်း ၁၅ လုံး၊ ဇော်တစ်ခိုင်လုံး ၁၉ လုံးစသည်ဖြင့် အချစာလုံး အရေအတွက် သီးသန့်ထားလျက်ရှိသည်။ ထို့ပြင် အက္ခရာပါခြင်း၊ မပါခြင်းတို့ဖြင့် ပေါက်ပြချနည်း၊ ငုံဖူးချနည်း၊ ပုလဲသွယ် သို့မဟုတ် မုလေးသွယ်ချနည်း စသည်တို့ဖြင့်လည်း ရှိကြသည်။

"အချ"အဆုံးသတ်အနေနှင့်ဖြင့် ကဝိကဏ္ဌပါသကျမ်းတွင် "ဖွင့်သည့်ကဗျာ၊ ကြိယာတွင်၊ သမာသေန၊ မူလမဇ္ဈေ၊ ကိုသာပေတည့်၊ သံခြေပျံ့ညင်း၊ ကျွန်ုပ်ခင်းပိမ့်၊ (လျှင်) (လျှင်း) (မူကား)၊ (ဝယ်) (သား) (တမင့်)၊ (ချိမ့်) (ဖြင့်) (တွင်) (၏)၊ (ပိမ့်) (လှည့်) (မည်) (အံ့)၊ (လော) (တုံ) (မုံ့) (တည့်)၊ (သော်) (ခံ့) (ဘူး) (သော)၊ (မူလော) (ရကား)၊ (မူ) (အား) (မှ) (က)၊ (လိမ့်စွ) (တံ့) (လည်း)၊ (တိ) (တည်း) (ချည်း) (ဟု)၊ (ခဲ့) (နည်း) (နှိုက်) (လျက်)၊ (ကြောင့်) (ထက်) (မို့) (လည်)၊ (စမ့်) (သည်) (စိမ့်) (နှင့်)၊ (တုံ့) (လိမ့်) (တည့်) (တော့)၊ (ကား) (လော့) (ရွှေ့) (သို့)၊ (မျှ) (တို့) (ငှာ) (ရှင့်)၊ (တမုန့်) (နှင့်) (ကို)၊ ရှင့်ပင့်ဉာဏ်တော်၊ ထွန်းပေါ်ကျယ်ချဲ့"ဟု အချ ၆၂ မျိုးကို ကဗျာစပ်ဆိုထားခဲ့သည်။ ကဝိလက္ခဏာသတ်ပုံကျမ်းတွင်လည်း "ရတုချဘွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ်ကိရိယာ"ဟု စပ်ဆိုခဲ့သည်။ စွယ်စုံကျော်ထင်ကျမ်းတွင် "ကိရိယာခြောက်ဆယ်၊ အသွယ်သွယ်၊ အဘယ်ကျမ်းက ထွက်သနည်း"ဟုလည်းဖွင့်ဆိုထားသည်။ ရတုအချီအချသည် စကားလုံး အနည်းအများကိုလိုက်၍လည်းကောင်း၊ အသတ်ကိုခွဲ၍လည်းကောင်း အမျိုးအစားခွဲကြသည်ဟုဆိုရမည်။

**ရတု၏သဘောသဘာဝ**

ရတုတွင် ကေပိုဒ်၊ အဖြည့်ခံ၊ ပိုဒ်စုံဟူ၍ အမျိုးအစားသုံးမျိုးတွင် တစ်ပိုဒ်တည်းသာ ရေးစပ်သောရတုကို ကေပိုဒ်ရတုဟုခေါ်သည်။။ အဖြည့်ခံ ရတုဆိုသည်မှာ စာဆိုတစ်ဦးက အချီညီ အချညီ ရတုနှစ်ပိုဒ်ကိုသာလျှင် ရေးဖွဲ့ထားသော ရတုမျိုးဖြစ်သည်။ နောက်နှောင်းပညာရှိတို့ဖြည့်လိုလျှင် ဖြည့်ကြလော့ဟူ၍ တတိယပိုဒ်ကို အဖြည့်ခံရန် ကွက်လပ်ချန်ခဲ့ခြင်းဖြစ်ပြီး စာဆိုအချင်းချင်း ဉာဏ်ကစားသော ရတု၊ စိန်ခေါ်သောရတုဟု ဆိုနိုင်ပေသည်။ ရတုတွင် သုံးပိုဒ်လျှင် တစ်စုံဟု ခေါ်သည်ဖြစ်ရာ သုံးပိုဒ်ဖွဲ့ဆိုလျှင် ပိုဒ်စုံရတု ဟုခေါ်ဆိုကြသည်။ ရတုဆရာများက ရတုစပ်နည်းများ တီထွင်ဖော်ထုတ်ခဲ့ရာ တောင့်တဲတွန့်ရတု၊ ပဒုမာကြာဆိုနည်းရတု၊ ပုလဲတစ်တန့် သန္တာတစ်တန့်ရတု၊ ယန္တရားစကြာလည်ရတု၊ မုတ္တာရွဲသီရတု၊ နဝဘာအင်းဆိုနည်း၊ တံခွန်စာဆိုနည်း၊ သန်လျက်စာဆိုနည်း၊ မြင်းမိုရ်ဆိုနည်း၊ သုံးလွန်းတင်ဆိုနည်း၊ ဥဿျှောင်ဆိုနည်း စသည်ဖြင့် စပ်ဆိုကြသည်လည်း တွေ့ရသည်။ ရတုဖွဲ့ဆိုရာ၌ မောင်ဘွဲ့၊ ရာသီဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သစ္စာတိုင်၊ ဘုရားတိုင်၊ သိကြားတိုင်၊ နတ်တိုင်၊ ရက္ခစိုးတိုင်၊ ရှင်ဥပဂုတ်တိုင်၊ ကျေးစေ၊ သာလိကာစေ၊ ခွေးစေ၊ တန္တေစေ၊ စစ်ချီ၊ မိုးတောမိုးတိုင်၊ မိုးကြိမ်၊ မိုးငေါ့၊ အခံရတု၊ အလိုက်ရတု စသည်ဖြင့် များပြားလှသည်။

**ရတုမြစ်ဖျား**

ရတုစစ်စစ် အရေးအသားကိုမူ ပင်းယခေတ်တွင် စတင်တွေ့ရသည်ဟု ဆိုရပေမည်။ မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရှိသောရတုမှာ သက္ကရာဇ် ၇၀၀ ကျော်ခန့်က ပင်းယခေတ် စတုရင်္ဂဗလ အမတ်ကြီး ရေးသားသောရတုဖြစ်သည်။ ထိုရတုသည် ပုဂံဆရာတော်ခေါ် ဆူးတွင်းပစ်ဆရာတော်ကို မြတ်စွာဘုရားတရားတော်အကြောင်းနှင့် စပ်လျဉ်း၍ မေးမြန်းကာ ရေးသားထားသော အမေးပုစ္ဆာရတုဖြစ်သည်။ တစ်ဖန်ဆရာတော်က အဖြေရတုကိုလည်း ရေးသားခဲ့သည်။ အင်းဝခေတ်သို့ ရောက်သောအခါ ရတုစာဆို အများအပြား ပေါ်ထွန်းခဲ့ရာ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရခိုင်သူ မိညို၊ အင်းဝသူ မိဖြူ၊ ရှင်ထွေးနာသိန် စသူတို့ဖြစ်သည်။ အင်းဝခေတ်တွင် အရှိန်ရလာသော ရတုအရေးအသားသည် တောင်ငူခေတ်တွင် တံခွန်စိုက်သည်ဟု ဆိုရပေမည်။ ပထမနဝဒေးကြီးသည် ရတုပိုဒ်ရေပေါင်း ၃၀၀ ကျော် ၄၀၀ နီးပါးမျှ ဖွဲ့ဆိုခဲ့သည်။ နဝဒေး နောက်နှစ်ပေါင်း ၃၀ ခန့်အကြာတွင် တောင်ငူဘုရင် နတ်သျှင်နောင်သည် ချစ်သူရာဇဓာတုကလျာကိုအကြောင်းပြု၍ ရတုပုဒ်ရေ ၆၀ ကျော်ခန့်ဖွဲ့ဆိုခဲ့သည်။ တောင်ငူခေတ်၏ အခြားထင်ရှားသော ရတုစာဆိုများမှာ လှော်ကားသုံးထောင်မှူး၊ ရခိုင်စာဆို ဥက္ကာပျံ၊ မင်းဇေယျရန္တမိတ်၊ ရှင်သံခိုတို့ ဖြစ်ကြသည်။

ညောင်ရမ်းခေတ်တွင်မူ တောင်ငူခေတ်ကကဲ့သို့ ရတုတံခွန်မစိုက်သော်လည်း ရှင်ကဝိက၊ မြင်းခွာစားမင်းရာဇာ စသောရတုစာဆိုများရှိသေးရာ ရတုအရေးအသားသည် မပြတ်လပ်ခဲ့ချေ။ ညောင်ရမ်း ၁၀ ဆက်မြောက် ဟံသာဝတီရောက်မင်းတရားကြီးသည် အင်းဝပျက်၍ ဟံသာဝတီတွင်နေရစဉ် နတ်ရွာစံခါနီး၌ "ပုဂ္ဂိုလ်ခြောက်မည်" အစချီသော သုံးချက်ညီသံဝေဂပိုဒ်ရတုကို ရေးသားတော်မူခဲ့သည်။ ကုန်းဘောင်ခေတ်၌ ထင်ရှားသော ရတုစာဆိုများမှာ လက်ဝဲသုန္ဒရ ဦးမြတ်စံ၊ တွင်းသင်းတိုက်ဝန် မဟာစည်သူ၊ စိန္တကျော်သူ ဦးဩ၊ ဦးတိုး၊ စဉ့်ကူးမင်းမိဖုရားရှင်မင်း၊ ဖိုးသူတော်ဦးမင်း၊ ဦးယာ၊ ဝက်မစွတ် နဝဒေး၊ ဦးပုည၊ ကင်းဝန်မင်းကြီးဦးကောင်း၊ ဆီးဘန်းနီ ဆရာတော် စသည်တို့ဖြစ်သည်။ ရတုသမိုင်းတွင် အဟောင်းဆုံးရတု ဆရာသည် စတုရင်္ဂဗလ၊ အများဆုံးရတုဆရာသည် နဝဒေးကြီးဖြစ်၍ အကောင်းဆုံးရတုဆရာသည် နတ်သျှင်နောင်ဖြစ်သည်ဟု စာပေပညာရှင်များက ယူဆကြသည်။

**နတ်သျှင်နောင်၏ ရတုကဗျာ**

နတ်သျှင်နောင်၏ ရတုကဗျာများကို ၁၉၂၁ ခုနှစ် မြန်မာ့ကျက်သရေပုံနှိပ်တိုက်က ထုတ်ဝေသည့် ရှင်ဥက္ကံသမာလာ၏ တောင်ငူဆိုရတုအဖြေကို လေ့လာကြည့်ရာတွင် ရတုပုဒ်ရေမှာ ၈၁ ပုဒ်ရှိနေပြီး ထိုအဖြေကိုပင် ဆရာကြီးမင်းသုဝဏ်တည်းဖြတ်၍ မြန်မာနိုင်ငံသုတေသနအသင်းက ၁၉၅၉ ခုနှစ်တွင် ထုတ်ဝေရာ ပြန်လည်စိစစ်ချက်အရ ရတုပုဒ်ရေ ၇၈ ပုဒ်ရှိသည်။ တစ်ဖန် ၁၉၆၉ ခုနှစ်တွင် ဦးတိုး၏ ဆွတ်ပျံ့ဖွယ်အောင်ရတုအဖြေနှင့် ဦးရွှန်း၏ တောင်ငူအဖြေတို့ကို ဦးအုန်းရွှေနှင့် ဦးတင်လှတို့ တည်းဖြတ်ကာ မြန်မာနိုင်ငံသုတေသနအသင်းအတွက် တက္ကသိုလ်များပုံနှိပ်တိုက်က ထုတ်ဝေရာ ဦးရွှန်းက လက်ဝဲနော်ရထာစုစည်းထားသမျှ "ဘဝဂ်ရှည့်ဝေ"ချီ အဖြည့်ခံတစ်ပုဒ်အပါအဝင် ပိုဒ်စုံ ၆၆ ပုဒ်သာရှိကြောင်း ပေါင်း ၆၇ ပုဒ်သာရှိကြောင်းကို ဦးရွှန်း၏ အဖြေနိဒါန်းတွင် "တောင်ငူဆို ရတုပိုဒ်စုံ အဖြည့်ခံပါ၊ ခြောက်ဆယ့်ခုနှစ်၊ ပုဒ်ပေါင်းနှစ်ရာ"ဟု ဖွဲ့ဆိုထားသည်။ ပြောရမည်ဆိုလျှင် ခေတ်ကာလကွာခြားမှုအရ အထောက်အထားနှင့် အတည်ပြုနိုင်မှု တဖြည်းဖြည်း လျော့နည်းလာသည့်အခြေအနေတွင် ပေစာများမှ တစ်ဆင့် အသစ်ရရှိနိုင်မှု နည်းပါးလာသည့်အပြင် ရရှိပြီးအမှတ်အသားအဟောင်းတို့မှာလည်း အခြားသူရေးဖွဲ့မှုနှင့် မခွဲခြားနိုင်သည့်ရောထွေးသည့်အခြေအနေများ ဖြစ်ပေါ်လာကြသည်မှာ လက်ရှိအခြေအနေပင်ဖြစ်သည်။

**နတ်သျှင်နောင်၏ ရတုများအဖြေများ**

နတ်သျှင်နောင်၏ ရတုများအဖြေနှင့် ပတ်သက်ပြီး နှစ်ပေါင်း ၃၀၀ ခန့်အကြာတွင် ခက်ဆစ်အနက်အဖြေများ ရေးသားခဲ့ရာ ၁၁၅၁ ခုနှစ် အမရပူရခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ရာမရကန်ဦးတိုး၊ ၁၁၆၀- ၁၀၇၆ ခုနှစ် စနေမင်းလက်ထက်တွင် ရှင်ဥက္ကံသမာလာ၊ ၁၁၈၁ ခုနှစ်တွင် အင်းဝစတုတ္ထတည် ဘကြီးတော်လက်ထက်တွင် ဦးရွှန်းတို့က ရေးသားခဲ့ကြသည်။ ရှင်ဥက္ကံသမာလာအနေဖြင့် တောင်ငူဆိုရတုပေါင်း ၆၇ စုံအနက် ၁၅ စုံမျှသာ ဖြေဆိုခဲ့သည်။ ဦးရွှန်းအနေဖြင့် ထို ၁၅ စုံအနက် "ပြဆန်းမဆင်"ချီရတုမှအပ ကျန် ၁၄ စုံနှင့် ထပ်တိုး ၁၁ စုံ( ဖြန့်ဝန်းစကြာ၊ မွန်းချက်အထွေ၊ တစ်ဆယ့်နှစ်ခွေ၊ အောက်မေ့ချေချေ၊ ဘဝ်လုံးလျှင်၊ ဘဝ်ကပင်၊ ဘဝ်ရှည့်ညီ၊ တင့်လှပေဟန်၊ ချောင်းမမွေတော်၊ ဖြူညွန့်ရွက်ဆိုင်၊ နွေနှောင်းရက်လျှင်)ဖြစ်၍ စုစုပေါင်း ၂၅ စုံကို ဖြေခဲ့သည်။ ဦးရွှန်း၏ ထို ၂၅ စုံအဖြေသည် တောင်ငူရတု ၆၇ ပိုဒ်လုံးကို ခြုံငုံမိ၍ သဲလွန်စရပြီဟု ဦးရွှန်းသဘောထားပုံရသည်။ ရာဇဝင်ဆရာတို့ မဖော်ပြနိုင်ခဲ့သည့် နတ်သျှင်နောင်၏ နေ့နံကို "ခေါင်ထွတ်ဆက်ကာ"ချီရတုအဖြေတွင် နတ်သျှင်နောင်သည် အင်္ဂါသား၊ ရာဇဓာတုကလျာသည် တနင်္ဂနွေသမီးဟု ဖော်ထုတ်နိုင်ခဲ့သည်။

**ရတု ၆၀ တွင်**

နတ်သျှင်နောင်၏ ရတု ၆၀ ခန့်တွင် မောင်ဘွဲ့ ၂၀ ပုဒ်၊ မယ်ဘွဲ့ ၂၆ ပုဒ်၊ လွမ်းရတု ၆ ပုဒ်နှင့် အခြား ၉ ပုဒ်တို့ ပါဝင်ကြကာ အခြားထဲတွင် ဘထွေးတော်နှင့် ညီငယ်များဖြင့် ဂူလိရိုက်သည်ကို စပ်ဆိုထားသည်ကို "ခုနစ်စွန်တောင်"ချီရတုနှင့် "ဝေယန္တာတွင်"ရတုတို့တွင် တွေ့မြင်ရသည်။ ရာဇဓာတုကလျာမင်းသမီးအတွက် "တင့်လှပေဟန်"ချီ ရတုတစ်ပုဒ်သာ တွေ့ရကြောင်းဆိုကြပြီး ကျန်မယ်ဘွဲ့ ၂၀ ကျော်မှာ သူ၏ဆရာဖြစ်သူ နဝဒေး၏ ရှင်နှောင်းကဲ့သို့ ငယ်ရွယ်ပျိုမျစ်သည့် မိန်းမငယ်ကို ရည်စူးဖွဲ့ဆိုထားကြောင်း

စာမျက်နှာ ၂၇ သို့ ➤

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဓနိချပ်ရေ ဖ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ဓနိချပ်ရေ ၈၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မေလအတွင်း ဓနိချပ်ရေအများအပြားကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲ ကောင်းပါတယ်။ မေလထဲမှာ ရန်ကုန်ဈေးကွက်က ဓနိချပ်တွေ ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ဝယ်ယူမှုအားကောင်းခဲ့တဲ့အတွက် ဒေသခံ ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဖျာပုံမြို့နယ်မှ ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထိုသို့ ဓနိချပ်များဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ပိုင်ရန်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပိုင်ရန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းက ပိုင်ရန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ မိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပိုင်ရန်းကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# စလင်းမြို့နယ် ငွေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ဖောင်းလင်းကျေးရွာအုပ်စု ငွေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငွေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၈၅ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ငွေတောင်ကျေးရွာ၌ ယခု ဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ် ၄၄ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

# ကွန်ဟိန်းမြို့နယ် လွယ်ဆိုင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကွန်ဟိန်း ဇွန် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ပတ်ကျေးရွာအုပ်စု လွယ်ဆိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



➤ စာမျက်နှာ ၂၆ မှအဆက်

တွေ့ရှိရသည်။ ထို့ပြင် စာသားအတွင်း နဘေကာရန်ကို ပထမဦးဆုံး အသုံးပြုထားသည်ကို တွေ့ရသည်။ "သကျမဥ္ဇူ"ချီရတုတွင် "ခြောက်ထွေရရောင်တောက်၊ ငါးမာရ်ဖျောက်ကို၊ မလျောက်ဝံ့ထွေ၊ ကြောက်ရွံ့နေလည်း"ဟူ၍ဖြစ်သည်။ စကားလုံးဆင့်သုံးသည်ကိုလည်း ဖွဲ့ဆိုထားပြီး "လွှတ်ဦးသဘင်"ချီရတုတွင် "ပတ်ပတ်ဝန်းဝန်း၊ ဆန်းဆန်းထူးထူး၊ မူးမူးလည်အောင်"ဟုစပ်ဆိုထားသည်။ စကားလုံး၏အဓိပ္ပာယ်အင်အားနှင့် အသံအင်အားတို့ကို အသုံးပြုထားပုံကို "ပေါ်နွေလလျှင်"ချီရတုတွင် "တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့်၊ ပျံ့ပျူးချပ်ထိုင်း၊ မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း"ဟုစပ်ဆိုထားသည်။

**စစ်ထွက်ယောကျ်ား**

နတ်သျှင်နောင်သည် ဆယ်ကျော်သက်အရွယ်ကပင် စစ်မြေပြင်သို့ ချီတက်စစ်ဆင်ခဲ့ရပေသည်။ ခား၊ လှံ၊ လက်နက်ဆင်ရေးမြင်းရေးတို့တွင် အထူးကျွမ်းကျင်ပြီး ဆင်ဖြင့်စီးချင်းထိုး တိုက်စစ်ဆင်လေ့ရှိသည်ကို တွေ့ရသည်။ တောင်ငူမင်းအဖြစ်ဆက်ခံပြီး တစ်နှစ်ခန့်အကြာတွင် အနောက်ဘက်လွန်မင်းက စစ်ပြုသည်ကို မြင်းဆင်မစီးနိုင်သည့် အနာဖြစ်နေသည်ကတစ်ကြောင်း၊ ဘထွေးတော်၊ ညီတော်များနှင့် ရဟန်းတော်များ၏ တောင်းပန်မှုကြောင့်တစ်ကြောင်း အလျှော့ပေးအညံ့ခံခဲ့ရာမှ သန်လျင်စားဇေကာနှင့်ပေါင်း၍ လူလက်နက်အကူညီရရန် စီစဉ်ဆောင်ရွက်ဆဲတွင် သန်လျင်ကိုစီးနင်းတိုက်ခိုက်ခံရပြီး အနောက်ဘက်လွန်မင်း၏ ကွပ်မျက်ခြင်းကိုခံခဲ့ရသည်။ နတ်သျှင်နောင်သည် ဂီတအနုပညာစာပေဘက်တွင်သာမက ဂူလီခေါ်သည့်အားကစားဘက်နှင့် စစ်ဘက်ရေးရာတွင်ပါ ဘက်စုံထူးချွန်သည့် ဘုရင့်နောင်အနွယ် ရှေးမြန်မာဘုရင်တစ်ပါးဖြစ်ပေသည်။ သို့ပါ၍ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀ ခန့်က နတ်သျှင်နောင်၏ ရတုကဗျာစာပေလင်္ကာများတို့ကို ထပ်မံစိစစ်ရှာဖွေခြင်းနှင့် ရှိပြီးကဗျာအမွေအနှစ်အထောက်အထားများ မပျောက်မပျက်အောင်ထိန်းသိမ်းထားရှိသင့်သည်မှာ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

၁။ ရခိုင်အရှင်သီလဝံသ၏ ကဝိကဏ္ဍပါသကျမ်း။

၂။ ပုဂံဝန်ထောက်မင်းဦးတင်၏ ကဗျာဗန္ဓသာရကျမ်း။

၃။ ဦးတိုး၏ ဆွတ်ပျံ့ဖွယ်အောင်ရတုအဖြေ။

၄။ မောင်သာနိုး၏ ဂန္ထဝင်မြန်မာကဗျာ။

# ဂရိတောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အား ၁၀၀ ကျော်စေလွှတ်ထား



**အေသင် ဇွန် ၂၃**

ဂရိနိုင်ငံ ချီအိုစ်ကျွန်းတွင် ဇွန်လ ၂၂ ရက်က တောမီးပြင်းထန်စွာလောင်ကျွမ်းခဲ့ရာ တောမီးအမြန်ဆုံး ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အား ၁၀၀ ကျော် စေလွှတ်ထားကြောင်း ဂရိမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ချီအိုစ်ကျွန်းသည် ဂရိနိုင်ငံတွင်ရှိသည့်ကျွန်းများအနက် ပဉ္စမမြောက် အကြီးဆုံးကျွန်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာအနီးမှ ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုလည်း ရယူထားကြောင်း၊ လေတိုက်နှုန်း မြင့်မားလာသည့်အတွက်ကြောင့် တောမီးလောင်ကျွမ်းမှုသည် အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိသွားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး တောမီးလောင်ကျွမ်းသည့် အဓိကအကြောင်းရင်းကို စုံစမ်းစစ်ဆေးရန်အတွက်လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စေလွှတ်ထားကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ချီအိုစ်ကျွန်းမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပါတယ်။ တောမီးဟာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့ အဆင့်ကိုရောက်ရှိခဲ့ပြီးတော့ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်ကို သင်္ဘောနဲ့ စေလွှတ်ထားပါတယ်။ လေကြောင်းအကူအညီကိုလဲ ရယူထားပါတယ်"ဟု ဂရိမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အီကွေဒေါ်နိုင်ငံ ကမ်းရိုးတန်းအနီး ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့

**ကွီတို ဇွန် ၂၃**

အီကွေဒေါ်နိုင်ငံ ကမ်းရိုးတန်းအနီး ဇွန် ၂၁ရက်က ပြင်းအား ၅ ဒသမ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဂျာမန်ဘူမိသိပ္ပံပညာဌာန(GFZ)က ပြောကြားခဲ့သည်ဟု ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။



ငလျင်သည် အီကွေဒေါ်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ဂွာရာကွေးမြို့၏ အနက် ၄၄ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့် ဓာတ်တိုင်တချို့လည်း ပြိုလဲခဲ့ကြောင်း၊ လက်ရှိတွင် အန္တရာယ်ရှိသော အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူများလည်းရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေးများကိုဆောင်ရွက်နေကြောင်း၊ လတ်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြို့၏ အဓိကမြို့ပြစနစ်များသည် ပုံမှန်အတိုင်းလည်ပတ်နိုင်ရေး၊ အများပြည်သူဘေးကင်းရေးအတွက် ငလျင်ဘေးကင်းရေးစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း ဂွာရာကွေးမြို့၏ မြို့တော်ဝန် အယ်ဗာရက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်တွင် လေဆင်နှာမောင်း နှစ်ကြိမ်ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ECCC က ထုတ်ပြန်

**အော့တဝါ ဇွန် ၂၃**

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် တောင်ဘက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဇွန် ၂၂ ရက်က အားကောင်းသည့် လေဆင်နှာမောင်းနှစ်ကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ကနေဒါရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့အစည်း(ECCC) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းကြောင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ကိုင်းများ ကျိုးကျခဲ့သည့်အပြင် သစ်ပင်ကြီးတချို့လဲကျခဲ့သောကြောင့် လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ နေအိမ်အမိုးပေါ်သို့ သစ်ကိုင်းများကျိုးကျရာမှ အိမ်ခေါင်မိုးများပျက်စီးခြင်း၊ မော်တော်ယာဉ်များပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ လေဆင်နှာမောင်းသည် ကွီဘက်ပြည်နယ်အလယ်ပိုင်းရှိ လီဖက်ဗရီမြို့တွင် ဇွန် ၂၂ ရက် ညနေ ၃ နာရီ ၂၀ မိနစ်တွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေဆင်နှာမောင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ ၁၁၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း၊ ထို့ပြင် ကွီဘက်ပြည်နယ် တောင်ဘက် ပိုင်း ဒန်ဗီးလ်မြို့တွင် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ဒုတိယအကြိမ် တိုက်ခတ်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်နာရီ ၁၅၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း ECCC က ထုတ်ပြန်ခဲ့သည်။

"ကွီဘက်ပြည်နယ် အလယ်ပိုင်းဒေသဖြစ်တဲ့ လီဖက်ဗရီမြို့နဲ့ တောင်ဘက်ပိုင်းဒေသ ဖြစ်တဲ့ ဒန်ဗီးလ်မြို့တို့မှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်သွားခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် လေတိုက်နှုန်းဟာ လီဖက်ဗရီမြို့မှာ တစ်နာရီ ၁၁၅ ကီလိုမီတာနှုန်း၊ ဒန်ဗီးလ်မြို့မှာ တစ်နာရီ ၁၅၅ ကီလိုမီတာနှုန်းနဲ့ တိုက်ခတ်ခဲ့ရာ လူနေအိမ်ခြေတချို့နဲ့ အခြေခံ အဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်နှင့် ကနေဒါရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဖွဲ့ အစည်း (ECCC)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# တရုတ်နိုင်ငံတောင်ပိုင်း ရေကြီးမှုပြင်းထန်ခဲ့သော ကွမ်တုံးပြည်နယ်တွင် လျှပ်စစ်ဓာတ်အားအပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေ

**ပေကျင်း ဇွန် ၂၃**

တရုတ်နိုင်ငံ တောင်ပိုင်း ရေကြီးမှုပြင်းထန်ခဲ့သော ကွမ်တုံးပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအပါအဝင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ပြည်နယ်အာဏာပိုင်များက ဇွန် ၂၂ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ တောင်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ရေလွှမ်းမိုးမှု ဒဏ်ခံခဲ့ရသည့် တောင်ပိုင်းပြည်နယ်များထဲတွင် ကွမ်တုံးပြည်နယ်သည် အပြင်းထန်ဆုံးဖြစ်ကြောင်း၊ ကွမ်တုံးပြည်နယ် Huaiji မြို့တွင် ဇွန် ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုသည် ပြည်နယ်သမိုင်းတစ်လျှောက်တွင် အပြင်းထန်ဆုံးဖြစ်ကာ လက်ရှိအချိန်တွင် ဒေသခံပြည်သူ သုံးသိန်းနီးပါး ရေဘေးဒဏ်ခံခဲ့ရပြီး လူပေါင်း ၇၀၀၀၀ ခန့်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ကွမ်တုံးပြည်နယ်တွင် ရေကြီးမှုကြောင့် နေအိမ်များပျက်စီးကာ လမ်းများပိတ်ဆို့မှုကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားများပြတ်တောက်ခဲ့သည့် နေအိမ်များကိုလည်း လျှပ်စစ်မီးအမြန်ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ရခြင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဆိုးရွားစွာပျက်စီးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဇွန် ၂၂ ရက်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ပြန်လည်ဖြန့်ဝေနိုင်ခဲ့ပြီဖြစ်ကြောင်း China Southern Power Grid Co., Ltd. (CSG) ၏ ကွမ်တုံးပြည်နယ်ဌာနခွဲမှ တာဝန်ရှိသူ လက်ထောက်အထွေထွေမန်နေဂျာ လီယန်ပေါ်က ပြောကြားခဲ့သည်။

လက်ရှိတွင် ကွမ်တုံးပြည်နယ် အရေးပေါ် စီမံခန့်ခွဲမှုဌာနသည် ပြည်နယ်ရှိ အဓိကရေဘေးသင့်မြို့များနှင့် ကျေးရွာများသို့ ယွမ် ၂ ဒသမ ၃၇ သန်းခန့်တန်ဖိုးရှိ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ရထားယာဉ်ဖြင့် ခွဲဝေပို့ဆောင်ပေးခဲ့ကြောင်း အာဏာပိုင်များထံမှ သိရသည်။

Ref : Sputnik News
Trs : KZ

# ပိုဟုဝါတိုခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သဖြင့် ကယ်ဆယ်ရေးဝန်ထမ်းအင်အားအမြောက်အမြား စေလွှတ်ပေးထား

**ဂျကာတာ ဇွန် ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဂိုရွန်တာလိုစီရင်စု ပိုဟုဝါတိုခရိုင်တွင် ဇွန်လ ၂၀ ရက်နေ့မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ဇွန် ၂၂ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သဖြင့် ကယ်ဆယ်ရေးဝန်ထမ်း အမြောက်အမြားကို စေလွှတ်ပေးထားကြောင်း အင်ဒိုနီးရှား လူမှုဝန်ထမ်းဝန်ကြီးဌာန (MSA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အများရှိနေပြီး ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးထားကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ရွှေ့ပြောင်းနေထိုင်နေရသည့် ရေဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော အသုံးအဆောင်၊ အစားအသောက်နှင့် ဆေးဝါးများကိုလည်း အင်ဒိုနီးရှားလူမှုဝန်ထမ်းဝန်ကြီးဌာန(MSA)က ထုတ်ပြန်ခဲ့သည်။

"ပိုဟုဝါတိုခရိုင်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပြီး အန္တရာယ်ရှိတဲ့ သဘာဝဘေးဒဏ်ဖြစ်တဲ့အတွက်ကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်။ ယာယီကယ်ဆယ်ရေးစခန်းမှာနေရာချပေးထားပါတယ်။ ကယ်ဆယ်ရေး လုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းအင်အားအမြောက်အမြားစေလွှတ်ပေးထားပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေအတွက် လိုအပ်တဲ့ ကူညီပံ့ပိုးရေးပစ္စည်းတွေကိုလဲ ဝန်ကြီးဌာနအနေနဲ့ ပေးပို့ထားပါတယ်"ဟု အင်ဒိုနီးရှား လူမှုဝန်ထမ်းဝန်ကြီး ဆိုင်ဖူလာယူဆက်ဖ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တိုက်စွမ်းအားမြင့်မားသော ဒုံးလက်နက်စနစ်များ အပိုင်း(၁)

ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS)များသည် ခေတ်မီအမြောက်စစ်ဆင်ရေး၏ အခြေခံဖြစ်သောကြောင့် ပြိုင်ဘက်ကင်းပစ်စွမ်းအား၊ ဘက်စုံအသုံးပြုနိုင်မှုနှင့် ရွေ့လျားစစ်ကစားနိုင်မှုတို့ကို ကမ်းလှမ်းပေးလျက်ရှိသည်။ အဆိုပါစနစ်များသည် ကျယ်ပြန့်သောနယ်ပယ်များတွင် ရန်သူကို ဟန့်တားပြီး တရစပ်ပစ်ခတ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသောကြောင့် စစ်ဘက်စစ်ဆင်ရေးများ၏ ထိရောက်မှုကို သိသိသာသာမြှင့်တင်ပေးနိုင်သည်။ လော်ရီကားများနှင့် သံချပ်ကာယာဉ်များကဲ့သို့သော ရွေ့ပြောင်းသယ်ဆောင်နိုင်သည့် ယာဉ်များပေါ်၌တင်ထားသော ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) များကို လျင်မြန်စွာ တပ်ဖြန့်ချထားနိုင်သောကြောင့် အမျိုးမျိုးသော တိုက်ပွဲအခြေအနေများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS)၏ အဓိကစွမ်းဆောင်နိုင်မှုသည် ကျည်ထိပ်ဖူးများစွာကို တစ်ပြိုင်တည်းပစ်ခတ်နိုင်ခြင်းနှင့် ရုတ်ခြည်းဆက်တိုက်ပစ်ခတ်နိုင်သောကြောင့် ရန်သူ့ကာကွယ်ရေးကို လွှမ်းမိုးနိုင်သည်ထိ သက်ရောက်မှုရှိစေမည်ဖြစ်သည်။ စနစ်တစ်ခုစီတွင် ပစ်လွှတ်ယာဉ်၊ ဒုံးကျည်ထည့်သောပြွန်များ၊ ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်နှင့် ကျည်ထိပ်ဖူးများစသည့် အစိတ်အပိုင်းများပါဝင်သည်။ ဘီးတပ် သို့မဟုတ် ချိန်းတပ်ယာဉ်များဖြစ်သော ပစ်လွှတ်ရေးယာဉ်သည် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS)ပို့ဆောင်ရန်နှင့် တပ်ဖြန့်ချထားရန်ပင်ဖြစ်သည်။ ပစ်လွှတ်ရေးစက်ကိရိယာအတွင်းသို့ အလျင်အမြန် ကျည်ထိုးနိုင်သော ဒုံးပစ်လွှတ်ရေးပြွန်များသည် ဒုံးကျည်ထိပ်ဖူးများစွာကို ထည့်ထားနိုင်သောကြောင့် စဉ်ဆက်မပြတ်ပစ်ခတ်မှုစွမ်းဆောင်ရည်များ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်သည် ပစ်မှတ်တိကျမှုနှင့် ပေါင်းစပ်ပစ်ခတ်မှုစနစ်ခိုင်မာသေချာစေမည်ဖြစ်သည်။ တိကျသော ဒုံးကျည်ထိပ်ဖူးများနှင့် အစုလိုက်အပြုံလိုက်ခဲယမ်းများကဲ့သို့သော ဒုံးကျည်ထိပ်ဖူးများစွာတပ်ဆင်ထားသည့် ဒုံးလက်နက်သည် ဟန့်တားနှောင့်ယှက်မှုစွမ်းဆောင်ရည်များ မြင့်တက်လာစေသည်။

ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS)၏ ပစ်ခတ်မှုလုပ်ငန်းစဉ်သည် ကျည်ထိပ်ဖူးထည့်ထားသော ဒုံးလွှတ်ပြွန်များကို ပစ်ခတ်မှုစက်ကိရိယာအတွင်းသို့ ထည့်ခြင်းဖြင့်စတင်သည်။ ကျည်ထိုးပြီးလျှင်ပြီးခြင်း ကိုင်တွယ်သူများသည် ရေဒါ၊ ဒရုန်းနှင့် ရှေ့တန်းအကဲကြည့်ကဲ့သို့သော အရင်းအမြစ်များမှရရှိသည့် အချက်အလက်များဖြင့် ပစ်မှတ်ချိန်ရွယ်ရန် အဆင့်မြင့်ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်များကို အသုံးပြုမည်ဖြစ်သည်။ အမိန့်ပေးမှုအပေါ်မူတည်၍ ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) စနစ်သည် ဒုံးကျည်များကို ပစ်ခတ်မည်ဖြစ်သည့်အတွက် သတ်မှတ်ပစ်မှတ်နေရာအပေါ် စွမ်းအားမြင့်မားသည့် ထိရောက်သော တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ၏ အကျိုးကျေးဇူးများအနက် တစ်ခုသည် ပစ်မှတ်တိကျမှု စွမ်းဆောင်ရည်ဖြစ်သောကြောင့် ရန်သူ၏ခြေရာခံမှုနှင့် တန်ပြန်တိုက်ခိုက်လာမှုများကို ရှောင်ရှားနိုင်ရန် ဒုံးကျည်များကို လျင်မြန်စွာ ပစ်ခတ်နိုင်ပြီး အလျင်အမြန်နေရာချထားနိုင်မည်ဖြစ်သည်။

ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS)သည် စစ်မြေပြင်တွင် ထူးခြားသည့် အားသာချက်များ ကမ်းလှမ်းထားရှိသည်။ စွမ်းအားမြင့်မားသောပစ်အားသည် အချိန်တိုအတွင်း ဒုံးကျည်ထိပ်ဖူးများစွာ ပစ်ခတ်နိုင်စွမ်းရှိစေမည်ဖြစ်သောကြောင့် ရန်သူ့နေရာများကို ပျက်စီးဆုံးရှုံးမှုကြီးမားစေမည်ဖြစ်သည်။ အဆိုပါ စနစ်များရွှေ့ပြောင်းနိုင်မှုသည် လျင်မြန်စွာတပ်ဖြန့်ချထားခြင်းနှင့် နေရာပြန်လည်ယူခြင်းတို့ကို လုပ်ဆောင်နိုင်သဖြင့် ပြောင်းလဲဖြစ်ပေါ်နေသော တိုက်ပွဲအခြေအနေများတွင်



K239 Chunmoo ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ကိုတွေ့ရစဉ်။

ဘက်စုံအသုံးပြုနိုင်မှုကို တိုးတက်စေမည်ဖြစ်သည်။ ထို့ပြင် ဒုံးနှင့်ကျည်ထိပ်ဖူးအမျိုးမျိုးတပ်ဆင်နိုင်ခြင်းသည် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS)ကို ထိုးစစ်စစ်ဆင်ရေးများနှင့်ခံစစ် အထောက်အကူပြုမှုထိ မစ်ရှင်အမျိုးမျိုးကို ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

လက်တွေ့အသုံးပြုရာ၌လည်း ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS)များကို ကျယ်ပြန့်လှသော စစ်ဆင်ရေးများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ထိုးစစ်ဆင်နွှဲရာ၌ ၎င်းစနစ်များသည် ရန်သူ့တပ်များကို ထိုးဖောက်နိုင်ပြီး ခံစစ်စခန်းများကို ဖျက်ဆီးနိုင်သည့်ပစ်စွမ်းအားများ ပိုင်ဆိုင်ထားရှိသည်။ ခံစစ်အခြေအနေများတွင်လည်း ၎င်းစနစ်များသည် ရန်သူ့ထိုးစစ်အဟုန်ကျဆင်းစေရန်နှင့် တန်ပြန်တိုက်ခိုက်မှုများလုပ်ဆောင်ရန် အထောက်အကူပေးနိုင်မည်ဖြစ်သည်။ ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) သည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေး ထိုးဖောက်မှု (SEAD) စစ်ဆင်ရေးများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသောကြောင့် မိတ်ဖက်လေယာဉ်များ ဘေးကင်းလုံခြုံစွာ စစ်ဆင်နိုင်ရန် ရန်သူ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို စွမ်းဆောင်ရည်ကင်းမဲ့အောင် ပစ်မှတ်ထားတိုက်ခိုက်နိုင်သည်။ ထို့ပြင် ၎င်းစနစ်များသည် မိမိတပ်ဖွဲ့များအနီးရှိ ရန်သူ့တပ်ဖွဲ့များနှင့်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြင့် မြေပြင်တပ်ဖွဲ့များကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ကိုရီးယားနိုင်ငံထုတ် Chunmoo စနစ်**

တောင်ကိုရီးယားနိုင်ငံထုတ် K239 Chunmoo ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) သည် အဆင့်မြင့်စွမ်းဆောင်ရည်များနှင့် မဟာဗျူဟာမြောက် အားသာချက်များကြောင့် လွန်ခဲ့သောနှစ်များအတွင်း အာရုံစိုက်မှုနှင့်အသိအမှတ်ပြုမှုများရရှိထားသည်။ အရှေ့အာရှနိုင်ငံ၏ Hanwha Aero space က သုတေသနပြုထုတ်လုပ်ထားသော K239 Chunmoo သည် စွယ်စုံအသုံးပြုနိုင်ပြီး သက်တမ်းရင့် K136 Kooryong စနစ်နေရာတွင် အစားထိုးရန် ဒီဇိုင်းရေးဆွဲထားသည့် မော်ကျူလာဒုံးလက်နက်စနစ်ပင်ဖြစ်သည်။

တောင်ကိုရီးယားစစ်ဘက်သည် ၂၀၁၉ ခုနှစ်တွင် K239 Chunmoo ကို ပထမဆုံးတပ်ဖြန့်ချထားခဲ့သောကြောင့် တိုင်းပြည်၏ အမြောက်စွမ်းဆောင်ရည်များကို သိသိသာသာ အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။ ၎င်းစနစ်သည် မီလီမီတာ ၁၃၀၊ ၂၂၇ မီလီမီတာနှင့် ၂၃၉ မီလီမီတာ ကျည်ထိပ်ဖူးများအပါအဝင် အမျိုးမျိုးသော ကျည်ထိပ်ဖူးများနှင့် ပစ်ခတ်နိုင်စွမ်းရှိစေမည်ဖြစ်သည့်အပြင် ကီလိုမီတာ ၂၉၀ ထိ ရောက်ရှိပစ်ခတ်နိုင်သော CTM-290 နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်နှင့်လည်း ပစ်ခတ်နိုင်မည်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း ထူးခြားထင်ရှားသောမှတ်တမ်းများအနက်မှ တစ်ခုသည် K239 Chunmoo ကို ပိုလန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) သို့ တင်ပို့ခဲ့ခြင်းပင်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ပိုလန်သည် K239 Chunmoo ဝယ်ယူရန် ကန်ထရိုက်တစ်ရပ်လက်မှတ်ရေးထိုးခဲ့သောကြောင့် အဆင့်မြင့်အမြောက်လက်နက်စနစ် အသုံးပြုသည့် ပထမဆုံးသော ဥရောပနိုင်ငံဖြစ်လာခဲ့သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) အနေဖြင့်လည်း K239 စနစ်မျိုးဝယ်ယူခဲ့သောကြောင့် နောက်ဆုံးပေါ်ကာကွယ်ရေးနည်းပညာတွင် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ပိုမိုရင်းနှီးမြှုပ်နှံလာမှုအလားအလာကို ထင်ဟပ်စေလျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် K239 Chunmoo ကို ဆော်ဒီအာရေဗျနိုင်ငံ၌လည်း တွေ့ရှိခဲ့သဖြင့် ပိုမိုလူသိများထင်ရှားလာခဲ့သည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် တောင်ကိုရီးယားစစ်ဘက်နည်းပညာများ ပိုမိုထိုးဖောက်ရောက်ရှိလာမှုကို ထင်ဟပ်လာစေခဲ့သည်။ K239 Chunmoo ကို ဆော်ဒီအာရေဗျနိုင်ငံ၏ ဝယ်ယူမှုသည် တောင်ကိုရီးယားနိုင်ငံနှင့်မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးနှင့် စစ်ဘက်ဆိုင်ရာကိုယ်ပိုင်ရပ်တည်ချက် ပိုမိုမြှင့်တင်ရန် ကြိုးပမ်းမှုများကို ထင်ဟပ်ပေါ်လွင်လာလျက်ရှိသည်။ အဆိုပါတင်ပို့မှုများသည် ကမ္ဘာလုံးဆိုင်ရာ ဝယ်လက်ဖောက်သည်များရရှိမှုနှင့် နိုင်ငံတကာကာကွယ်ရေးပစ္စည်းဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို မီးမောင်းထိုးပြသလျက်ရှိသည်။ ၎င်းစနစ်၏ အဆင့်မြင့်စွမ်းဆောင်ရည်များနှင့် လိုက်လျောညီထွေတာဝန်ထမ်းဆောင်နိုင်မှုတို့သည် ကာကွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန်ကြိုးပမ်းနေသောနိုင်ငံများအတွက် ရွေးချယ်ရန် အကောင်းဆုံးလက်နက်စနစ်ပင်ဖြစ်သည်။

မကြာသေးမီက ဖွံ့ဖြိုးတိုးတက်လာမှုသည် မလေးရှားကာကွယ်ရေးဈေးကွက်အတွင်းသို့ K239 Chunmoo ဝင်ရောက်လာမှုအလားအလာပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ် မေလတွင် Hanwha Aerospace သည် မလေးရှားကြည်းတပ်၏ အနာဂတ်စစ်လက်နက်ပစ္စည်းဝယ်ယူမှု၌ K239 Chunmoo များ ထောက်ပံ့ပေးရန်အတွက် မလေးရှားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Widad Business Group နှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီချက်ကို ကွာလာလမ်ပူမြို့၌ ပြုလုပ်သည့် ၂၀၂၄ ခုနှစ် ကာကွယ်ရေးပစ္စည်းပြပွဲနှင့် ကွန်ဖရန့်တို့၌ တရားဝင်အတည်ပြုခဲ့သည်။

မလေးရှားနိုင်ငံသည် ဘရာဇီးနိုင်ငံမှဝယ်ယူထားသည့် သက်တမ်းရင့် Astros II စနစ် ၃၆ ခုနေရာ၌ ၂၀၂၆ ခုနှစ်တွင် အဆင့်မြင့်ဒုံးပစ်ခတ်မှုစနစ်များ၊ အထောက်အကူပြုယာဉ်များဖြင့် အစားထိုးသွားရန် စီစဉ်ထားရှိသည်။ စစ်လက်နက်ပစ္စည်းများဝယ်ယူရေးနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ် ဒုတိယ လေးလပတ်ကာလတွင် လေလံဆွဲသူများထံမှ နောက်ဆုံးအဆိုပြုချက်တောင်းခံသွားရန် အစီအစဉ်ရေးဆွဲထားရှိသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် K239 Chunmoo သည် မလေးရှားအမြောက်စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခဲ့သည်။ အကြောင်းမှာ မလေးရှားနိုင်ငံအနေဖြင့် ၎င်း၏အမြောက်စွမ်းဆောင်ရည်များကို တိုးမြှင့်လျက်ရှိသောကြောင့်ပင်ဖြစ်သည်။ အဆိုပါစာချုပ်သည် K239 Chunmoo စနစ်၏ လူသိများကျော်ကြားလာမှုနှင့် နိုင်ငံများစွာတွင် ပြောင်းလဲဖြစ်ပေါ်လာသော ကာကွယ်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် မီးမောင်းထိုးပြသလျက်ရှိသည်။

**ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ဝယ်ယူနေသောဖိလစ်ပိုင်**

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ဖိလစ်ပိုင်နိုင်ငံသည် စစ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန် တက်ကြွစွာလုပ်ဆောင်လျက်ရှိပြီး အထူးသဖြင့် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) နယ်ပယ်များတွင် အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ အဆိုပါ ကြိုးပမ်းမှုများသည် ဖိလစ်ပိုင်တပ်မတော် (AFP) ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရေးအစီအစဉ်၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ ၎င်းအစီအစဉ်သည် တိုင်းပြည်၏ ကာကွယ်ရေး အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန်နှင့် အမျိုးမျိုးသောစိန်ခေါ်မှုများ ဖြေရှင်းရာတွင် အသင့်ဖြစ်မှုသေချာစေရန် ရည်မှန်းထားရှိသည်။

**ကိုးကား**

- Firepower, Versatility, Mobility By MLRS by Asian Defense Journal.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

## အသိပေးမေတ္တာရပ်ခံခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မန္တလေးမြေငလျင်ကြောင့်
ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊
ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို
သီတဂူဆရာတော်ကြီးဦးစီး၍ ပြုပြင်ဆောင်ရွက်လျက်ရှိရာ
စေတီတော်ကြီး၏မှတ်တမ်းများ
ပြည့်စုံစွာမှတ်တမ်းတင်ထားရှိနိုင်ရေးအတွက်
ခေတ်အဆက်ဆက် မှတ်တမ်းနှင့် ဓာတ်ပုံများရှိပါက
အောက်ပါဖုန်းနံပါတ်များသို့
ဆက်သွယ်ပေးပို့ပေးပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

ဂေါပကအဖွဲ့
ဆွမ်းဦးပုညရှင်စေတီတော်၊ စစ်ကိုင်းမြို့။

ဥက္ကဋ္ဌ : ၀၉-၂၁၃၀၁၀၆ အတွင်းရေးမှူး : ၀၉-၄၀၀၅၃၂၇၇၃
ဘဏ္ဍာရေးမှူး : ၀၉-၂၅၆၀၅၃၁၉၄ ရုံးအဖွဲ့မှူး : ၀၉-၇၉၈၇၆၁၀၂၅

## အသိပေးမေတ္တာရပ်ခံခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မန္တလေးမြေငလျင်ကြောင့်
ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်ရှိ
ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီးကို
သီတဂူဆရာတော်ကြီးဦးစီး၍ ပြုပြင်ဆောင်ရွက်လျက်ရှိရာ
စေတီတော်ကြီး၏မှတ်တမ်းများ
ပြည့်စုံစွာမှတ်တမ်းတင်ထားရှိနိုင်ရေးအတွက်
ခေတ်အဆက်ဆက် မှတ်တမ်းနှင့် ဓာတ်ပုံများရှိပါက
အောက်ပါဖုန်းနံပါတ်များသို့
ဆက်သွယ်ပေးပို့ပေးပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

ဂေါပကအဖွဲ့
ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီး၊ စစ်ကိုင်းမြို့။

ဥက္ကဋ္ဌ : ၀၉-၇၇၉၁၈၀၄၈၆ ဒုဥက္ကဋ္ဌ : ၀၉-၇၉၈၆၉၅၀၃၀
အတွင်းရေးမှူး : ၀၉-၄၄၄၀၀၁၉၃၁ ဘဏ္ဍာရေးမှူး : ၀၉-၄၂၅၀၀၃၄၆၂



**အဖိုးတန် ရေချိုကို ချွေတာပါ**


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်


**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**


# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၅၇ ဧက စိုက်ပျိုးရန် အတွက် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ခရမ်းချဉ်စတဲ့ သီးနှံတွေဖြစ်ပါတယ်။ တောင်သူတွေ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် နည်းပညာပေးတယ်။ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝဓာတ်မြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို တစ်ဧကပန်းတိုင် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ချောက်မြို့နယ် ပန်းဘဲ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းဘဲ(တ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပန်းဘဲ(တ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအသင်းဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပန်းဘဲ(တ)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၃ သောမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ သောမ ၁၅ သန်း၊ အခြားအသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး အတွက် ငွေကျပ် ၃ သောမ ၅ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၇ ဦးအတွက် ငွေကျပ် ၁၉ သောမ ၃၅ သန်းကို ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အိပိုးပိုး


**စာပေမြင့်မှ လူမျိုးတင့်မည်**











“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုင်းကျော်စိုး (မ) စိုင်းစိုးဟိန်း(၁၃/ကမန(နိုင်)၀၀၀၇၂၁)၏သား မောင်စိုင်းစိုင်းစွမ်ဆိုင်အား မောင်စိုင်းစွမ်ဆိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုင်းစွမ်ဆိုင်(၁၃/လလန(နိုင်)၁၃၂၁၄၃)

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့၊ အထက-ပလိပ်၊ Grade-12 တွင် ပညာသင် ကြားနေသော မောင်ချမ်းငြိမ်း၏ဖခင်အမည်မှန်မှာ ဦးဇင်မင်းထူးဖြစ်ပါကြောင်း။

ဦးဇင်မင်းထူး
(၉/စကတ(နိုင်)၀၉၂၆၄၆)

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ နောင်ခမ်းကြီး၊ ရပ်ကွက်ကြီး (၁၀)နေ မြင့်ဇော်(ဘ) ဦးရှော်ချန်(၁/မညန(နိုင်)၁၅၇၇၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၆၈၁၅၀၉

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၂၃၊ သံ၊ ရွှေ့ရပ်နေ ကိုကျော်စိုးမိုး (ဘ) ဦးစိန်ဖေ(၉/မနတ(နိုင်)၀၀၀၂၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-165810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၈၅၄၆၁၈၅

**လျှပ်စစ်မီးကို ချွေတာပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အားကစားယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန် အလွန်အရေးကြီး...**

❖ **လူတိုင်းဘဝတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံ အရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့်စိတ်များနှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့် စိတ်မျိုးကို အားကစားစိတ်ဓာတ်က ရစေနိုင်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် ပဉ္စမ အကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## တရားမဝင် ခဲမဖြူသတ္တုများ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံး၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား

စာမျက်နှာ ၂၂ ကော်လံ ၁ ☆









သိန်းဦးဆိပ်ကမ်း၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပ




**တောင်ကြီး ဇွန် ၂၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်စက်ဘီးဆပ်ကော်မတီနှင့် AIA Myanmar အာမခံလုပ်ငန်းကုမ္ပဏီက အဓိကကူညီပံ့ပိုးပြီး ရှမ်းပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (SSYEA)တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောက်တိုင်အားကစားကွင်းမှနေ၍ စုရုံးတာလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူဆွေ၊ ရှမ်းပြည်နယ် စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ AIA Myanmar ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉